

ရင်မြတ်နိုး
ရေရှုပ်ရေးခြယ်သူ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၃၅၀၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၇၇၀၃၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံယဉ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဒွန်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရှင်မြတ်နိုး

ရေရှုပ်ရေးခြယ်သူ / ရှင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၈ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) ရေရှုပ်ရေးခြယ်သူ


တစ်ခါတစ်ရံမှာ…

ဘယ်အရာကို ကိုယ်အလိုချင်ဆုံးလဲဆိုတဲ့ တွေဝေစရာကောင်းတဲ့ မေးခွန်းမျိုးနဲ့ လူတိုင်းလိုလို တစ်ကြိမ်တစ်ခါတော့ ကြုံဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။

အဖြေပေးဖို့ ခက်ခဲလွန်းတဲ့ မေးခွန်းတစ်ခုပါပဲ။

ကျွန်မလေ…

တစ်ချိန်က မောင့်အချစ်တွေကိုသာ အလိုချင်ဆုံးပဲလို့ ထင်မိတယ်။

မောင့်အချစ်တွေကို ဆုံးရှုံးရရင် ကျွန်မရဲ့ကမ္ဘာကြီးပဲ ပျက်သုန်းသွားရမလိုလို၊ ဆောက်တည်ရာမရ ရှူးသွပ်သွားရတော့မလိုလို၊ ရှင်သန်လည်ပတ်နေမှုတွေအားလုံး ရပ်တန့်ပြီး သေဆုံးသွားရတော့မလိုလိုနဲ့ ဘဝတစ်သက်တာလုံးအတွက် မရှိရင်မဖြစ်တော့လောက်တဲ့အထိ အလိုအပ်ဆုံးပဲလို့ ထင်ခဲ့မိတယ်။

ဒါပေမယ့်…

အခုအချိန်မှာတော့ မောင် တိတိကျကျမေးလာရင် ဖြေစရာတစ်ခုတည်းရှိတယ်မောင်။

အဲဒီ အဖြေလေးကတော့…

xxxx

စိုးမိုး - စာပေ

## အခန်း (၁)

"ဟယ်…သတို့သမီးလေးက ချစ်စရာကောင်းလိုက်တာ"

ချီးမွမ်းသံတချို့ မင်္ဂလာပွဲသို့ ကြွရောက်လာကြသူများထံမှ ကြားလိုက်ရ၏။

မြိန့်မျက်နှာလေး မဲ့ခနဲဖြစ်သွားရသည်။ အံလေးကို တင်းတင်းလေးစေ့ကြိတ်ထားရ၏။ ငိုချင်စိတ်ထက် ဒေါသတွေသာ မြိန့်ရင်ထဲ အတိုင်းအဆမဲ့ ပေါက်ကွဲနေရတော့သည်။

"မောင်မုန်းမာန်က တော်သားပဲ၊ ဇနီးလှလှလေးကို တွေ့အောင်ရှာနိုင်တယ်နော်"

တော်တယ်တဲ့။

ဟုတ်တယ် ဒီစကားက အမှန်တရားပဲ။





ဦးမုန်းမာန် သိပ်တော်တယ်။

ချိုချိုမြိန့်ဆိုတဲ့ ကျွန်မကို မရရအောင် လက်ထပ်နိုင်ဖို့ ကြိုးစားခဲ့တဲ့ ဦးမုန်းမာန်ရဲ့ အရည်အချင်းက သိပ်ကိုတော်ပါပေတယ်ရှင်။

မြိန့်တစ်ယောက်တည်း အတွေးတွေနဲ့ နာကြည်းနေရသည်။ ဖြစ်နိုင်လျှင် မင်္ဂလာသတို့သမီးဂါဝန်လေးကို မပြီး ဒီမင်္ဂလာပွဲကြီးနဲ့ အဝေးဆုံးကို ပြေးထွက်သွားလိုက်ချင်၏။ မီးခိုးငွေ့လေးတစ်ခုလို မြိန့် ပျောက်ကွယ်လိုက်ချင်သည်။ မြိန့်ဆန္ဒတွေမပါဘဲ ကျင်းပခဲ့ရတဲ့ မင်္ဂလာပွဲလေးကနေ မြိန့် ပြေးထွက်သွားလိုက်ချင်မိ၏။

သို့သော်…

မြိန့်စိတ်ကူးတွေက ဘယ်လိုမှမဖြစ်နိုင်ပါ။

မြိန့်ခြေလှမ်းတွေ တစ်ချက်ကလေးမှ နောက်သို့ပြန်မလှည့်နိုင်ပါ။ သူမတစ်ခုခုလုပ်လိုက်မှာကို စိုးရိမ်ပူပန်သော မျက်ဝန်းလေးတွေနှင့် စောင့်ကြည့်နေသော အဖေနဲ့အမေရဲ့ မျက်နှာလေးတွေကို ငေးကြည့်ပြီး မြိန့်ရဲ့ဆန္ဒတွေအားလုံး အရည်ပျော်ကျသွားရသည်။

မောင်…

မောင်ဘယ်မှာလဲ။ မြိန့် မောင့်ကို အရမ်းတွေ့ချင်တာပဲ။

မြိန့်ရှိနေတဲ့ ဒီမင်္ဂလာခန်းမကြီးရဲ့ တစ်နေရာရာလေးမှာ မောင် တိတ်တဆိတ်နဲ့ ရှိနေမလား။ ကိုယ့်ချစ်သူကို အပြီးတိုင်

ဆုံးရှုံးရတော့မယ့် အခုလိုအချိန်မှာ မောင်ဘယ်လိုပုံစံလေးနဲ့ ရပ်တည် ဖို့ ကြိုးစားနေသလဲဟင်။

မြိန် သိချင်လိုက်တာ။

မောင်ရယ် မြိန်ကို ခွင့်မလွှတ်ပါနဲ့နော်။

မောင့်ကိုထားခဲ့ရက်တဲ့ ချစ်သူကို မောင် မုန်းပစ်လိုက်စမ်း ပါ။ မောင့်ရင်ထဲကနေ နာကြည်းပစ်လိုက်စမ်းပါကွယ်။ သစ္စာမရှိ တဲ့မိန်းမ၊ ကတိမတည်တဲ့ မိန်းမတစ်ယောက်ဆိုပြီး မောင် ခါးခါး သီးသီး မုန်းပစ်လိုက်စမ်းပါမောင်ရယ်။ မောင့်အမုန်းတွေကို ကျေနပ် စွာနဲ့ မြိန် ခံယူပါ့မယ်ရှင်။

"မြိန်"

ခေါ်သံက နူးညံ့ချိုသာနေပေမယ့် သူမနားစည်ထဲမှာတော့ သံရည်ပူပူများ လောင်းချခံရသလိုပင် စီးဝင်လာသည်။

ဦးမုန်းမာန်။

ဦးမုန်းမာန်ရဲ့ ခေါ်သံပဲ။

ဒီကနေ့ မင်္ဂလာပွဲကြီးရဲ့ သတို့သားလောင်း ဦးမုန်းမာန် ရဲ့ခေါ်သံပဲ။

မုန်းလိုက်တာ။

နားခါးလိုက်တာ။

မြိန် ကမ္ဘာပေါ်မှာ မကြားချင်ဆုံးအသံတစ်ခုပဲ။





"ကိုယ်ခေါ်နေတယ်လေ မြိန်၊ မကြားဘူးလား"

သူမ မကြားဟန်ဆောင်နေခြင်းကို တကယ်မကြားဘူးထင် ပြီး သူက ထပ်ခေါ်နေပြန်၏။

"ကြားသားပဲ၊ မထူးချင်လို့မထူးတာ ဦးမုန်း"

ဟင်။

မုန်းမာန်တစ်ယောက် မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရ သည်။ တည်တင်းသောမျက်နှာထား၊ အေးစက်မာကျောနေကာ ငိမ်းတောက်သည့် မျက်ဝန်းတစ်စုံရဲ့ အကြည့်အောက်တွင် မုန်းမာန် နှလုံးသွေးတို့ ရပ်တန့်သွားရချေပြီတည်း။

မြိန်ရယ်။

ပြောရက်လိုက်တာကွာ။

တကယ်ဆို အခုအချိန်မှာ အမှန်တရားတစ်ခုကို မြင်သင့် ပြီ မြိန်။

မြိန် ကိုယ့်ကိုမချစ်ဘူးဆိုတာ ကိုယ်သိပါတယ်။ ကိုယ့်ကို သတ်ချင်လောက်အောင် မုန်းတီးနေလိမ့်မယ်ဆိုတာ ကိုယ်သိပါတယ် မြိန်ရယ်။

ဒါပေမယ့် ကိုယ်ဘယ်လိုလုပ်ရမလဲမြိန်။

ကိုယ်က မြိန့်ကို အရမ်းချစ်နေမိတာလေ။

မြိန်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို စတွေ့လိုက်ရတဲ့

နေ့ကလေးမှာပဲ ကိုယ့်ရင်ထဲက နှလုံးသားတွေက သိပ်ချစ်တတ်သွားကြတာကွ။ အဲဒီစိတ်နဲ့ပဲ ကိုယ်ဘယ်လိုမှ နေလို့မရခဲ့ဘူး မြန်။ ချစ်ရမယ့်သူရှိနေပြီးသား ဖြစ်နေတဲ့ မိန်းကလေးကိုမှ ကိုယ်က အသည်းနှင့်အောင်ကို ချစ်မိသွားတာလေ။

ကိုယ်ဘယ်လိုဆုံးဖြတ်ရမလဲ မြန်။

မြန်ကို လက်လွှတ်ဆုံးရှုံးခံပြီး နောက်ကျသူတစ်ယောက်အဖြစ်နဲ့ပဲ ကိုယ်ဆက်ပြီး ရပ်တည်သွားရတော့မှာလား။

ဟင့်အင်း။

ကိုယ် အဲဒီလိုမလုပ်နိုင်ဘူး။

ကိုယ် မြန်ကို အဆုံးရှုံးမခံနိုင်ဘူး။

ကိုယ့်အချစ်က ရယူပိုင်ဆိုင်ချင်တဲ့အချစ်တွေပါ။ အတ္တကြီးတယ်ပဲပြောပြော၊ တစ်ကိုယ်ကောင်းဆန်တယ်လို့ပဲဆိုဆို ကိုယ်ကတော့ မြန့်ကို ကိုယ့်အနားမှာပဲ ထာဝရရှိနေစေချင်တယ်လေ။

အဲဒါ…

ကိုယ်မှားသွားလား မြန်။

မြန်ကို လက်ထပ်ပါရစေလို့ တောင်းဆိုခဲ့မှုက မှားလား မြန်ရယ်။

“ဒီမှာ ဦးမုန်း”





“ပြောပါ မြန်”

“ရှင့်ကို မြန် လုံးဝမချစ်ဘူးသိလား”

“မြန်ရယ်”

“ရှင်ပိုင်ဆိုင်တဲ့ဂုဏ်တွေ၊ ငွေတွေ၊ ဥစ္စာပစ္စည်းတွေနဲ့ မြန်ရဲ့ခန္ဓာကိုယ်ကိုပဲ ဝယ်လို့ရချင်ရမယ်၊ သိပ်ချစ်တတ်တဲ့ မြန်ရင်ထဲက ဖြူစင်တဲ့ချစ်ခြင်းတွေကိုတော့ ရှင်ဘယ်တော့မှ ရလိမ့်မယ် မထင်နဲ့။ အခုချိန်ထိ မောင်တစ်ယောက်ကလွဲပြီး မြန် ဘယ်ယောကျ်ားကိုမှ ချစ်လည်းမချစ်ဘူး။ ကျွန်မသိပ်ချစ်တာ ကျွန်မချစ်သူဇာမဏီပဲ ဦးမုန်း။ အဲဒါကို ရှင်မြဲမြဲမှတ်ထားလိုက်”

“အခုအချိန်မှာ မင်း အဲဒီလိုမျိုးပြောဖို့ မကောင်းပါဘူး မြန်၊ အရာအားလုံးကို ကိုယ်သိထားပေမယ့် အခုချိန်က ကိုယ်တို့ရဲ့ မင်္ဂလာချိန်လေ မြန်၊ ကျေးဇူးပြုပြီး မင်း ခဏလောက်တော့ ဟန်ဆောင်သင့်တာပေါ့ကွာ”

“ဟင်း…ဟင်း”

“မြန်”

ရယ်သံလွင်လွင်လေးက သူ့အတွက်တော့ သွေးပျက်ချောက်ချားစရာပါ။ ဧည့်ပရိသတ်တွေ အများကြီးရှေ့မှာ မြန် တစ်ခုခု လုပ်လိုက်မှာကို မုန်းမာန် အကြောက်ကြီးကြောက်နေမိသည်။

စီးပွားရေးလုပ်ငန်းရှင်ကြီး မုန်းမာန်။

အားလုံးရဲ့အထက်မှာ ခေါင်းမော့ရင်ကော့ပြီး မော်ကြွားနိုင်တဲ့ သူဌေးကြီး မုန်းမာန်ရဲ့ ဂုဏ်သိက္ခာတွေ။

အချိန်တိုတိုလေးအတွင်းမှာ အောက်ဆုံးကိုကျရောက်သွားနိုင်သည်လေ။ အဲဒါတွေအားလုံး မြိန်လက်ထဲမှာပဲ ရှိနေတာပါ။

မြိန်… မင်းမလုပ်လိုက်ပါနဲ့နော်။

လူတကာ လက်ညှိုးထိုးကဲ့ရဲ့စရာ မင်္ဂလာပွဲကြီးတစ်ခု ဖြစ်သွားအောင် မင်းမဖန်တီးလိုက်ပါနဲ့ မြိန်ရယ်။

"ရှင်သိပ်ပြီး သွေးပျက်နေတယ်မဟုတ်လား ဦးမုန်း"

"ဟင်"

"မြိန် တစ်ခုခုလုပ်မှာကို ရှင်အရမ်းကြောက်နေတာမဟုတ်လား"

"မြိန်…ကိုယ်…ကိုယ်က"

"သိပ်စိတ်မပူပါနဲ့ ဦးမုန်း"

"ဟာ"

"ရှင့်လောက်ရက်စက်တတ်တဲ့ စိတ်ဓာတ်မျိုး မြိန်မှာ မရှိပါဘူး၊ သိပ်ချစ်တဲ့ ချစ်သူနှစ်ဦးရဲ့ နှလုံးသားတွေကို အပိုင်းပိုင်းအစစ ခြေမွပြီး အောင်မြင်မှုတွေနဲ့ မင်္ဂလာပွဲကြီး ဆင်နွှဲရက်တဲ့ ရှင့်စိတ်ဓာတ်လောက်တော့ မြိန်တို့ရဲ့ စိတ်ဓာတ်တွေ အောက်တန်းမကျပါဘူး၊ မြိန် ရှိနေပေးမှာပါ၊ မင်္ဂလာပွဲကြီးပြီးတဲ့အထိ ဒီခန်းမ





ကြီးထဲမှာ မြိန် ရှိနေပေးမှာပါ၊ မြိန် အဖေနဲ့အမေအတွက် မြိန် ရှင့်အနားမှာ ရှိနေပေးမှာမို့လို့ ရှင်သိပ်ပြီး စိုးရိမ်ပူပန်မနေပါနဲ့ ဦးမုန်း"

ပြောပြီးတာနှင့် မြိန်က သူ့အနားကနေ ချာခနဲ လှည့်ထွက်ကာ တခြားစားပိုင်းတွေဆီ လျှောက်သွားသည်။

မြိန်ကို ဘယ်လိုမှ မတားဆီးနိုင်ဘဲ မုန်းမာန် ကျန်ရစ်ခဲ့ရ၏။

မြိန်ရယ်။

မုန်းမာန်တစ်ယောက် နာနာကြည်းကြည်းလေး ပြောနေတဲ့ မြိန်ကိုကြည့်ပြီး ရင်ထဲ နင့်ခနဲနေအောင်ပင် ခံစားလိုက်ရပါသည်။

ကိုယ်သိပါတယ်မြိန်။

မြိန်ဟာ လိမ္မာရေးခြားရှိပြီး မိဘတွေအပေါ် ငဲ့ညှာတတ်တဲ့ သမီးတစ်ယောက်ဆိုတဲ့အချက်ကို ကိုယ်သိပြီးသားပါ။ ဒါကြောင့်လည်း မြိန် ကိုယ့်ကို လက်ထပ်ခဲ့တာပေါ့။ မြိန်အဖေရဲ့ အားနည်းချက်ကို ဖိပြီး တဇွတ်ထိုးတောင်းဆိုခဲ့တဲ့ ကိုယ့်ရဲ့ဆန္ဒတွေကို မင်း ခေါင်းညိတ်လက်ခံခဲ့တာပေါ့လေ။

ဒါပေမယ့်…

ကိုယ်သိပ်ကြောက်နေသေးတယ် မြိန်။

ကိုယ့်အနားကနေ သိပ်လှတဲ့ သတို့သမီးလေး ပျောက်ကွယ်သွားမှာ ကျောခိုင်းထွက်ခွာသွားမှာကို ကိုယ်အရမ်းကြောက်နေ

တယ် မြိန်ရယ်။

ကိုယ် အခြေအနေကို စောင့်ကြည့်နေတာပါမြိန်။

မင်းရဲ့မျက်ဝန်းလေးတွေက တစ်ယောက်ယောက်ကို အသည်းအသန် ရှာဖွေနေတယ်ဆိုတာကို ကိုယ်ရိပ်မိနေတယ်။

မင်း ဇာမဏီကို ရှာနေတာမဟုတ်လား မြိန်။

မင်းရဲ့ချစ်သူကို ရှာနေတာမဟုတ်လား။

သူမလာနိုင်လောက်ဘူးဆိုတာ သိသိကြီးနဲ့ ရှာဖွေနေတဲ့ မျှော်လင့်ချက်ကြီးစွာနဲ့ မင်းရဲ့မျက်ဝန်းနက်နက်လေးတွေကို ကြည့်ပြီး ကိုယ်အရမ်းခံစားနေရတယ် မြိန်ရယ်။

အဲဒါကို ကိုယ်ဘယ်လိုတားဆီးရပါ့မလဲ မြိန်ရယ်။

ကိုယ့်ဆီမှာပဲ မင်းအာရုံတွေ ထားသင့်တယ်လို့ ကိုယ် ဘယ်လိုအကြံဉာဏ်တွေ ပေးရတော့မလဲကွာ။ သိပ်ချစ်လို့ပါ မြိန်ရယ်။ မင်းကိုသိပ်ချစ်လို့ပါချစ်ရယ်။ ကိုယ်က အမှားတွေအများကြီးကို လုပ်ခဲ့မိတယ်ဆိုရင်တောင် အဲဒါတွေအားလုံးဟာ မင်းကို သိပ်ချစ်မိသွားတဲ့ အချစ်တွေကြောင့်ပါ။

ယုံပါ မြိန်ရယ်။

မင်းကို တကယ်ပဲ ချစ်နေခဲ့လို့ပါကွာ။

ချိုချိုမြိန်ဆိုတဲ့ မင်းလေးကို စတွေ့လိုက်ရတဲ့ ခဏတာလေးမှာ ကိုယ်ဟာ အသက်ကင်းမဲ့သွားသူလိုပဲ ခန္ဓာကိုယ်တစ်ခု





လုံး လည်ပတ်စီးဆင်းနေတဲ့ သွေးတွေ ရပ်တန့်ကုန်ရတယ်မြိန်။

ကိုယ် မိန်းကလေးတွေ အများကြီးနဲ့ ရင်းနှီးပတ်သက်ဖူးပါတယ်။ ကိုယ့်အနားကို ချဉ်းကပ်ချင်နေတဲ့ မိန်းကလေးတွေဆိုတာလည်း အများကြီးပါ မြိန်။

ဒါပေမယ့်…

မြိန်ဆိုတဲ့ မင်းနဲ့ မိတ်ဆက်ပေးလိုက်ချိန်မှာပဲ ကိုယ်နဲ့ ပတ်သက်ပြီး ဘာကိုမှ စိတ်ဝင်စားမှုမရှိ၊ အလိုက်သင့်ပြုံးပြ အသိအမှတ်ပြုရုံလေးလုပ်ပြီး ဖျတ်ခနဲ ပျောက်ကွယ်သွားတဲ့ မင်းရဲ့ပုံရိပ်လေးကို အာရုံတွေထဲမှာ ဖယ်ထုတ်မရအောင်ဘဲ ဖြစ်နေခဲ့ရတယ် မြိန်။

မင်းမှာချစ်သူရှိတယ်ဆိုတဲ့ သတင်းလေးကို ကိုယ်ကြားလိုက်ရတဲ့အချိန်မှာတော့ ကိုယ့်စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်လို့မရအောင်ပဲ လှုပ်ရှားသွားရတယ်။

ကိုယ်နောက်ကျသွားပြီဆိုတဲ့ အသိက ရပ်တည်လို့မရအောင်ပဲ ကိုယ့်စိတ်တွေကို ချောက်ချားနေစေခဲ့တယ် မြိန်ရယ်။ မင်းနဲ့ ဘဝတစ်သက်တာ ဝေးရတော့မှာပါလားဆိုတဲ့ အသိနဲ့ ကိုယ်ဟာ ရူးမတတ်ပါပဲ။ ကိုယ်ဘယ်လိုမှ နေလို့မရတော့ဘူး မြိန်။

ဇာမဏီဆိုတဲ့ ကောင်ချောလေးရဲ့ ချစ်သူလေး ချိုချိုမြိန်ကို လက်လွှတ်ဆုံးရှုံးလိုက်ရတော့မှာပါလားဆိုတဲ့ အသိက ကိုယ့်ကမ္ဘာ

ပျက်လောက်အောင်ပဲ ဖြစ်စေခဲ့တာလေ။

ကိုယ်စဉ်းစားပါသေးတယ် မြိန်။

သဘောထားကြီးစွာနဲ့ နောက်ဆုတ်လိုက်ဖို့ ကိုယ်ကြိုးစား ကြည့်ပါသေးတယ်။

ဒါပေမယ့် လုံးဝမရဘူးမြိန်။

နောက်ဆုတ်ဖို့ ကိုယ့်ခြေလှမ်းတွေကို သတိပေးထိန်းချုပ် လို့မရတော့ဘူး။ မင်းနဲ့ဝေးရတော့မလားဆိုတဲ့ အသိနဲ့ပဲ ကိုယ် ရှေ့ဆက်တိုးချင်တဲ့စိတ်တွေပဲ ဖြစ်နေရတော့တယ်။

နောက်ဆုံးတော့ ကိုယ် ဆုံးဖြတ်လိုက်တယ်မြိန်။

မင်းကို ကိုယ့်ဘဝတစ်သက်တာလုံးအတွက် အနီးကပ်ဆုံး မှာထားဖို့ ကိုယ်ဆုံးဖြတ်လိုက်တယ် မြိန်ရယ်။

အဲဒီ့အတွက် မင်း ကိုယ့်ကို အရမ်းနာကြည်းသွားမယ်ဆို တာလည်း ကိုယ်သိပါတယ်။

မင်း သိပ်ကို မုန်းတီးသွားမယ်ဆိုတာကို ခံစားလို့ရပါ တယ်။

ဒါပေမယ့်...

ကိုယ် မင်းကို သိပ်ချစ်တယ်လေမြိန်။

ကိုယ့်အတွက်တော့ အချစ်ဟာ ထာဝရလန်းဆန်းနေမယ့် အင်အားသစ်တစ်ခုကို ဖန်ဆင်းနိုင်တဲ့ ရှင်သခင်ပဲလို့ထင်တယ်။





အဲဒီ...

အချစ်တွေနဲ့ မင်းရဲ့အမုန်းတွေကို ချေဖျက်မယ်လို့ ကိုယ် ဆုံးဖြတ်ထားတယ် မြိန်။

တစ်နေ့နေ့ တစ်ချိန်ချိန်ကြရင်တော့ ကိုယ့်ရဲ့အချစ်တွေ ကြောင့် မင်းလေးပြောင်းလဲသွားမှာပါ။ မင်းရဲ့ခါးသီးနေတဲ့ အမုန်း တရားတွေ ရပ်တန့်သွားမှာပါ။ ကိုယ် အဲဒါကိုယုံကြည်တယ် မြိန်။

သတို့သားမပါဘဲ လှပသောသတို့သမီးလေးမြိန်က တစ်ယောက်တည်း ဧည့်သည်ပိုင်းတွေကို လိုက်ဧည့်ခံနေ၏။ အပြုံး တွေဝေနေပေမယ့် ထိုအပြုံးရိပ်လေးတွေရဲ့ နောက်ကွယ်မှာ နာကြည်း မုန်းတီးနေရိပ်လေးတွေက ကပ်ငြိနေသည်။

ထိုအချက်ကို မည်သူကမျှ မရိပ်မိကြပေမယ့် သတို့သား လောင်း မုန်းမာန်တစ်ယောက်ကတော့ဖြင့် သိနေပါသည်။

မြိန်ရယ်။

ကိုယ့်ကို ခွင့်လွှတ်ပါတော့ဗျာ။

ကိုယ်...

မင်းကိုသိပ်ချစ်လွန်းလို့ပါ မြိန်လေးရယ်။

✡ ✡ ✡

# အခန်း (၂)

မင်္ဂလာဧည့်ခံပွဲကြီး ပြီးဆုံးသွားချေပြီ။

မြန်တစ်ယောက် ထုံးစံအတိုင်း မင်္ဂလာဇနီးမောင်နှံအား ခေါ်ဆောင်သွားမည့် အလှအပများဆင်ထားသော ကားလေးပေါ် တက်လိုက်ရ၏။

ပြီးဆုံးသွားပြီလေ။

အရာအားလုံး ဘယ်လိုမှပြန်ပြင်ဆင်လို့ မရအောင် ပြီးဆုံး သွားခဲ့ပြီလေ။

မြန့်ရဲ့အချစ်၊ မြန့်ရဲ့မေတ္တာ၊ မြန်ထားခဲ့တဲ့ သစ္စာတရားတွေ အားလုံး ဒီပြီးဆုံးသွားသော မင်္ဂလာပွဲကြီးနှင့်အတူ အားလုံးပျောက် ပျက်ခဲ့ရပေပြီ။

မောင်...။





မောင်ရယ်။

မောင်ဘယ်ရောက်နေလဲဟင်။

မြန်ကို နာကြည်းတဲ့စိတ်တွေနဲ့ ဘယ်သူမှမတွေ့ရဲအောင်ပဲ မောင် အခန်းကျဉ်းလေးထဲမှာပဲ မောင် တိတ်တဆိတ်လေး ပေါက် ကွဲနေမလားဟင်။ ဒါမှမဟုတ် မြန်တို့လျှောက်သွားခဲ့ကြတဲ့ နေရာ လေးတွေကို သွားပြီး မြန်ကိုများ သတိရတမ်းတနေမလား မောင် ရယ်။

မောင် အရမ်းအံ့သြနေမှာပဲနော်။

သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ သစ္စာဖောက်မှု ကို မောင်အရမ်းခံပြင်းနေမှာပဲနော်။

မြန်သိနေပါတယ်။

အခုအချိန်မှာ မောင်ဟာ ယူကြုံးမရလောက်အောင်ပဲ ခံစား နေရမှာပါ။ အိပ်မက်ဆိုးကြီးတစ်ခုကို မျက်ဝါးထင်ထင် မြင်မက်နေ ရသလို မောင် အရမ်းကိုပဲ ချောက်ချားနေတော့မှာပါ။

ခွင့်မလွှတ်ပါနဲ့မောင်ရယ်။

မြန့်ကို ခွင့်မလွှတ်ပါနဲ့။

မြန်ဟာ သိပ်ကိုဆိုးဝါးတဲ့ တွေဝေမှုတွေနဲ့ ရှင်သန်နေတဲ့ မိန်းမတစ်ယောက်ပါ။ အရေးကြီးလာတဲ့အချိန်မှာ အမှန်အမှားကို ဘယ်လိုမှ မခွဲခြားနိုင်ဘဲ တွန့်ဆုတ်နေတတ်တဲ့ မိန်းမတစ်ယောက်

ပါ။

ဒါပေမယ့် မောင့်ကို မြနံ့ချစ်ခဲ့တာတော့ အမှန်ပါပဲ မောင်။

အခုချိန်ထိရော နောင်တစ်ချိန်မှာရော မြနံ့သိပ်ချစ်တဲ့ ယောကျ်ားဟာ ဇာမဏီဆိုတဲ့ မောင်တစ်ယောက်တည်းပါပဲကွယ်။

အဲဒါကိုတော့…

မောင် အကြွင်းမဲ့ယုံကြည်ပေးပါနော်။

မြနံ့အချစ်ကိုတော့ မောင် အသိအမှတ်ပြုပေးပါ မောင်ရယ်။ မြနံ့ မောင့်ကို အမှန်တကယ်ပဲ ချစ်ခဲ့တာပါကွယ်။

"မြနံ့ အိမ်ရောက်နေပြီလေ၊ ကားပေါ်ကဆင်းတော့ မြနံ့"

မြနံ့ရဲ့ မေးမိုတ်ထားသော မျက်ဝန်းအစုံက ဖျတ်ခနဲပွင့်သွား၏။ ဘေးပတ်ဝန်းကျင်ကို မြနံ့ သတိထားကြည့်လိုက်သည်။

"ဒါ မြနံ့အိမ်မှမဟုတ်တာ"

မြနံ့ အလန့်တကြား ရေရွတ်မိ၏။

"မြနံ့"

သူက မြနံ့ကို မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်ကာ မြနံ့နာမည်လေးကို တအံ့တဩ မယုံကြည်နိုင်သလို သတိပေးကာ ခေါ်၏။

"ရှင်…မြနံ့ကို ဘယ်ခေါ်လာတာလဲ ဦးမုန်း"

"မြနံ့ မင်းဘာဖြစ်နေတာလဲ၊ ဒါ ကိုယ့်အိမ်လေ မြနံ့၊





မင်းနဲ့ကိုယ်နဲ့ အခုပဲမင်္ဂလာဆောင်ပြီးကြပြီ၊ ကိုယ်တို့ အတူတူနေဖို့ ကိုယ့်အိမ်ကိုခေါ်လာတာပေါ့ မြနံ့"

"မဟုတ်တာ…မြနံ့ ရှင်နဲ့အတူတူနေမယ်လို့ ဘယ်မှာပြောမိလို့လဲ၊ မြနံ့ အိမ်ပြန်မယ် ဦးမုန်း၊ မြနံ့အိမ်ကိုပဲ ပြန်ပို့ပေးပါ၊ မြနံ့ ဒီမှာမနေနိုင်ဘူး"

"မြနံ့"

မုန်းမာန်ရဲ့ခေါ်သံက အနည်းငယ်မာဆတ်သွား၏။

တဆိတ်တော့ မြနံ့လွန်နေချေပြီ။

မြနံ့ဟာ အသိစိတ်ကင်းလွတ်နေတဲ့ မိန်းကလေးတစ်ယောက်မှ မဟုတ်တာ။ ယောကျ်ားတစ်ယောက်ကို တရားဝင်လက်ထပ်ထားပြီး ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးတောင် ကျင်းပပြီးနေမှ ဒီယောကျ်ားနဲ့အတူတူ နေထိုင်ဖို့ ခေါင်းတခါခါနဲ့ ငြင်းဆန်နေတာ စိတ်မှမှန်ပါသေးရဲ့လား။

မြနံ့ကို မုန်းမာန် အရမ်းချစ်တာပါ။

သူ့ကို မြနံ့ လုံးဝမချစ်ဘူးဆိုတာ သိသိကြီးနှင့်ပင် မိဘတွေဆီ ဖိအားပေးပြီး သူပိုင်ဆိုင်နိုင်အောင် ကြိုးစားခဲ့သည်။

ညှော်ခံပွဲမှာလည်း မြနံ့လုပ်ရပ်တွေကြောင့် မုန်းမာန် အရှက်ကြီးရှက်ခဲ့ရ၏။ သတို့သမီးလေးမြနံ့က သူ့နံဘေးတွင် တစ်ချက်ကလေးမှ ရှိမနေ။ မင်္ဂလာဓာတ်ပုံတွေရိုက်တော့လည်း မြနံ့မျက်နှာ

လေးမှာ လှပတဲ့ အပြုံးနုနုလေးတွေက ပျောက်ကွယ်နေ၏။

မြိန့်မျက်နှာလေးက ကြေကွဲဝမ်းနည်းရိပ်တွေနှင့်သာ ပြည့်လျှံနေခဲ့သည်။

သို့သော်…

မုန်းမာန်တစ်ယောက် မြိန့်ကို အပြစ်မတင်ရက်ခဲ့ပါ။

မြိန့် အရမ်းခံစားနေရလို့ပဲလေဆိုတဲ့ စာနာစိတ်တွေနှင့် သူ အားလုံးကို မျိုသိပ်ပစ်ခဲ့သည်။

ဒီတစ်ခါတော့…

မြိန့်ရဲ့ ပျံ့လွင့်ချင်နေတဲ့ စိတ်အာရုံကို သူထိန်းချုပ်မှဖြစ်တော့မည်။

"မြိန့် ကားပေါ်ကဆင်းလေ"

"ရှင်…မြိန့်ကို အမိန့်ပေးနေတာလား ဦးမုန်း"

"ကိုယ် မြိန့်ကို တောင်းပန်နေတာပါ၊ ကိုယ်တို့တိုက်ထဲဝင်ကြရအောင်မြိန့်၊ အိမ်ထဲကြမှ စကားတွေပြောပါတော့ကွာ"

ကားဒရိုင်ဘာရှေ့မှာမို့ မြိန့်ကို ဟန့်တားနေမိသည်။

"ဟင့်အင်း"

မြိန့်က ခေါင်းလေးကို သွက်နေအောင်ခါပြ၏။

"မြိန့်"

"……"





"ကျေးဇူးပြုပြီး စိတ်အာရုံတွေကို ဒီမှာခဏလောက်ထားခဲ့ပါမြိန့်၊ ကိုယ်နဲ့မင်းနဲ့ လက်ထပ်ပြီးသွားပြီကွ၊ မင်းက အခုဆိုရင် မုန်းမာန်ရဲ့ဇနီးဖြစ်နေပြီ မြိန့်၊ လူတွေအားလုံးရှေ့မှာ မင်းနဲ့ကိုယ်နဲ့ မင်္ဂလာဆောင်ပြီးပြီမြိန့်၊ မင်းဝတ်ထားတဲ့ သတို့သမီးဂါဝန်ကိုလည်း အားနာပြီး ငဲ့ညှာပါဦး မြိန့်"

ဟင်။

မြိန့်တစ်ယောက် အခုမှပဲ သူမရဲ့လက်ရှိအဖြစ်ကို သတိထားမိသွားရ၏။ ဦးမုန်းမာန်ရဲ့စကားကြောင့် မြိန့်ကိုယ်မြိန့် ပြန်ကြည့်လိုက်မိသည်။

အို…

ဟုတ်သားပဲ။

ချိုချိုမြိန့်ဟာ အရင်တုန်းကလို ပေါ့ပါးလွတ်လပ်တဲ့ အရောင်တောက်တောက် အဝတ်အစားတွေနဲ့မှမဟုတ်တာ။ ဖြူလွလွ မင်္ဂလာသတို့သမီး ဂါဝန်လှလှလေးနှင့် ဖြစ်နေ၏။

ကြည့်စမ်း…

မြိန့် သူပြောသလိုပဲ မင်္ဂလာဆောင်ပြီးပြီလေ။

"မြိန့်"

"ဆောရီးပဲ ဦးမုန်း၊ မြိန့် မေ့သွားတယ်"

ဟာ…။

မြိန်က ပေါ့ပေါ့ပါးပါးပင် တောင်းပန်၏။

သူမကိုကြည့်ရတာ စိတ်နဲ့လူနဲ့ မကပ်သလို တွေဝေငေးငိုင်နေသည်။ သို့ပေမယ့် ကားတံခါးလေးကိုတော့ ဂျောက်ခနဲနေအောင်ဖွင့်ကာ သူ့ကို တစ်ချက်ကလေးမှ စောင်းငဲ့မကြည့်ဘဲ ကားလေးပေါ်ကနေ ဆင်းသွားပြီး ဂါဝန်ဖားဖားကြီးကို မကာ တိုက်ကြီးဆီ မျက်နှာမူလျက် ထွက်သွားတော့၏။

မြိန်လုပ်ရပ်ကို မုန်းမာန် နားမလည်နိုင်စွာပင် ကျန်နေရစ်ခဲ့သည်။

သို့ပေမယ့်

သူအချိန်ကြာကြာ မတွေဝေနိုင်ပါ။

ကားပေါ်ကနေ ချက်ချင်းဆင်းကာ တိုက်ကြီးဆီ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းဝင်ခဲ့မိသည်။

"မြိန်"

အပေါ်ထပ်လှေကားထစ်တွေဆီ တရွေ့ရွေ့လှမ်းနေသော မြိန့်အနီး အပြေးတစ်ပိုင်းလိုက်ကာခေါ်မိသည်။

"ဘာပြောချင်လို့လဲ ဦးမုန်း၊ မြိန် အရမ်းပင်ပန်းလို့ အနားယူချင်နေပြီ"

မုန်းမာန်။

မြိန့်ရဲ့ နွမ်းလျနေသော မျက်နှာလေးကိုကြည့်ပြီး ပြောချင်





သည့်စကားများ ရှာမတော့လောက်အောင် ပျောက်ဆုံးသွားရ၏။

မြိန်ကိုလည်း သနားသွားမိသည်။

ငယ်ရွယ်တဲ့ မိန်းကလေးပါ။

စိတ်ခံစားမှုတွေနဲ့ နွမ်းနယ်နေတဲ့ မိန်းကလေးပါ။

ဒါတွေကို မုန်းမာန်အသိဆုံးပဲလေ။

မြိန်ကို…

သူသိပ်ချစ်လွန်းလို့ လက်ထပ်ယူခဲ့တာပဲ မဟုတ်လား။ အတတ်နိုင်ဆုံး မြိန့်ခံစားချက်တွေကို မုန်းမာန် နားလည်ပေးသင့်တာပေါ့လေ။ အခုအချိန်မှာ မြိန့်ကို နောက်ထပ်ဖိအားတွေ သူမပေးသင့်ပါ။ ဘာပဲပြောပြော မြိန့်ကို သူပိုင်ဆိုင်ခွင့်ရထားပြီးပြီပဲဟာ။ ဒီလောက်ဆိုလျှင်ပဲ သူကျေနပ်သင့်ပါပြီ။

"အင်း…ဟုတ်တယ်နော်၊ မြိန် အရမ်းပင်ပန်းနေမှာပေါ့၊ လာ မြိန် အခန်းထဲလိုက်ပို့ပေးမယ်"

မြိန့်လက်ကလေးဆီ သူဆုပ်ကိုင်ကာ အပေါ်ထပ်ရှိ မင်္ဂလာအခန်းကြီးဆီသို့ ဦးဆောင်ကာခေါ်လိုက်၏။

ဒီတစ်ခါတော့…

မြိန်က မရုန်းချေ။

သူ့နောက်သို့ အသာတကြည်ပင် လိုက်ပါလာသည်။

"မြိန်"

"......"

မြိန်ကမထူးချေ။

"ဒါ ကိုယ်တို့ရဲ့မင်္ဂလာအခန်းကြီးပဲ"

အခန်းတံခါးချပ်လေးကို ဖွင့်ကာ အထဲသို့ဆွဲခေါ်ပြီး ကြည်နူးစွာပင် ပြောလိုက်မိ၏။

မြိန်ကတော့ ငြိမ်သက်တိတ်ဆိတ်နေဆဲပင်။

"မြိန်"

"ပြော...ဦးမုန်း"

"ဘယ်လိုလဲဟင်၊ အခန်းကိုပြင်ဆင်ထားတာ ကြိုက်ရဲ့လား"

"........"

တယုတယလေး မေးမိ၏။

သို့သော်...

မြိန်က ဘာမှပြန်မဖြေချေ။

"မြိန်...မကြိုက်ဘူးလားဟင်"

သူ့အမေးကြောင့် မြိန်မျက်နှာလေး ဖျတ်ခနဲမော့ကာ မျက်နက်ဝန်းအကြည့်စူးစူးလေးက သူ့မျက်ဝန်းတွေဆီ ဆတ်ခနဲ ကြည့်လာ၏။

"ဖြေစရာလိုလို့လား ဦးမုန်း၊ မြိန် ကြိုက်သည်ဖြစ်စေ





မကြိုက်သည်ဖြစ်စေ ဒီအခန်းထဲမှာပဲ မြိန်နေရတော့မှာပဲ မဟုတ်လား၊ အရာအားလုံး ရှင့်သဘော၊ ရှင့်ဆန္ဒအတိုင်းလုပ်ပြီးမှ မြိန့်ဆီက ဘာအကြံပြုစကားတွေ ကြားချင်နေရတာလဲ၊ ရှင်နဲ့ပတ်သက်ပြီး မြိန့်ဆီမှာ အမုန်းတရားတွေကလွဲပြီး ဘာခံစားချက်မှ မရှိဘူး ဦးမုန်း၊ အဲဒီ့အတွက် မေးခွန်းတော်တော်များများကို မေးဖို့ သိပ်ပြီးကြိုးစား မနေပါနဲ့ ဦးမုန်း၊ မြိန် မဖြေနိုင်ဘူး"

မြိန်ရယ် ပြတ်သားလှချည်လားကွာ။

ပြောရက်လိုက်တာ မြိန်ရယ်။

ကိုယ့်ကို အဲဒီလောက်တောင်ပဲ မုန်းနေသတဲ့လား မြိန်လေးရယ်။

"မြိန်ရယ် ကိုယ်သိပါတယ်ကွာ၊ မင်း ကိုယ့်ကို မချစ်ဘူးဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ်မင်းကိုသိပ်ချစ်တယ် မြိန်၊ အဲဒီအချစ်တွေကို ကိုယ်ဘယ်လိုမှ မတားဆီးနိုင်ခဲ့ဘူးကွာ၊ ဒါကြောင့် မြိန့်ကိုပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခဲ့တာပါ"

"ဘာလဲ ငွေတွေပုံအောပေးပြီး ရအောင်သိမ်းပိုက်လိုက်တာလား ဦးမုန်း၊ မြိန်မှာ ချစ်သူရှိမှန်းသိသိကြီးနဲ့ မရရအောင်ယူပြခဲ့တာ ဦးမုန်းရဲ့အချစ်တွေလား"

"မြိန်"

"ဘာလဲ...သိပ်မှန်နေလို့မခံနိုင်ဘူးလား ဦးမုန်း"

"တော်ပါတော့ မြန်၊ ဆက်မပြောပါနဲ့တော့၊ ကိုယ်နား ထောင်နိုင်တဲ့စွမ်းရည်တွေ မရှိတော့လို့ပါ မြန်၊ ကိုယ်တောင်းပန်ပါ တယ်"

"ရှင်မကြားချင်လည်း မြန်ကတော့ ပြောရမှာပဲ၊ မြန်က ဇာမဏီဆိုတဲ့မောင့်ကိုပဲ သိပ်ချစ်ခဲ့တာလေ၊ မြန်ရင်ထဲက နှလုံးသား တစ်ခုလုံးမှာ မောင့်ကိုချစ်တဲ့ အချစ်တွေပဲရှိတယ် ဦးမုန်း၊ အဲဒီ အချက်ကို ရှင်မြဲမြဲမှတ်ထားလိုက်ပါ၊ ရှင်ငွေတွေ ဘယ်လောက်ပဲ ပေးပေး၊ ဥစ္စာပစ္စည်းတွေ ဘယ်လောက်နဲ့ပဲ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားကြိုးစား လူကိုပဲရမယ် ဦးမုန်း၊ မြန် အချစ်ကိုတော့ ဘယ်တော့မှမရစေရဘူးသိလား၊ အဟင့်…ဟင့်"

မြန် နာနာကျင်ကျင်လေးပြောကာ မင်္ဂလာအိပ်ရာကြီးပေါ် မှောက်လျက် တသိမ့်သိမ့်ငိုရှိုက်ပစ်လိုက်သည်။

မြန်ငိုသံလေးက အခန်းလေးထဲ ပျံ့လွင့်နေ၏။

မြန်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသူက မုန်းမာန်ရယ်ပါ။

မြန်က တအားကိုငိုနေတာလေ။

တကယ်ဆို သိပ်ကိုဝမ်းနည်းကြေကွဲနေတဲ့ မြန့်ကို ထွေးပွေ့ ပြီး သူနှစ်သိမ့်လိုက်ချင်တာပါ။

သို့ပေမယ့်…

သူ့စိတ်ကူးတွေကို လက်တွေ့အကောင်အထည်မဖော်ရဲပါ။





အမုန်းတရားတွေနဲ့ ရှင်သန်နေတဲ့ မြန့်အနားကို သူမကပ်ရဲ ပါ။

မြန်ရယ်…

တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ မြန်ကို မကြည့်ရက်တော့စွာပင် အခန်းလေးထဲကနေ တိတ်ဆိတ်စွာပင် မုန်းမာန်တစ်ယောက် ပြန် ထွက်လာခဲ့မိချေတော့သည်။

✡ ✡ ✡

## အခန်း (၃)

''သမီး''

''ရှင်...အဖေ''

''မောင်မုန်းမာန်က သမီးကိုလက်ထပ်ချင်လို့တဲ့၊ အဲဒါ ဖေဖေခွင့်ပြုလိုက်ပြီ''

''ရှင်''

မထင်မှတ်ဘဲ ကြားခွင့်ရလိုက်သောစကားက မြိန့်အတွက်တော့ သွေးပျက်တုန်လှုပ်ချောက်ချားစရာပါ။

အဖေဘာတွေပြောလိုက်တာလဲ။

မြိန့် နားကြားများလွဲသွားလို့လား။

ဟင့်အင်း...

ဒါလည်းမဖြစ်နိုင်ပါဘူး။





မြိန့်ကို အဖေနောက်နေတာလည်း မဟုတ်ပါဘူး။ အေးဆေးတည်ငြိမ်နေတဲ့ အဖေ့အသွင်က သူမရယ်မောအောင် စနောက်နေတဲ့ပုံစံမျိုးမှ လုံးဝမဟုတ်တာ။

''အဖေ''

''ဟုတ်တယ် မြိန့်၊ သမီး မောင်မုန်းမာန်ကို လက်ထပ်ရလိမ့်မယ်''

''မဖြစ်နိုင်တာပဲ အဖေ၊ မြိန့်မှာ ချစ်သူရှိတယ်လေ၊ မြိန့်ချစ်သူကို အဖေတို့ ကျေနပ်ကြည်ဖြူထားပြီးသားပဲဟာ၊ ဒါကိုဘာကြောင့် ဦးမုန်းမာန်နဲ့ လက်ထပ်ခိုင်းရတာလဲအဖေ''

''မြိန့်ရဲ့ခံစားချက်နဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားတယ်ဆိုတာ အဖေသိပါတယ်၊ ဒါပေမယ့် မောင်မုန်းမာန်နဲ့ လက်မထပ်လို့မဖြစ်ဘူး သမီး''

အဖေ့စကားသံက အက်ရှနေ၏။ အဖေ့မျက်နှာက ညှိုးနွမ်းကာ အိုစာလွန်းနေသည်။ အဖေဘာတွေဖြစ်နေတာလဲ။ အဖေ့မှာ ဘယ်လိုအကျပ်အတည်း အခက်အခဲတွေ ရှိနေလို့လဲ။ အဖေ တစ်ခုခုဖြစ်နေတာတော့ သေချာသည်။

''သမီးငြင်းတယ်ဆိုရင်ရော အဖေ''

အဖေက မြိန့်မျက်နှာဆီ မော့ကြည့်၏။ ညှိုးရော်မှေးမှိန်နေသော မျက်ဝန်းတွေနဲ့ ခပ်စိုက်စိုက်လေးကြည့်သည်။

"သမီး"

"ရှင်"

"မောင်မုန်းမာန်ကို လက်မထပ်ရင် အဖေ"

အဖေက စကားစကို တစ်ဝက်တပျက်နှင့် ရပ်ထားသည်။ ပြီးနောက် ဆောက်တည်ရာမရသလို ဆေးလိပ်တိုအား တစ်ချက် ရှိုက်ဖွာ၏။

"အဖေ"

"ဟင်"

"ဆက်ပြောပါ အဖေ၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ မြိန့်ကို ပွင့်ပွင့်လင်းလင်းပဲပြောပါ"

"အဖေပြောမထွက်ဘူး သမီးရယ်"

ဦးသောတချို့အနေနှင့် သမီးတစ်ယောက်ရှေ့တွင် မိမိရဲ့ အားနည်းချက်တွေကို ဖွင့်ပြောလိုက်ရမှာ အင်မတန်မှ ဝန်လေးနေရသည်။

မိမိဘဝမှာ အမှားအယွင်းတစ်ခုခုကို ဘယ်သောအခါမှ မလုပ်မိအောင် အထူးသတိထားနေခဲ့တာပါ။ ဂုဏ်သိက္ခာမဲ့ရမယ့် အလုပ်ဆိုလျှင် ပို၍ခပ်ဝေးဝေးက ရှောင်ခဲ့သည်။

သို့ပေမယ့်

ကံကြမ္မာဆိုးက ဝင်မွှေလာ၏။





လုပ်ငန်းတွေ အရှုံးပေါ်ကာ အကြွေးရှင်တွေက မိမိထံ နားပူနားဆာလုပ်ပြီး တောင်းဆိုနေကြသည်။

မိမိဘယ်လိုမှ မရှင်းနိုင်တော့။

တချုပ်စာတမ်းတွေပြပြီး ရဲတွေဘာတွေနှင့်တိုင်လျှင် မိမိ ကောင်းကောင်းကြီး အရှက်ကွဲရတော့မည်။

အဲဒါတွေအားလုံးကို ကယ်တင်နိုင်တဲ့ သူက တစ်ယောက် တည်းရှိ၏။

ထိုလူက မောင်မုန်းမာန်ပဲ။

ထိုငွေတွေကို ပြန်ဆပ်ပေးဖို့ရော လုပ်ငန်းကို ဟန်မပျက် ဆက်လည်ပတ်နိုင်ဖို့ရော ကူညီဖို့ သဘောတူခဲ့၏။

သို့ပေမယ့် တောင်းဆိုချက်တစ်ခုတော့ရှိသည်။

မြိန့်ကို လက်ထပ်ခွင့်ပြုပါတဲ့လေ။

ဦးသောတချို့ ဘာဆက်လုပ်ရမလဲ။

သမီးမှာက ချစ်ရမယ့်သူ ရှိနေပြီးသားလေ။

မောင်ဇာမဏီဆိုတဲ့ သမီးရဲ့ချစ်သူက လူရည်မွန်လေး တစ်ယောက်ပါပဲ။ သမီးနဲ့ စီးပွားရေးတက္ကသိုလ် အတူတူတက်နေ တဲ့ ကောင်လေး။ မိဘတွေကလည်း သိပ်အချမ်းသာကြီး မဟုတ် ပေမယ့် အသင့်အတင့်တော့ ပြည့်စုံကြသည်မို့ မိမိတို့ဘက်ကလည်း သမီးလေးနှင့် သဘောတူခဲ့ကြသည်။

ထိုကောင်လေးနဲ့တွဲနေတာကို မကန့်ကွက်ခဲ့။

ခက်နေတာက အကြွေးကိစ္စပဲ။

ရှောင်ပြေးလို့မရပေ။

မောင်မုန်းမာန်ရဲ့ တောင်းဆိုမှုကို မငြင်းဆန်နိုင်။ သမီးကို ငွေကြေးတွေနှင့် ရောင်းစားသလိုဖြစ်နေခဲ့ရတာမို့လည်း မိမိကိုယ် မိမိ လိပ်ပြာမလုံချေ။

"ပြောပါ အဖေ၊ မြန့်သိအောင်ပြောစမ်းပါ၊ ဘုမသိဘမသိ နဲ့တော့ အဖေ့ဆန္ဒတွေအတိုင်း မြန့် မလိုက်လျောနိုင်ဘူး အဖေ၊ ခိုင်မာတဲ့အကြောင်းပြချက်တစ်ခုခုတော့ အဖေပေးမှဖြစ်မယ်"

"သမီး"

"ပြောပါ အဖေ"

"အဖေ့လုပ်ငန်းတွေ အရှုံးပေါ်ပြီး အကြွေးတွေတင်သွားတယ် သမီးရယ်"

"ဘယ်လို အဖေ၊ အဖေဘာပြောလိုက်တာလဲ"

အဖေ့စကားကြောင့် မြန့် မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။ အံ့သြလွန်းသဖြင့် နှင်းဆီငုံနှုတ်ခမ်းဖူးဖူးလေးပင် ဝိုင်းဟသွားရ၏။ အမေကတော့ ဘာမှမပြောဘဲ ဘေးမှာ တသိမ့်သိမ့် ရှိုက်ငိုနေသည်။

"အဖေမှားသွားတယ် သမီးရယ်၊ အရမ်းမှားသွားတယ်"





"အဖေ…ဒါ…ဒါဆို"

"ဟုတ်တယ် သမီး၊ အဖေ အကြွေးတွေမဆပ်နိုင်တော့ဘူး၊ အဖေ့အခက်အခဲကို ကူညီနိုင်တာ မောင်မုန်းမာန်တစ်ယောက်တည်းရှိတယ်၊ မောင်မုန်းမာန်က ကူညီဖြေရှင်းပေးမယ်တဲ့သမီး၊ ဒါပေမယ့် တောင်းဆိုမှုတစ်ခုပဲ တောင်းဆိုခဲ့တယ်၊ အဲဒါ"

"ဘာလဲ အဖေ မြန့်ကို လပ်ထပ်ခွင့်တောင်းတာမဟုတ်လား"

"ဟုတ်တယ် သမီး"

မြတ်စွာဘုရား။

မြန့်တစ်ယောက် ယောင်ရမ်းစွာပင် ဘုရားတလိုက်မိသည်။

ဒါဘာသဘောလဲ။

မြန့်ကို ငွေနဲ့ဝယ်တယ်ဆိုတဲ့သဘောလား။

ခါးသီးဖို့ကောင်းလိုက်တာ။

ဦးမုန်းမာန်ကို အဖေနဲ့ ငွေရေးကြေးရေးနဲ့ လုပ်ငန်းကိစ္စတွေအရ ရင်းနှီးပတ်သက်မှုရှိကြတာတော့ မြန့်လည်းသိသည်။ ဒါပေမယ့် အခုကိစ္စက မြန့်ဆိုတဲ့ သူမနဲ့မှမဆိုင်တာ။ အထူးသဖြင့် အဖေ့စီးပွားရေးလုပ်ငန်းတွေနှင့် ပတ်သက်ပြီး မြန့် ဘာတစ်ခုမှ ဝင်ပတ်သက်ခဲ့ခြင်းမရှိတာကြောင့်လည်း အဖေ့ရဲ့မိတ်ဆွေတွေနှင့်

ကင်းကင်းရှင်းရှင်းပဲ နေခဲ့သည်။

"ဒါ မတရားတဲ့တောင်းဆိုမှုပဲ"

နာကြည်းစွာ မြန် ရေရွတ်မိ၏။

"အဖေ"

"ပြောလေ သမီး"

"ဦးမုန်းမာန်ရဲ့ ကူညီမှုက လုံးဝမသန့်ရှင်းဘူး အဖေ၊ ဒီလိုအခက်အခဲနဲ့ ရင်ဆိုင်နေရတဲ့ မိဘ်ဆွေတစ်ဦးရဲ့ အားနည်းချက်ကို မဖိသင့်ပါဘူး၊ သူ့ရဲ့တောင်းဆိုမှုက သိပ်လွန်မနေဘူးလား အဖေ"

"သူ့အကူအညီကို အဖေမယူလို့မဖြစ်တော့ဘူး သမီးရယ်"

အဖေရယ်။

ဒါဆို မြန်က သူ့ကိုလက်မထပ်ချင်လို့ မရဘူးလို့ အဖေ ဆိုလိုချင်တာလားဟင်။

သမီးဘယ်လိုမှ မချစ်နိုင်တဲ့ လူတစ်ယောက်ရဲ့ ရင်ခွင်ထဲ ကိုဝင်ရမယ်လို့ အမိန့်ချမှတ်လိုက်တာလား အဖေ။

မြန်မှာ ချစ်သူရှိတယ်လေ။

မောင်က ဘာအပြစ်ရှိလို့လဲ။

မောင့်ကို ဘယ်လိုအကြောင်းပြချက်မျိုးတွေနဲ့ မြန် ထား





ခဲ့ရမလဲ အဖေရယ်။

"မဖြစ်နိုင်ဘူး အဖေ၊ မြန်မှာ ချစ်သူရှိတာ ဦးမုန်းမာန် လည်း သိနေတာပဲဟာ၊ မြန် သူနဲ့မခွဲနိုင်ဘူး အဖေ"

အဖေက သူမခံစားချက်ကို နားလည်စွာပင် ခေါင်းလေး တဆတ်ဆတ်ညိတ်ပြပါသည်။

"သမီး"

အမေ့ရဲ့ခေါ်သံက တိုးရှအက်ကွဲလျက်။

အမေ့မျက်နှာ ငိုထားခြင်းကြောင့် မျက်လုံးတွေမို့အစ်ကာ ...မြန်းနေသည်။

"သမီးအဖေရဲ့ အခက်အခဲကို သမီးမကူညီနိုင်ဘူးလား ...ွယ်"

"အမေ"

"သမီးဘယ်လောက်ထိ ခံစားနေရသလဲဆိုတာ အမေ ...းလည်ပါတယ်၊ ဒါပေမယ့် သမီးအဖေရဲ့အရေးကိစ္စက ပိုအရေး ...ကြီးနေတယ်သမီး"

မကြားချင်ဘူး အဖေ။

မြန့်နှလုံးသားတွေ တစ်စစီ ကြေမွပျက်စီးရမယ့် ဘယ်လို ...ားပေးတဲ့ စကားတွေကိုမှ မြန် မကြားချင်ဘူး။

မပြောပါနဲ့လား အမေရယ်။

မြန် စိတ်တွေဝေသွားအောင် မပြောပါနဲ့လားရှင်။

မြိန် မောင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ ဖေဖေအသိဆုံးပါပဲ။

မောင့်အပေါ် သစ္စာမဲ့ရမယ့် အလုပ်မျိုး မြိန် ဘယ်တုန်းကမှ မလုပ်ချင်ဘူးအမေ။ မောင်က မိကောင်းဖခင်သားသမီးပါ။ အပြစ်မဲ့တဲ့ မြိန့်ချစ်သူရဲ့ရင်ကို မြိန် ဘယ်လိုခွဲရက်ပါ့မလဲ အမေရယ်။

"မြိန် ဦးမုန်းမာန်ကို လက်မထပ်နိုင်ဘူး အဖေ"

"မြိန်"

အဖေ့ရဲ့ အလန့်တကြား တားဆီးလိုက်သံက မြိန်နားထဲမဝင်ပါ။

"မြိန် ဖြတ်ပြီးသွားပြီ အဖေ၊ ဦးမုန်းမာန်ကို မြိန် လက်မထပ်နိုင်ပါဘူး"

"ကောင်းပြီလေ သမီး၊ အဖေ ဘာမှမပြောလိုတော့ပါဘူး၊ သမီးလက်မခံဘူးဆိုတော့လည်း မောင်မုန်းမာန်ရဲ့ အကူအညီကို အဖေလက်မခံရပဲ ရှိတော့တာပေါ့ကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ"

အားလျှော့စွာပင် အဖေကဆိုတော့လည်း မြိန် မခံစားနိုင်ပြန်ပါ။ ညှိုးလျှနေသော အဖေ့မျက်နှာလေးကိုကြည့်ပြီး မြိန် သနားမိသည်။

"မြိန် အကြံပေးပါရစေ အဖေ၊ မြိန်တို့အခုနေတဲ့ ခြံနဲ့တိုက်





ကို ရောင်းပြီး အဖေ့အကြွေးတွေကို ဆပ်လိုက်ပါ၊ ဘယ်လိုအခြေအနေမျိုးနဲ့ပဲ နေရနေရ မြိန်တို့နေမယ် အဖေ"

"မဖြစ်နိုင်ဘူး သမီး၊ ဒီခြံနဲ့ဒီတိုက်ကို မောင်မုန်းမာန်ဆီမှာ ပေါင်ထားတာ အတိုးနဲ့တောင် သိမ်းလို့ရနေပြီသမီး၊ မောင်မုန်းမာန်က နားလည်မှုနဲ့ အဖေတို့ကိုဆက်ထားတာ"

"ရှင်"

မြိန် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားရသည်။

"အဖေ လုပ်ငန်းစလုပ်မယ်ဆိုကတည်းက ဒီခြံနဲ့တိုက်ကို ပေါင်ထားခဲ့ရတာလေ သမီး"

"ဒါ…ဒါဆို"

"ဟုတ်တယ် သမီး၊ အဲဒါတွေအားလုံးက အမှန်တရားပဲ"

အို။

မြိန် နေရာလေးကနေ ခွေယိုင်လဲမကျသွားအောင် မနည်းကြီးထိန်းလိုက်ရသည်။ ဆိုးဝါးလိုက်တဲ့ အဖြစ်အပျက်။ တွကယုံကြည်နိုင်စရာပင်မရှိတော့။

"အကြွေးတွေမပေးရင် သမီးအဖေ တရားစွဲခံရတော့မှာသမီးရယ်၊ အဲဒါကြောင့် မေမေတို့စိတ်ညစ်နေတာပေါ့၊ အဟင့်ဟင့်"

မြိန် ဘာတတ်နိုင်တော့မှာလဲ။

မိဘတွေရဲ့ အခက်အခဲကို မြန် ဘယ်လိုမျက်နှာလွှဲပြီး ထားရတော့မလဲ။

နောက်ဆုံးတော့ မြန် သည်းသည်းထန်အောင်ပင် ငိုပစ်လိုက်သည်။

မြန်အတွက် ရွေးချယ်စရာလမ်းက ရှိမှမရှိတော့တာလေ။ မိသားစုဆက်လက်ရပ်တည်နိုင်ဖို့အတွက် အဖေ့ရဲ့အကြွေးတွေ ပေးဆပ်နိုင်ရေးအတွက် မြန် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ရသည်။

အဲဒါ....

ဦးမုန်းမာန်ကို လက်ထပ်ဖို့ပဲပေါ့။

ရက်စက်လိုက်တာ။

တောင်းဆိုရက်လိုက်တာ။

မြန်ဘဝကို ငွေကြေးတွေနဲ့ ဝယ်ယူရက်လိုက်တာ။

မုန်းတယ်။

မြန် ရှင့်ကို အရမ်းမုန်းတယ်သိလား ဦးမုန်းမာန်။

မြန့် အနာဂတ်တွေကို ငွေကြေးတွေပုံပြီး ဝယ်ခဲ့တဲ့ရှင်ကြီးကို သေလောက်အောင်ပဲ မုန်းတယ်သိလား။

နာကြည်းစက်ဆုပ်စွာပင် မြန့်ရင်ထဲကနေ ကျယ်လောင်စွာပင် အော်ဟစ်ကာ ပြောနေမိတော့သည်။

✡ ✡ ✡



## အခန်း (၄)

မြန့်တစ်ယောက်တည်း အခန်းလေးထဲမှာ ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေမိသည်။ အဖေ့ရဲ့အခက်အခဲကို မြန် ကူညီပါ့မယ်ဆိုတဲ့ ကတိစကားကို မြန် ကျေကျေနပ်နပ်ကြီး ပေးခဲ့ရပြီလေ။ မြန့်အတွက် ရွေးချယ်စရာလမ်းမှ မရှိတော့တာ။

အဖေ...

မြန်တို့မိသားစုလေးကို အခုလို တင့်တင့်တယ်တယ်နဲ့ နေရအောင် ဦးဆောင်ဦးရွက်ပြုပြီး စောင့်ရှောက်ခဲ့တဲ့အဖေ။ မထင်မှတ်ဘဲ လုပ်ငန်းတွေ အရှုံးပေါ်ခဲ့သည်။ အပျော်အပါးနဲ့ သုံးဖြုန်းခဲ့တာလည်းမဟုတ်၊ လောင်းကစားနဲ့ ရှုံးသွားတာလည်းမဟုတ်၊ ကံဆိုးစွာနဲ့ လုပ်ငန်းက အရှုံးပေါ်ခဲ့တာပါ။ အကြွေးတွေနဲ့ စပြီး လည်ပတ်ရတာဆိုတော့ အမြတ်အစွန်းရတာနဲ့ အတိုးအတွက်တွေ ပေးဆပ်ရတာက ပိုများနေခဲ့သည်။

မြိန်တို့မိသားစု ဒီထက်ပိုပြီး ပြည့်စုံအောင် အဖေကြိုးစားခဲ့တာပါ။ အဆင်မပြေဘဲ အခက်အခဲအကြပ်အတည်းတွေ ဖြစ်လာတာကတော့ ကံတရားပဲဖြစ်သည်။

မြိန် အဖေ့ကို ဘယ်လိုအပြစ်ပြောရမှာလဲ။

မြိန့်အပေါ် တာဝန်ကျေပွန်ခဲ့တဲ့ ဖခင်တစ်ယောက်ပါ။ မြိန် အခုချိန်ထိ မျက်နှာမငယ်ဘဲ အေးဆေးစွာရပ်တည်ခဲ့ရတယ်ဆိုတာကလည်း အိမ်ထောင်ဦးစီးဖြစ်သော အဖေ့ရဲ့တာဝန်ကျေမှုတွေကြောင့်လည်းပါသည်။

အမေ့အပေါ်မှာလည်း ခင်ပွန်းကောင်းပီသခဲ့တဲ့ အဖေပါပဲ။ အမြဲတမ်း မပျက်ပြယ်သော ချစ်ခြင်းမေတ္တာတွေနှင့် အမေ့အပေါ် ကြင်နာခဲ့တဲ့ အဖေ့ကို ဂုဏ်သိက္ခာတွေကျဆင်းပြီး ရုံးရောက်ဂါတ်ရောက် ဖြေရှင်းရမည့်အချိန်တွင် အဘယ်သို့ ပစ်ထားရက်ပါမည်နည်း။

ဒါကြောင့်လည်း မြိန့်ဆီက အကူအညီကို ရအောင် အမေတောင်းဆိုခဲ့တာပေါ့။

မြိန်လည်း အဖေ့ကို ပစ်မထားနိုင်ပါဘူး။ မျက်နှာလေးညှိုးငယ်ကာ စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေတဲ့ အဖေ့ကိုကြည့်ပြီး မြိန်ရင်တွေ တဆစ်ဆစ်နာကျင်နေရသည်။

ဒေါက်...ဒေါက်။

အခန်းတံခါးခေါက်သံလေးကြောင့် မြိန့်အကြည့်တွေကို





ထိုနေရာလေးဆီ ရွေ့သွားရ၏။

"မြိန်"

အမေ့ခေါ်သံ။

"မြိန်"

ခေါ်သံက တိုးလျှစွာကြားနေရပေမယ့် မြိန် ပြန်မထူးမိပါ။

အခုအချိန်မှာ မြိန် ဘယ်သူ့ကိုမှလည်း မတွေ့ချင်။ စကားလည်းမပြောချင်ပါ။ မြိန်တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်မိသည်။

"မြိန် မောင်ဇာမဏီဆီက ဖုန်းလာနေတယ်"

ဟင်။

မြိန် ခေါင်းလေး ဆတ်ခနဲထောင်မတ်သွားရ၏။ မြိန် မျက်ဝန်းလေးတွေ အခန်းတံခါးလေးဆီ ဖျတ်ခနဲပြန်ရောက်သွားရသည်။

"မြိန်"

ကျွီ။

အခန်းတံခါးချပ်ကလေးကို ဖွင့်ပေးလိုက်သည်။

"မြိန်ရယ်...အမေ စိတ်မကောင်းပါဘူးကွယ်၊ မြိန် [illegible]မ်းခံစားနေရမယ်ဆိုတာ အမေသိပါတယ်၊ ဒါပေမယ့် အခုကိစ္စ[illegible] မဖြေရှင်းဘဲ ဒီအတိုင်းမှထားလို့မရတာ၊ မြိန် ဖုန်းသွားကိုင်သင့်[illegible]ယ်လို့ အမေထင်တယ်လေ၊ ဒါကြောင့် အမေလာခေါ်တာပါ

မြိန့်"

မြိန့် သိပါတယ်အမေ။

အမေ ဘာကိုဆိုလိုချင်တယ်ဆိုတာကို မြိန့် နားလည်ပါတယ်။

ဒါပေမယ့်...

မြိန့် ဘယ်လိုလုပ်ရမလဲ အမေ။

မောင့်ကို ဘယ်လိုစကားမျိုးတွေ မြိန့်ပြောပြီး ခွင့်လွှတ်ဖို့ တောင်းဆိုရမလဲ။ မောင်က ဘာတစ်ခုမှသိတာမဟုတ်ဘူးလေ။ ဦးမုန်းမာန်ကို မြိန့်လက်ထပ်တော့မယ်ဆိုတဲ့အကြောင်းကို မြိန့် ဘယ်လိုမျက်နှာမျိုးနဲ့ မောင့်ကို အသိပေးရမလဲရှင်။

"မြိန့် သွားစကားပြောလိုက်ပါ"

အရင်ကဆို မောင့်ဆီက အခုလိုဖုန်းဆက်လာလျှင် အင်မတန်မှ ပျော်ရွှင်ကြည်နူးပြီး ရင်တွေတထိတ်ထိတ်ခုန်နေရတဲ့ သူက မြိန့်ပါ။ ခုန်ပေါက်ကာ အပြေးအလွှားလေး သွားကိုင်တတ်ခဲ့တဲ့ မြိန့်က အခုတော့ ဖုန်းခွက်လေးကို သွားကိုင်ရမှာပင် သွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေရသည်။

မောင့်ဆီကကြားရမယ့် စကားသံလေးတွေကို နားထောင်ဖို့ အင်အားတွေ ကင်းမဲ့နေရသည်။

"မောင်ဇာမဏီကို သမီး ပွင့်ပွင့်လင်းလင်းပြောသင့်တယ်လို့ အမေထင်တယ် မြိန့်၊ ဒါမှ သူ့ဘက်ကလည်း အသင့်ပြင်ဆင်





ထားနိုင်မှာပေါ့"

ဒါတော့ဟုတ်သည်။

မြိန့်ဘက်က ပြတ်ပြတ်သားသား ရင်ဆိုင်သင့်တယ်လေ။

အပြတ်သားဆုံးလုပ်ရမယ့် ကိစ္စတစ်ခုမို့လည်း အချိန်တွေဆွဲပြီး မောင့်ကို ဖုံးကွယ်ထားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။

ရင်ဆိုင်ရမှာပဲ။

"မြိန့်...ဖုန်းသွားကိုင်လိုက်ပါ့မယ် အမေ"

"အေးကွယ်"

အမေက စိတ်မကောင်းသော မျက်နှာညှိုးနွမ်းနွမ်းလေးနှင့်ပင် ခေါင်းလေးညိတ်ပြသည်။

ချိုချိုမြိန့်တစ်ယောက် နှေးကွေးလေးလံသော ခြေလှမ်းလေးများနှင့် အောက်ထပ်သို့ ဆင်းခဲ့လိုက်သည်။

ဖုန်းစင်လေးရှိရာသို့ လျှောက်ခဲ့လိုက်၏။

"ဟဲလို"

"မြိန့်"

မောင့်ခေါ်သံလေးက တစ်ခုခုကို စိုးရိမ်ပူပန်နေသလို တုန့်အက်အက်လေး ဖြစ်နေသည်။

"မြိန့်"

"မောင်"

"မြိန့်ဘာဖြစ်နေတာလဲဟင်၊ မောင်ဖုန်းဆက်တော့လည်း

မြိန်လာမကိုင်ဘူး၊ တွေ့ခွင့်တောင်းတော့လည်း သူငယ်ချင်းတွေနဲ့ တစ်ဆင့် တားနိုင်းတယ်၊ မြိန် မောင့်ကို တမင်ရှောင်နေတာလား ဟင်"

မြိန် မဖြေနိုင်။

မောင်ပြောသလိုပဲ မြိန် တမင်ရှောင်နေခဲ့တာလေ။

မောင့်မျက်နှာလေးကို ကြည့်ရဲတဲ့သတ္တိတွေ မြိန့်ဆီမှာမှ မရှိတော့တာ။

"မြိန်"

"မောင်"

"မြိန်တစ်ခုခုဖြစ်နေတယ်မဟုတ်လားဟင်"

မြိန် မပြောရဲ။

ဟုတ်တယ်မောင်လို့ မြိန်မပြောရက်ပါ။

မြိန့်ရင်တွေ နာကျင်နေရသည်။ မြိန့်ရင်ထဲက နှလုံးသားလေးတွေ အစိတ်စိတ်အမွှာမွှာ အက်ကွဲကာ စူးနင့်နေရသည်။

"မြိန် ဦးမှန်းမာန်နဲ့ လက်ထပ်တော့မယ်ဆိုတဲ့သတင်းတွေ မောင်ကြားနေရတယ် မြိန်၊ အဲဒါ တကယ်မဟုတ်ဘူးမို့လားဟင်၊ ကောလာဟလသတင်းတွေမဟုတ်လား မြိန်၊ ပြောပါဦး မြိန်ရယ်၊ မောင်စိတ်တွေ အရမ်းပူလွန်းလို့ပါကွာ၊ ပြောစမ်းပါဦး"

ဘုရား...။

ဘုရား...။





သတင်းတွေပျံ့သွားတာ မြန်လှချည်လား။

ကြည့်စမ်း...

ဘယ်လိုကြောင့် ဒီလောက်တောင် လျင်လျင်မြန်မြန်ကြီး မောင်သိသွားရတာလဲ။ ဦးမှန်းမာန်ပဲဖြစ်ရမယ်။ မြိန် ခေါင်းညိတ်လက်ခံလိုက်ပြီဆိုတဲ့အချက်ကို မောင့်ဆီ မရောက်ရောက်အောင် သတင်းပို့လိုက်တာ ဦးမှန်းမာန်ရဲ့ စနက်ကြောင့်ပဲဖြစ်ရမယ်။

မုန်းစရာကောင်းလိုက်တာ။

မြိန်အရမ်းမုန်းတာပဲ။

မြိန်တို့ချစ်သူနှစ်ဦးကို ရက်ရက်စက်စက်ခွဲဖို့ ကြိုးစားကြံစည်ရက်တဲ့ ရှင့်ကို သေလောက်အောင်ပဲ မုန်းတယ် ဦးမှန်းမာန်။

"မြိန်"

"မောင်ရယ်...အဟင့်...ဟင့်"

"ဟာ...မြိန် မင်း မင်း ငိုနေတယ်၊ မောင်မေးတာကို ဖြေဘဲ ငိုနေတယ်ဟုတ်လား၊ ဒါဆို အမှန်တွေပေါ့နော်၊ မောင်ကြား ခဲ့တဲ့သတင်းတွေက အမှန်တွေချည်းပဲပေါ့၊ ဟာ...ဟာကွာ မြိန် မင်း မင်း"

"မြိန်တောင်းပန်ပါတယ် မောင်ရယ်"

"ဟင့်အင်း...မြိန် မတောင်းပန်ပါနဲ့၊ မောင့်ကို အသနား ပြီး မြိန် မတောင်းပန်ပါနဲ့မြိန်ရယ်၊ မောင်လက်မခံနိုင်ဘူး၊ ကြောင့်လဲ မြိန်၊ ဘာဖြစ်လို့ အခုလိုကြီး မြိန် ဆုံးဖြတ်ချက်ချ

လိုက်ရတာလဲ၊ မောင် ဘာအမှားတွေလုပ်ခဲ့မိလို့လဲ မြိန်ရယ်၊ မောင့်ကို စွန့်ခွာဖို့ ဆုံးဖြတ်လိုက်ရတဲ့အကြောင်းအရင်းက ဘာတွေလဲကွာ၊ ပြောစမ်းပါဦး၊ မြိန် မောင့်ကိုချစ်တယ်ဆို၊ မောင်နဲ့ဘယ်တော့မှ လမ်းမခွဲပါဘူးဆို၊ မြိန် မြိန်ရယ် မောင် မောင် ဘယ်လိုမှ နားမလည်နိုင်တော့ဘူးကွာ"

တစ်ဖက်မှ မောင့်စကားသံက ဆောက်တည်ရာမရ ဖြစ်နေသည်။ မောင့်စိတ်တွေ ဘယ်လောက်လှုပ်ရှားနေသလဲဆိုတာ မောင့်အသံလေးကို နားထောင်နေသော မြိန် အသိဆုံးဖြစ်နေရသည်။

မောင်အရမ်းအံ့ဩနေမှာပါပဲ။

ဘယ်လိုမှ လက်ခံယုံကြည်ပေးလို့မရအောင်ဘဲ သွေးပျက်ချောက်ချားနေမှာပါပဲ။

မြိန်နားလည်ပါတယ် မောင်ရယ်။

မောင်အရမ်းခံစားနေရမယ်ဆိုတာ မြိန် သိပါတယ်။

အဲဒီလိုပါပဲမောင်။

မြိန်ကိုယ်တိုင်လည်း မောင်နဲ့မခြားအောင်ပဲ ခံစားနေရတာပါ။

မောင်ယုံပါနော်။

မြိန် မောင့်ကိုသိပ်ချစ်တယ်ဆိုတာ ယုံကြည်ပေးပါမောင်ရယ်။

"မြိန်"





"မောင်"

"ငြင်းပယ်လိုက်ပါ မြိန်"

"ရှင်"

"လူကြီးတွေ အတင်းအကြပ်စီစဉ်တာဆိုရင် မြိန် ငြင်းဆန်လိုက်ပါ"

"ဟင့်အင်း မောင်"

"မြိန်"

"လူကြီးတွေ အတင်းအကြပ်စီစဉ်တာ မဟုတ်ပါဘူး၊ မြိန်က ဦးမှန်းမာန်ကို လက်ထပ်ပါ့မယ်လို့ သဘောတူလိုက်တာပါ မောင်"

"ဟာ"

မောင့်ဘက်က အသံလေး တစ်ဒင်္ဂတိတ်ဆိတ်ငြိမ်သက်သွား၏။ မြိန်တစ်ယောက် နှုတ်ခမ်းသားလေးတွေကို တင်းတင်းလေး စေ့ပိတ်ထားမိသည်။ ငိုရှိုက်သံလေးတွေ မောင်မကြားရအောင် နှုတ်ခမ်းလေးတွေကို လက်ဝါးလေးနှင့် ဖိပိတ်ထားမိ၏။

နောက်ဆုတ်ပြီးသွားတော့မှ ငိုသံတွေနဲ့ နောင်တရပြနေတော့ရော ဘာထူးဦးမှာလဲ။

မောင့်အပေါ် သစ္စာဖောက်ခဲ့တာ မြိန်ကိုယ်တိုင်ပဲ မဟုတ်ဘူး။

ဒါဆို…

မြိန်ဟာ ကိုယ့်ချစ်သူဆီက ပေးအပ်လာမယ့် အပြစ်တစ်ခုခုကိုတော့ ကျေနပ်စွာခံယူသင့်တာပေါ့လေ။ ဒါကို ရှောင်လွှဲသွားဖို့ မျက်ရည်လေးတွေ၊ ငိုရှိုက်သံလေးတွေနဲ့ တားဆီးဖို့ မြိန် မကြိုးစားသင့်ပါဘူး။

"မြိန်"

"ပြောပါ မောင်၊ မောင့်ရင်ထဲမှာရှိတဲ့အတိုင်းသာ မြိန့်ကို ပြောပါ၊ မြိန် ခံယူပါ့မယ်မောင်"

"မောင် မြိန့်ကိုသိပ်ချစ်တယ်"

မောင်ရယ်။

မြိန်တစ်ယောက် မောင့်ဆီကကြားလိုက်ရသော စကား [illegible] လေးကြောင့် နေရာလေးမှာတင် သတိလစ်မေ့မြောသွားမတတ် ခံစားလိုက်ရသည်။

"တကယ်တမ်း ခွဲခွာရမယ်ဆိုတော့ မောင်တကယ် [illegible] စားနိုင်ဘူးမြိန်ရယ်၊ မြိန်ရဲ့ ဆုံးဖြတ်ချက်တွေကို ပြင်လိုက်ပါလား [illegible] ဟင်၊ မောင့်ဆီကို မြိန်လာခဲ့နော်၊ မောင်စောင့်နေမယ်သိလား [illegible] မောင်တို့တွေ့နေကျနေရာလေးကို မြိန်ရောက်အောင်လာခဲ့ပါ [illegible] မောင် မြိန်မလာမချင်း စောင့်နေပါ့မယ်"

"မောင်"

မြိန်တားဆီးသံလေး နောက်ကျသွားချေပြီ။

တစ်ဘက်ကနေ မောင်က ဖုန်းခွက်လေးကို ဝှပ်ချ [illegible]





အောင်ပင် ပြန်ချသွား၏။

လာခဲ့ပါတဲ့။

မြိန်မလာမချင်း မောင်စောင့်နေမှာတဲ့လေ။

မောင် ဘာကြောင့် အခုလို ဖွတ်တရွတ်ဆန်ရတာလဲကွယ်။

မောင့်ရဲ့တောင်းဆိုမှုကို မြိန် လိုက်လျောနိုင်ပါ့မလား။ မြိန် ဘယ်လောက်တောင်"အခက်အခဲတွေကြားထဲ ရောက်သွားလိမ့်မလဲဆိုတာ မောင်နည်းနည်းလေးမှ မတွေးပေးတော့ဘူးလားဟင်။

မြိန်တစ်ယောက် ဖုန်းခွက်လေးကို ညင်သာစွာ ပြန်ချလိုက်သည်။

"မြိန်"

"ရှင် အမေ"

"မောင်ဇာမဏီက ဘာတွေပြောလဲဟင်"

"သူ့ကိုလာတွေ့ပါတဲ့"

"ဟင်"

မေမေ့မျက်လုံးတွေ ပြူးသွား၏။ တစ်စုံတစ်ခုကို စဉ်းစား [illegible] စိုးရိမ်ပူပန်သလို ရှိနေသည်။

"သမီး"

"မြိန် မောင့်ကိုသွားတွေ့ပါရစေ အမေ"

"ဒါပေမယ့်"

"နောက်ဆုံးအကြိမ်အဖြစ် မြိန့်သွားပါရစေ အမေ၊ မြိန့် ဘဝတစ်သက်တာလုံး လိပ်ပြာသန့်သန့်နဲ့ ဆက်ပြီးရှင်သန်နိုင်ဖို့ မြိန့် မောင်နဲ့သွားတွေ့ပါရစေ"

မြိန့် ဆုံးဖြတ်လိုက်သည်။

မောင့်ကိုဆက်ပြီး ရှောင်ပုန်းမနေချင်တော့ပါ။

ရင်ဆိုင်တော့မယ်။

ဘယ်လိုအရာမျိုးတွေကိုပဲရရ မြိန့် လက်ခံတော့မယ်။

အမေက မြိန့်မျက်နှာလေးကို လေးနက်စွာ စိုက်ကြည့်ပြီး ခေါင်းညိတ်လက်ခံခဲ့၏။

မြိန့်

အမေ့ကိုကျေးဇူးတင်သော အကြည့်လေးတွေနှင့် ကြည့်ကာ နေရာလေးကနေ ချာခနဲနေအောင်ပင် လှည့်ထွက်ခဲ့တော့သည်။

✡ ✡ ✡



## အခန်း (၅)

"မောင်…အရမ်းအုံ့ဩနေရတယ်မြိန့်"

'Love' ကော်ဖီဆိုင်လေးတွင် မောင်က ထိုင်စောင့်နေသည်။ မြိန့်ရောက်လာတာတွေ့တော့ မြိန့်ထိုင်ဖို့ခုံလေးကို မောင်က သေချာပင် ပြင်ပေး၏။ မောင့်နံဘေးကခုံလေးပါ။ ချစ်သူနှစ်ဦး အမြဲတမ်း ဘေးချင်းယှဉ်တွဲပြီး ထိုင်နေကျခုံလေးကို မောင်က နေရာပေးပေမယ့် မြိန့်မရွေးချယ်ဘဲ မောင်နဲ့မျက်နှာချင်းဆိုင်ခုံတွင်သာ ဝင်ထိုင်လိုက်သည်။

မြိန့်လုပ်ရပ်ကို မောင်နားလည်ဟန်ရှိ၏။

ပြီးတော့ အုံ့ဩနေဟန်လည်းရှိသည်။

သို့ပေမယ့်….

မောင် ဘာတစ်ခွန်းမှတော့ ဆက်မပြောပါချေ။ ဝမ်းနည်း

ညှိုးငယ်သော မျက်ဝန်းတွေနဲ့သာ စိုက်ကြည့်ပြီး ခပ်တိုးတိုးလေး ငြီးတွားပါသည်။

"မြန့်ကို မောင်အရမ်းမုန်းတီးနာကျင်သွားမှာပဲနော်၊ ဒါက လည်း ဖြစ်သင့်ပါတယ်လေ၊ မြန်ကစပြီး မောင့်အပေါ်မှာ သစ္စာ မဲ့ခဲ့တာကို မောင်မှန်ပါတယ်"

"မြန်"

"ပြောပါ မောင်"

"မြန်ထင်လားဟင်"

"ရှင်"

"မောင် မုန်းတီးနာကျင်နေမယ်လို့လေ"

"မောင်"

"မောင် မြန့်ကိုချစ်နေတုန်းပဲမြန်၊ ရယ်စရာကောင်းမနေ ဘူးလားဟင် မြန်၊ မောင့်အသည်းနှလုံးတွေထဲမှာ အမုန်းတရားတွေ အရှင်းရှိမနေဘူး မြန်"

"မောင်"

"မြန်ကတော့ လက်ခံချင်မှာမဟုတ်ဘူးနော်၊ မောင်မဟုတ် တဲ့ တခြားသူစိမ်းတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ခိုလှုံဖို့ ဆုံးဖြတ်ထား တဲ့သူဆိုတော့ အခုလိုစကားမျိုးတွေကို မြန် ဘယ်ကြားချင်ပါတော့ မလဲ။ ဒါပေမယ့် မောင်က အမုန်တရားတွေကိုပဲ ပြောတတ်တော့





က်တယ်မြန်၊ မြန် စိတ်ဖြေသိမ့်နိုင်လောက်မယ့် စကားလုံးမျိုးတွေ နဲ့ ဟန်ဆောင်ပြီး မနေပြနိုင်ဘူးလေ၊ မောင်ချစ်ခဲ့တာ မုန်းဖို့မှမဟုတ် ဘာပဲမြန်၊ ဒါကြောင့် ကိုယ့်ကိုယ်ကို လိမ်ညာပြီး မုန်းတီးနာကျင် မနေချင်ပါဘူး၊ မောင် မြန့်ကိုချစ်နေဆဲပါပဲမြန်ရယ်"

"တော်ပါတော့မောင်ရယ် တော်ပါတော့ရှင်၊ သေဆုံးနေ တဲ့ မြန့်နှလုံးသားတွေ ဒီထက်ပိုပြီး စကားလုံးလှလှတွေနဲ့ မထိုးနှက် ချင်ပါနဲ့တော့ မောင်ရယ်၊ မြန် ခံနိုင်ရည်မရှိတော့လို့ပါ၊ တောင်းပန် ပါတယ်မောင်၊ မြန် မောင့်ကိုတောင်းပန်ပါတယ်ကွယ်"

မြန် တကယ်ပဲ တားဆီးလိုက်မိပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် မြန် ခြေလှမ်းတွေကို နောက်ဆုတ်လို့မှ ရတော့တာ။

အဖေ မြန်သိပ်ချစ်ရတဲ့ မြန့်အဖေ။

တယ်လီဖုန်းမြည်သံလာတိုင်း သွေးပျက်တုန်လှုပ်ချောက် ချားနေတတ်တဲ့ အဖေ့ရဲ့ပုံစံလေးကိုကြည့်ပြီး မြန့်ရင်ထဲမှာ တကယ်ပဲ နာတော့ပါ။ အကြွေးရှင်တွေက တစ်ချိန်လုံး ခြိမ်းခြောက်မှုမျိုးစုံနဲ့ ဆီက အကြွေးတောင်းနေကြတာလေ။ ကြာတော့ တယ်လီဖုန်း ကြောင် အဖေမကိုင်တော့ချေ။ ဖုန်းသံမြည်လာလျှင်ပင် နားနှစ် ကို ပိတ်ထားတတ်သည်။

အဲဒီလိုအခြေအနေမျိုးမှာမှ မြန်က ဘယ်လိုလုပ်ပြီး

မောင့်ရင်ခွင်ထဲ မျက်စိစုံမှိတ်ပြီး တိုးဝင်ရက်ပါ့မလဲ။

ဂုဏ်သိက္ခာကို အသက်လောက် ကိုးကွယ်တဲ့ အဖေ့ရင်ကို ရက်ရက်စက်စက် ရိုက်ချိုးဖျက်ဆီးရက်ပါ့မလဲ။

မောင်ရယ် မြို့ကို နားလည်ပါနော်။

အဖေ့ရဲ့ မျှော်လင့်ချက်တွေကို မြို့ မဖျက်ဆီးပါရစေနဲ့ မောင်ရယ်။

မြို့ မလုပ်ရက်ဘူး။

“မြို့”

“ရှင်”

“မောင့်ကို အကြောင်းပြချက်တစ်ခုခုတော့ ပေးသင့်တယ်လို့ မထင်ဘူးလားဟင်”

“ရှင်”

“မောင့်ကို ရက်ရက်စက်စက် ထားရစ်ခဲ့ဖို့ ဆုံးဖြတ်ခဲ့ရတဲ့ အကြောင်းအရင်းအမှန်ကိုတော့ မောင်သိထားသင့်တယ်လို့ ထင်တယ် မြို့၊ မြို့ ပြောပြနိုင်မလားဟင်”

မြို့ ခေါင်းလေးကို ညင်သာစွာပင် ခါယမ်းပြမိသည်။

အဖေ့ကြောင့်လို့ မြို့ အပြစ်မဖို့ရက်ပါဘူး။

မြို့ လက်ညှိုးမထိုးရက်ပါဘူး။

“မြို့”





“မြို့ကို ခွင့်မလွှတ်ပါနဲ့မောင်၊ ဦးမှန်းမာန်ကို မြို့ လုံးဝ မချစ်ဘူးမောင်၊ သူ့ကိုလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာကလွဲပြီး မြို့ရင်ထဲမှာ မောင့်ကိုချစ်တဲ့ အချစ်တွေ ထာဝရရှင်သန်နေဆဲပဲဆိုတဲ့ အချက်ကလွဲပြီး မြို့မှာ တခြားပြောစရာစကား မရှိတော့ပါဘူးမောင်ရယ်”

“မောင်ယုံပါတယ် မြို့၊ မြို့ဟာ ငွေမက်တဲ့၊ ဂုဏ်မက်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာလည်း မြို့နဲ့ အနီးကပ်နေခဲ့တဲ့ မောင်က အသိဆုံးပါပဲ၊ ဒါပေမယ့် အခုကိစ္စက သွေးရိုးသားရိုးမှမဟုတ်တာဘဲ မြို့၊ ပြီးတော့ မြို့က ချက်ချင်းကြီး ဆုံးဖြတ်ခဲ့ရတာလေ၊ အဲဒီ့နောက်ကွယ်မှာ ကြီးမားတဲ့ပြဿနာတစ်ခုခုတော့ ရှိနေတယ်ဆိုတာ မောင်ခံစားလို့ရနေတယ် မြို့၊ ဒါကို မောင်ဘယ်လို ကူညီဖြေရှင်းပေးနိုင်မလဲဆိုတာ သိချင်တာပါ”

မဖြစ်နိုင်ပါဘူး မောင်။

မောင်မကူညီနိုင်ပါဘူးကွယ်။

မောင့်အခြေအနေကို မြို့ကအသိဆုံးပဲဟာ။

မောင့်စိတ်တွေကို တင်းမခံသင့်တော့ပါဘူးကွယ်။

“မြို့”

“မြို့ ဘာမှမပြောချင်ပါဘူးမောင်၊ မြို့ပြောနိုင်တာတစ်ခုတည်းပဲရှိပါတယ်၊ အဲဒါ မြို့ မကြာခင် ဦးမှန်းမာန်နဲ့ လက်ထပ်[?]မယ်ဆိုတာပါပဲမောင်”

"မြန်"

မောင်က အထိတ်တလန့်ပင် တားဆီးပါသည်။

"အမှန်တရားကို မောင်လက်ခံပေးပါ၊ မြန်တောင်းဆိုတာပါ မောင်"

"သိပ်ချစ်ရတဲ့ ချစ်သူနှစ်ယောက် လမ်းခွဲရမယ့်အရေးမှာ နိုင်လုံတဲ့ အကြောင်းပြချက်တော့ ရှိရမှာပေါ့ မြန်"

"အဲဒီအကြောင်းပြချက်ကို အန်တီပြောပြလို့ရမလား မောင်ဇာမဏီ"

"ဟင် မေမေ"

"ဟာ"

မထင်မှတ်စွာ မြန်တို့ရှိနေသော ကော်ဖီဆိုင်လေးအတွင်းသို့ ရောက်လာသော အမေ့ကို တွေ့လိုက်ရသဖြင့် အလန့်တကြားလေး မော့ကြည့်လိုက်မိသည်။

"လူငယ်တွေကြားထဲ အန်တီဝင်ပါခဲ့ရတဲ့အတွက် အန်တီ့ကို ခွင့်လွှတ်ပါ၊ ဒါပေမယ့် အန်တီစိုးရိမ်စိတ်တွေနဲ့ တစ်ချိန်လုံး ပူလောင်နေရတယ်ကွယ်၊ မြန်ကို မယုံကြည်တာမဟုတ်ပေမယ့် အန်တီစိတ်မချနိုင်ခဲ့ဘူး၊ မောင်ဇာမဏီကို ချစ်တဲ့အချစ်တွေနဲ့ မြန် ဆုံးဖြတ်ချက်တွေ ပြန်ပြောင်းသွားမှာကို အန်တီမလိုလားနိုင်အောင်ပဲ ဖြစ်နေရတယ်လေ၊ ခွင့်လွှတ်ပါ၊ မောင်ဇာမဏီ အန်တီတို့မှာရှိနေတဲ့





အခက်အခဲတွေကြောင့် သားတို့ရဲ့ချစ်ခြင်းကို ရက်ရက်စက်စက် ခွဲခဲ့ရတဲ့အတွက် ခွင့်လွှတ်ပါသားရယ်၊ အန်တီ သားကို တောင်းပန်ပါတယ်"

အမေက သွေးအေးစွာပင် စကားဝိုင်းလေးထဲ ပါဝင်လာခဲ့သည်။

မောင်ရော မြန်ပါ မကန့်ကွက်မိ။

နှစ်ယောက်စလုံးငြိမ်သက်ကာ နားထောင်နေမိ၏။

"တကယ်တော့ မောင်ဇာမဏီကို အန်တီတို့ လက်မခံချင်လို့ အခုလိုဆုံးဖြတ်ခဲ့တာ မဟုတ်ပါဘူး၊ မြန်ကလည်း မောင်ဇာမဏီကို မချစ်တော့လို့ နောက်တစ်ယောက်ဆီ ပြောင်းသွားတာလည်း မဟုတ်ပါဘူး၊ အန်တီတို့ရဲ့မိသားစု အိမ်တွင်းရေးအခက်အခဲကြောင့်ပါ မောင်ဇာမဏီ"

"အမေ"

မြန် အထိတ်တလန့် တားဆီးမိသည်။

"အမေမရှက်ပါဘူးသမီးရယ်၊ မောင်ဇာမဏီက သိတတ်လိမ္မာတဲ့ မိကောင်းဖခင်သားသမီးတစ်ယောက်ပါ၊ ဒီလိုကလေးမျိုးကို အမေတို့က ပွင့်ပွင့်လင်းလင်း ဖြေရှင်းမပြရင် ဘယ်တရားပါ့မလဲ မြန်"

အမေကတော့ ဆုံးဖြတ်ချက်ပြတ်သား၏။

မောင့်ကိုလည်း အမေက ခင်သလို သံယောဇဉ်လည်း ကြီးသည်။

မောင်နဲ့ ချစ်သူတွေဖြစ်သွားကြပြီလို့ အမေ့ကို ပွင့်လင်းစွာ ဝန်ခံတော့ အမေက ကျေကျေနပ်နပ်ကြီး သဘောတူလက်ခံခဲ့တာလေ။ ရိုးသားပြီး စိတ်သဘောထားဖြူစင်တဲ့ မောင့်ဘက်က ရပ်တည်ပြီး အမေ့ကိုတောင် အမေက အသိပေးခဲ့တာပဲဟာ။ မြန်တို့ မိသားစုကြားတွင် ဘယ်လိုအကြောင်းအရာမျိုးကိုမှ လျှို့ဝှက်ဖုံးကွယ်ထားခြင်းမျိုး မရှိချေ။

အမေကတော့ အမေ့စကားတစ်ခွန်းပါပဲ။

အမေ ခေါင်းညိတ်လက်ခံတယ်ဆိုရင် ပြီးပြီ။

မြန် ရွေးချယ်ခဲ့တဲ့ ချစ်သူကို အမေကလည်း မကန့်ကွက်ခဲ့ချေ။

ခက်တာက အမေ့ရဲ့အကြွေးဒုက္ခတွေပဲ။

မထင်မှတ်ဘဲ လုပ်ငန်းတွေ အရှုံးပေါ်ပြီး အကြွေးတွေက တဖြည်းဖြည်းပိလာခဲ့သည်။

အမေဘယ်လိုမှ မရှင်းနိုင်တော့။

အမေ့ပြဿနာကို ကူညီဖြေရှင်းနိုင်တာက ဦးမုန်းမာန် တစ်ယောက်ပဲရှိ၏။ အားလုံးဖြေရှင်းပေးမည်တဲ့။ ပြီးတော့ အိမ်ဂရမ် ကိုလည်း ပြန်ပေးမယ်တဲ့။





တောင်းဆိုချက်က တစ်ခုတည်းရှိသည်။

မြန်ကို လက်ထပ်ပါရစေတဲ့လေ။

သူ…

တကယ်ပဲ ချစ်မြတ်နိုးလို့ လက်ထပ်ချင်တာပါတဲ့။

အမေ ဘယ်လိုငြင်းနိုင်မလဲ။

အခုအချိန်မှာ အခုလိုအခွင့်အရေးပေးတာနဲ့တင် အမေက ကျေးဇူးတွေအရမ်းတင်နေခဲ့သည်။ မွန်းကြပ်ပိတ်ဆို့နေတဲ့ နေရာက နေ ဖျတ်ခနဲပွင့်လာတဲ့ တံခါးချပ်လေးတစ်ချပ်။ အမေ ပြေးထွက်နိုင်မယ့် တံခါးပေါက်တစ်ခုပါ။ ဒီအခွင့်အရေးကို အမေက သက်လွှတ်ခံချင်ပါ့မလား။

မြန် အမေ့ကို နားလည်ပါသည်။

အတ္တကြီးလိုက်တာဟုလည်း အပြစ်မမြင်ချင်ပါ။

ဂုဏ်သိက္ခာတွေအတွက်၊ အမေ့ရဲ့နာမည်တစ်ခုအတွက် ...ီးဖြစ်သူ မြန့်ဆီက အကူအညီတောင်းခဲ့၏။

ဒါတွေအားလုံးကို အမေက မချွင်းမချန် မောင့်ကို ...ဆေးစွာပင် ရှင်းပြနေခဲ့သည်။

မြန်…

ဘာကြောင့် မောင့်ကိုထားခဲ့ရသလဲဆိုတဲ့ အကြောင်းပြ ချက်ကို အမေက ကြားကနေ ဖြေရှင်းပေးနေခဲ့သည်။

"သားနားလည်မလားဟင်၊ သမီးဆီက ဒီလိုတောင်းဆို လိုက်ရတဲ့ မိဘတွေရင်ထဲက ထိခိုက်နာကျင်နေရတဲ့ ခံစားချက်ကို သားနားလည်ပါ့မလားကွယ်"

အမေက

မျက်ရည်များကို လက်ကိုင်ပဝါလေးနှင့် တို့သုတ်ပြီး အသံတုန်တုန်လေးနှင့် ပြောရှာသည်။

"နောက်ဆုတ်ပေးပါ သားရယ်၊ သားကို အန်တီ တောင်းပန်ပါတယ်၊ အန်တီတို့ရဲ့ အခက်အခဲကို သားတကယ်ခဲ ကူညီချင်တယ်ဆိုရင် သားအချစ်တွေကို ပြန်ရုပ်သိမ်းပြီး မြိန့်ကို လွှတ်လပ်ပေးပါ့ပါးစွာနဲ့ သွားခွင့်ပြုလိုက်ပါတော့နော်"

အမေ့ရဲ့တောင်းဆိုသံသဲ့သဲ့။

မောင် ငြိမ်သက်နေသည်။

တိတ်ဆိတ်နေ၏။

ဘာစကားတစ်ခွန်းမျှမပြောဘဲ ကြေကွဲဝမ်းနည်းသေ မျက်ဝန်းလေးတွေကို ကွယ်ဝှက်ကာ ခေါင်းလေးစိုက်ကျနေခဲ့ သည်။

"မြိန့်"

"ရှင်"

"သမီးကို ကားပေါ်ကနေပဲ အမေစောင့်နေတော့





နော်"

"........"

မြိန့် ခေါင်းလေးပဲ ညိတ်ပြမိသည်။

မြိန့်...ပြန်မလိုက်လာမှာစိုး၍ မေမေစောင့်ခေါ်မည်ဟု အသိပေးခြင်းဖြစ်ကြောင်း မြိန့် နားလည်လိုက်သည်။

အမေက ဆိုင်လေးထဲကနေ ပြန်ထွက်သွား၏။

စားပွဲဝိုင်းလေးတွင်တော့ မောင်နဲ့မြိန့်သာ ထိုင်လျက်ကျန် နေရစ်ခဲ့သည်။

"မြိန့်"

"ရှင်"

"မြိန့်သွားပါ"

မောင်ရယ်။

"မြိန့်ကို မောင်မနင်ရက်ပေမယ့် မဖြစ်မနေသွားရမယ့် သူတစ်ယောက်ကို သံယောဇဉ်ကြိုးတွေနဲ့ နှောင်ရစ်ပြီး မောင်မတား ဆီးချင်တော့ပါဘူး မြိန့်၊ မြိန့်ကို မောင်သိပ်ချစ်ပေမယ့် ချစ်ကံနည်း သူတစ်ယောက်ရဲ့ ပေးဆပ်ခွင့် ဆုံးရှုံးမှုလေးကိုတော့ မောင့်ဘဝ တစ်သက်တာလုံးအတွက် အမှတ်တရအဖြစ်ပဲ သိမ်းထားလိုက်ပါ တော့မယ်မြိန့်၊ မြိန့် သွားပါ"

မောင်ရယ်။

ကျေးဇူးတင်ပါတယ်လို့ မပြောနိုင်ခဲ့တဲ့ မြိန့်အဖြစ်ကို မောင်သာ နားလည်ခဲ့မယ်ဆိုရင် အခုအချိန်မှာ မြိန်ဘယ်လောက်ထိ ခံစားနေရသလဲဆိုတာ သိထားလိုက်ပါတော့နော်။

မြိန်…

ခုံလေးကနေ ညင်သာစွာထရပ်လိုက်ပြီး မောင့်ကို ကျောခိုင်းကာ လှည့်ထွက်လိုက်မိတော့သည်။

✡ ✡ ✡



## အခန်း (၆)

"မြိန်"

ခေါ်သံသဲ့သဲ့ကြောင့် မြိန့်ရဲ့မှေးမှိတ်နေသော မျက်ဝန်းလေး …မှ ညင်သာစွာပွင့်သွားရသည်။

"မြိန် ထတော့လေ၊ ဘယ်အချိန်ရှိနေပြီလဲ မြိန်"

တံခါးခေါက်သံနှင့်အတူ သူမကို အဆက်မပြတ် နှိုးနေသော ဦးမုန်းမာန်၏ အသံကိုပါ ခါးသီးစရာကောင်းလောက်အောင် ကြားနေရသည်။

မြိန်။

အခုမှပဲ သူမကိုယ်သူမ သတိထားမိသွားရ၏။

မြိန်နှစ်မြိုက်စွာ အနားယူအိပ်စက်ခဲ့သော အိပ်ရာလေးကို သေသေချာချာကြည့်မိသွားသည်။

ကြည့်စမ်း။

မြိန့်အိပ်စက်ခဲ့တာ ဟိုအရင်က သေးကျဉ်းတဲ့ တစ်ယောက်အိပ်ခုတင်လုလုလေးမှ မဟုတ်ခဲ့တာ။ မြိန့်အိပ်ရာလေးပေါ်တွင်လည်း သိပ်ပြီးချစ်စရာကောင်းတဲ့ မွေးပွရုပ်လေးတွေမရှိ။ မြိန့်အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်များသည် မြိန့်နှစ်သက်မြတ်နိုးသော ကာတွန်းရုပ်လေးများပါသည့် အခင်းများမဟုတ်ချေ။

ကျယ်ပြန့်သော နှစ်ယောက်အိပ်မင်္ဂလာခုတင်ကြီး ဖြစ်နေပြီး မွေ့ရာကြီးကလည်း အိစက်သော ခန္ဓာကိုယ်လေးပင် နစ်မြုပ်မတတ်ပါပဲ။ အိပ်ရာခင်းတွေ ခေါင်းအုံးတွေက အစစအရာရာအားလုံး ပန်းနုရောင်လွှလွှလေးဖြစ်နေသည်။

နာရီကို မြိန့်လှမ်းကြည့်မိတော့ ရှစ်နာရီတိတိ။

နေပါဦး။

ဒါ နောက်တစ်နေ့နံနက်များလား။

မြိန့် ပြတင်းပေါက်မှန်တံခါးမှတစ်ဆင့် အပြင်ဘက်ပတ်ဝန်းကျင်ဆီ လှမ်းကြည့်လိုက်သည်။ ကောင်းကင်ပြင်တစ်ခုလုံးနက်ပြာရောင်ရင့်ရင့်သန်းကာ လကွေးကွေးလေးနှင့်အတူ ကြယ်မှုန်မွှားလေးအချို့ကို မြင်လိုက်ရသည်။

ညရှစ်နာရီတောင်ထိုးနေပြီပဲ။

ကြည့်စမ်း။





မြိန့်ဟာ မင်္ဂလာပွဲပြီးသွားလို့ ဒီတိုက်ကြီးထဲရောက်လာတဲ့အချိန်ကစပြီး နာရီပေါင်း ဘယ်လောက်များတောင်များ အိပ်မောကျသွားခဲ့ပြီလိမ့်။

"မြိန့်"

တံခါးတွန်းဖွင့်သံနှင့်အတူ အခန်းထဲသို့ ဝင်လာသူက ဦးမှန်းမာန်ပါပဲ။

"ဘာကိစ္စရှိလို့လဲ ဦးမှန်း"

မြိန့်ရဲ့မေးသံ မာဆတ်ဆတ်ကြောင့် မှန်းမာန်ပင် ကြောင်အအလေးဖြစ်သွားရသည်။ ဒီမင်္ဂလာအခန်းကြီးထဲကို အထွေအထူးကိစ္စရှိမှ သူဝင်ရမှာလား။ ဒါက မြိန့်နှင့်သူ လက်ထပ်ပြီးလျှင် နှစ်ယောက်အတူတူနေဖို့ သူ့စိတ်ကူးလေးတွေအတိုင်း အသေးစိတ်သေသေချာချာ ပြင်ဆင်ထားခဲ့တဲ့ မင်္ဂလာအခန်းလေးပါ။

ဒါကို

မြိန့်မသိနားမလည်တာတော့ မဟုတ်နိုင်ပါ။

သူ့ကိုမုန်းတီးနာကြည်းစိတ်များကြောင့်သာ သူစိမ်းဆန်ဆန် မြိန့် ဆက်ဆံပြောဆိုနေခြင်းပဲဖြစ်မည်။

"မြိန့်ကိုလာနှိုးတာလေ၊ တစ်နေ့လုံးလည်း မြိန့် ဘာမှမစားရသေးဘူး မဟုတ်လား၊ မြိန့် စိတ်ရောလူပါ တအားပင်ပန်းပြီး အိပ်ပျော်နေလို့ မနှိုးရက်ပေမယ့် ညစာတော့ စားမှဖြစ်မယ်လေ

မြိန့်၊ ဒါကြောင့် ကိုယ်လာနိူးတာ”

အင်း ဟုတ်သားပဲ။

မြိန့် စိတ်ညစ်ညစ်နှင့် မနက်စာနဲ့ညစာတွေ မမှန်တာလည်း များလှပြီ။ ဒီနေ့လည်း မြိန့် ဝမ်းနည်းစွာငိုနေရင်း ပင်ပန်းနွမ်းနယ်ပြီး အိပ်ပျော်သွားတာလေ။ သူသတိပေးတော့မှပဲ ဘာမှမစားရသေးတာကို သတိရကာ ဗိုက်လေးပင် ဆာလောင်လာရ၏။

“မြိန့်၊ အရင်ဆုံး ရေချိုးလိုက်ပါလားဟင်၊ ဒါမှ မြိန့် စိတ်တွေ လန်းဆန်းသွားမှာ၊ ပြီးမှ ညစာအတူတူစားကြတာပေါ့ မြိန့်၊ ညစာကို ကိုယ်ချက်ထားပြီးပြီ၊ မြိန့်ဆင်းလာရင်စားရအောင် ကိုယ်ပြင်ဆင်ထားမယ်နော်၊ ရေချိုးပြီးမှ မြိန့်ဆင်းလာခဲ့တော့”

ဦးမုန်းမာန်က အပြုံးနုနုလေးတွေနှင့် မှာစရာရှိတာကို အေး ဆေးတည်ငြိမ်စွာပင် မှာနေ၏။

နေစမ်းပါဦး။

မြိန့်နဲ့သူက အခုလို သွေးအေးအေးနဲ့ မျက်နှာချင်းဆိုင် စကားပြောနိုင်လောက်အောင် ဘယ်အချိန်တုန်းကများ သင့်မြတ်ခဲ့ရ လို့လဲ။ မင်္ဂလာပွဲတုန်းကလည်း သူ့စိတ်တွေ ကသိကအောက်ဖြစ် အောင် မြိန့်လုပ်ခဲ့သည်။

ဒီတိုက်ကြီးထဲရောက်သည့်အထိ မြိန့် ပြဿနာရှာကာ ပေါက်ကွဲခဲ့၏။ ဒါတွေကို သူမေ့သွားတာတော့ မဖြစ်နိုင်ပါ။ မြိန့်





ရန်မဖြစ်ချင်၍ အလျှော့ပေးကာ မေ့ပျောက်ချင်ဟန်ဆောင်ပြီး မြိန့်ကို စိတ်ရှည်ရှည်နဲ့ ပြန်လာစကားတွေပြောနေဟန်ရှိသည်။

“မြိန့်”

“မြိန့်ရေချိုးလိုက်ဦးမယ်”

“ချိုးလေ မြိန့်၊ ဟောဟိုက အဝတ်ဘီဒိုထဲမှာ မြိန့်အတွက် အဝတ်အစားတွေရှိတယ်၊ ကိုယ့်စိတ်ကူးနဲ့ဝယ်ထားတာဆိုတော့ မြိန့် အကြိုက်ဖြစ်ပါ့မလားမသိဘူး၊ ဒါပေမယ့် မြိန့်မကြိုက်လည်း ဒီ တစ်ကြိမ်တော့ဝတ်ခဲ့ပါ၊ မနက်ဖြန်ကျရင် မြိန့်စိတ်ကြိုက် ကိုယ် အသစ်တွေပြန်ဝယ်ပေးပါ့မယ် မြိန့်”

မြိန့် ဘာမှပြန်မပြောဘဲ အဝတ်စင်လေးပေါ် အသင့်တင် ထားသော မွေးပွမျက်နှာသုတ်ပဝါပိုင်းကြီးကိုယူကာ ရေချိုးခန်းဆီ လျှောက်သွားလိုက်သည်။

သူမရေချိုးခန်းတံခါးဝဆီအရောက်

“ကိုယ် အောက်ထပ်ကနေ စောင့်နေမယ်နော် မြိန့်”

ဦးမုန်းမာန်က သူမကိုမှာခဲ့ပြီး အခန်းထဲမှ ပြန်ထွက်သွား ကာ အပြင်ဘက်အခန်းတံခါးရွက်ကလေးကို ညင်သာစွာပင် ပြန် ပိတ်သွားသည်။

မြိန့်တစ်ယောက်တည်း ရေကို အေးဆေးစွာ စိမ်ပြီးချိုး လိုက်၏။ သူပြောသလိုပါပဲ ရေချိုးလိုက်တော့မှပဲ သူမခန္ဓာကိုယ်

လေး လန်းဆန်းသွားပြီး စိတ်လည်းကြည်လင်လာရသည်။

ပြီးမှ အဝတ်အစားဘီဒိုကို ဖွင့်လိုက်၏။

ဟင်။

မြိန် အရမ်းကို အံ့ဩသွားရသည်။

ညအိပ်ဝတ်စုံလေးတွေက မြိန်နှစ်သက်သော ကာတွန်းရုပ်လေးတွေပါသည့် ဒီဇိုင်းလေးတွေဖြစ်နေ၏။ Panda လေးတွေ၊ Micky Mouse ရုပ်လေးတွေ၊ Hello Kitty ရုပ်လေးတွေ၊ POOH ရုပ်လေးတွေစသော အရုပ်ကလေးတွေပါသော အရောင်အသွေးစုံ ညဝတ်အင်္ကျီ ဝမ်းဆက်အစုံလိုက်လေးတွေ ဖြစ်နေသည်။

မြိန်က ညဝတ်အင်္ကျီဆို ဘယ်သောအခါကမှ ဂါဝန်ပါးပါးကို မဝတ်တတ်ချေ။ ဘောင်းဘီရှည် (သို့) ဘောင်းဘီတိုပွပွလေးတွေကိုသာဝတ်ကာ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ဝတ်တတ်သည်။ ခွခေါင်းအုံးကို အမြဲခွရမှ အိပ်ပျော်တတ်သော မြိန်အတွက် ထိုဝတ်စုံမျိုးတွေကသာ စိတ်ပေါ့ပါးတာကြောင့်လည်း အမြဲတမ်း ထိုဝတ်စုံတွေကိုသာ ဝယ်ဝတ်တတ်၏။

ဒီတစ်ခါတော့

ဦးမုန်းမာန်ရဲ့စိတ်ကူးက မြိန့်အတွက် အင်မတန် အဆင်ပြေခဲ့သည်။

မြိန်





ဝတ်စုံလေးတစ်စုံယူဝတ်ကာ အောက်ထပ်သို့ဆင်းဖို့ အခန်းထဲကနေထွက်ခဲ့၏။

မြိန်အခုမှ သတိထားမိသွားရသည်။

တိုက်ကြီးတစ်ခုလုံး အပ်ကျသံပင်မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းနေတာကိုလေ။ ဒီတိုက်ကြီးထဲမှာ မြိန်နဲ့ ဦးမုန်းမာန်တို့နှစ်ယောက်တည်း ရှိနေတာလား။ အခြားအိမ်အကူ အလုပ်သမားတွေအသံလည်း မကြားရချေ။

မြိန် ထမင်းစားခန်းလေးဆီရောက်သွားတော့ ဦးမုန်းမာန်က ထမင်းပွဲတွေ ကိုယ်တိုင်ပြင်ဆင်ကာ ရှုးခပ်နေ၏။

"ဟော မြိန်ရောက်လာပြီလား၊ ရေချိုးပြီးသွားတော့ မြိန့်ဗိုက်အရမ်းဆာနေမှာပဲနော်၊ ခဏလေးမြိန်၊ ခဏလေးစောင့်နော်၊ ကိုယ်ဟင်းတွေပူသွားအောင် နည်းနည်းပြန်နွှေးနေလို့ ခဏလေးပဲ စောင့်"

သူက သူမထိုင်ဖို့ ထိုင်ခုံလေးကိုဆွဲပေးပြီး နေရာကနေ ချက်ချင်းပင် နောက်ဖေးမီးဖိုခန်းဘက်ဆီ ထွက်သွားပြန်သည်။

ဟင်းနံ့တွေကမွှေးနေလို့လား။ မြိန်ကိုယ်တိုင်ပဲ မနက်က တည်းက ဘာတစ်ခုမှမစားထားလို့လားမသိ လူက တအားကိုဆာ လောင်လာ၏။ စားပွဲပေါ်တွင်လည်း ထမင်းပွဲရော ဟင်းပွဲအချို့ပါ ပြင်ဆင်ထားပြီးသားပါ။ ဒါကို ဘယ်လိုဟင်းတွေ ထပ်ပြီးသူနွှေးနေ

တာပါလိမ့်။

မြိန့်ဗိုက်က သံစုံမြည်နေပြီမို့ ဆက်ပြီးမစောင့်ချင်တော့။ ထမင်းပန်းကန်ပြားလေးနံဘေးတွင် အသင့်ချထားသော ဖွန်းခက်ရင်း အစုံကို ကောက်ယူကာ ဦးမုန်းမာန်ကို စောင့်မနေတော့ဘဲ မြိန် တစ်ယောက်ရှိနေသော ဟင်းများခပ်ထည့်ကာစားနေမိသည်။

"ဟောဗျာ အဟွန်း ဟွန်း၊ မြိန်ကစားနှင့်နေပြီကိုး"

မြိန်

သူ့အသံကြားတော့ နည်းနည်းမျက်နှာပူသွားရ၏။

လူက သူချက်ကျွေးတာကို မစားချင်ပေမယ့် အင်မတန် ဆန္ဒပြင်းပြကာ တောင့်တလွန်းသော မြိန့်အစာအိမ်ကတော့ ခေါင်း မခါနိုင်ခဲ့ချေ။ အရှက်မဲ့စွာပင် လက်ရာကောင်းလွန်းသော ဟင်းလျာ များကို ခေါင်းမဖော်နိုင်စတမ်းပင် စားသောက်နေမိတော့သည်။

သူ။

ရယ်နေမလား။

မြိန့်အဖြစ်ကို သူ ပြုံးပြုံးကြီးစိုက်ကြည့်နေမလားဆိုတာ လည်း မြိန်မစောင့်ကြည့်ချင်တော့။ သေချာတာတစ်ခုက သူလက်ရာ နဲ့ ဟင်းချက်စွမ်းရည်က အင်မတန်ပင်ကောင်းမွန်လွန်းနေသည်။

ယောကျ်ားတစ်ယောက်ဖြစ်ပြီး သူ့ဒီလောက် ဟင်းတွေ စဉ်ချက်ပြုတ်တတ်တာ ယုံပင်မယုံနိုင်စရာ။ ပြောမယ့်သာပြော





တာ မိန်းကလေးဖြစ်တဲ့ မြိန်ပင် သူ့လောက် လက်ရာကောင်းကောင်း မချက်တတ်ချေ။

မြိန်တို့အိမ်မှာ ဟင်းချက်တာအမေပဲ။ ပြီးတော့ အကူ အလုပ်သမားကောင်မလေးတွေရှိသည်။ မြိန်က ကျောင်းတက်တဲ့ အလုပ်နဲ့ စာကျက်တဲ့အလုပ်ပဲလုပ်တာလေ။ မြိန် အဝတ်အစားကို လျှော်ဖွပ်ပြီး မီးပူတိုက်ပေးတာ အကူကောင်မလေးတွေပါပဲ။ မြိန် အိမ်အလုပ်ဆို ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်တတ်ချေ။

ထမင်းစားဝိုင်းဆိုလည်း အသင့်ပြင်ပြီးပြီဆိုမှ မြိန်ထိုင် တတ်သည်။ စားပြီးလျှင်လည်း ဒီအတိုင်းထသွားတာပဲ။ အနောက် သိမ်းဆည်းဆေးကြောတာက ကောင်မလေးတွေရဲ့အလုပ်။ မြိန် ဘယ်တုန်းကမျှ လှည့်မကြည့်တတ်ခဲ့ပေ။

အခုတော့

မြိန်အတွက် အထူးအဆန်းတစ်ခုကို တွေ့မြင်နေရသည်။

ဦးမုန်းမာန်ရဲ့ တိုက်ကြီးထဲတွင် မည်သည့်အကူအလုပ် သမားမှမတွေ့ချေ။

ဦးမုန်းမာန်များ တမင် ဘယ်သူမှမထားဘဲ ခဏထုတ် ထားတာလား။ မြိန်နဲ့က အဆင်မပြေတာမို့ သူစိမ်းတွေရှိနေလျှင် ...၍ အခုလိုမျိုး လုပ်ထားတာလားတော့မသိ။ အလုပ်သမား တစ်ယောက်မှကို ရှိမနေချေပါချေ။

"မြန် ဘယ်နဲ့နေလဲဟင်၊ ကိုယ့်လက်ရာက စားလို့အဆင်ပြေရဲ့လား။ ကိုယ်က တစ်ယောက်တည်းသမားဆိုတော့ ဖြစ်သလိုပဲ ချက်ပြုတ်စားတတ်တာဆိုတော့ အလုပ်သမားတစ်ယောက်မှ ခန့်မထားတော့ဘူးလေ၊ အပြင်မှာ အပေါင်းအသင်းတွေနဲ့ တစ်ခါတလေ စားတတ်တာကြောင့်လည်း အိမ်မှာ သိပ်မစားဖြစ်တော့၊ ဟင်းချက်ထမင်းချက် အလုပ်သမားမခန့်ထားဘူး မြန်၊ ဒါပေမယ့် အလုပ်သမားအသစ်နှစ်ယောက်တော့ လိုချင်တယ်လို့ ပွဲစားကို မှာထားပါတယ်၊ တစ်ပတ်လောက်တော့ စောင့်ရမယ်တဲ့မြန်၊ ဒီအတောအတွင်းတော့ ကိုယ်ပဲချက်ရဦးမှာဆိုတော့ မြန် စိတ်ရှည်ရှည်လေးနဲ့ ကိုယ့်လက်ရာကို ဆက်ပြီးစားပေးရဦးမှာပေါ့ကွာ၊ နောက်ဆိုရင်တော့ မြန့်စားလို့ အဆင်ပြေသွားမှာပါ"

သူက ညစာစားနေရင်းနှင့် မြန့်ကို စိတ်ရှည်စွာပင် ရှင်းပြနေပါသည်။

သူက သူ့လက်ရာကို ချိုးနှိမ်ကာ မြန်စားမကောင်းဘူးထင်ပြီး သနားကာ အားနာနေ၏။ သို့သော် သူဖူးခပ်ထားသော ထမင်းအုပ်ကလေးကို ဖွင့်ကြည့်မိမည်ဆိုပါလျှင် မြန် ဘယ်လောက်တောင် စားလို့သောက်လို့ကောင်းသလဲဆိုတဲ့ အချက်ကို သိရှိသွားမှာသေချာပါသည်။

သို့ပေမယ့်...





မြန် ဘာစကားမျှပြန်မပြောမိပါ။

တိတ်ဆိတ်ငြိမ်သက်စွာပင် ညစာကို သူနှင့်အတူတူ တစ်စားပွဲတည်းတွင် ထိုင်စားနေမိသည်။

သူဘာတွေပြောပြော အာရုံထဲမှာ မြန်မထားမိ။

မြန့်ရင်ထဲမှာ မောင့်ကိုပဲ တမ်းတကာ ချစ်မြတ်နိုးနေသော အချက်တွေနှင့်ပဲ ပြည့်လျှံနေခဲ့သည်။

မောင်။

မောင့်ကိုသတိရလိုက်တာ။

မောင့်အကြောင်းလေး တွေးမိပြန်တော့ မြန့်ကို ငွေတွေပုံအောပေးပြီး ဝယ်ယူခဲ့သော ဦးမုန်းမာန်ကို နာကြည်းမုန်းတီးသွားရပြန်၏။

မုန်းတယ်။

ရှင့်ကိုမြန် အရမ်းမုန်းတယ် ဦးမုန်းမာန်။

စားလက်စဇွန်းခက်ရင်းအစုံကိုချလိုက်၏။

"ဟင် မြန်၊ စားလို့တော်ပြီလား ဘာဖြစ်လို့လဲဟင်၊ စားမကောင်းလို့လား မြန်"

မြန် မဖြေမိပါ။

ခုံလေးကို နောက်သို့ဆုတ်လိုက်ပြီး ထိုင်ရာကနေ ဆတ်ခနဲရပ်ကာ ထမင်းစားဝိုင်းလေးကိုရော သူ့ကိုပါ ကျောခိုင်းထွက်

ခဲ့လိုက်သည်။

"မြိန်"

ခေါ်သံက နောက်ကျောဘက်ဆီမှာ ကျန်နေရစ်ခဲ့၏။

မြိန်လှည့်မကြည့်မိတော့ချေ။

ကြေကွဲဝမ်းနည်းစိတ်များနှင့်အတူ အပြေးကလေးသာ မြိန် ပြေးထွက်ခဲ့မိတော့သည်။

✡ ✡ ✡



## အခန်း (၇)

"မြိန် အိမ်မှုကိစ္စတွေ ဘာတစ်ခုမှမလုပ်တတ်ဘူးနော်၊ ဦးမှန်း"

မြိန် ပြတ်သားစွာပင်ပြောမိသည်။

"မလိုပါဘူးမြိန်၊ မြိန် ဘာမှလုပ်စရာမလိုပါဘူး၊ ကိုယ် အလုပ်သမားတွေငှားထားပြီးပါပြီ၊ ဒီတစ်ပတ်ပဲစောင့်ရမှာပဲဟာ၊ ကိုယ်လုပ်မှာပေါ့ မြိန်၊ ကိုယ် မြိန်ကိုလက်ထပ်ခဲ့တာ ကိုယ့်အိမ် အလုပ်တွေ ခိုင်းဖို့မှမဟုတ်တာ၊ သိပ်ချစ်လို့ လက်ထပ်ခဲ့တာပါ မြိန်"

ဟွန်း။

မြိန် နှုတ်ခမ်းဖူးဖူးလေးတွေကို မဲ့ခနဲပြုံးမိ၏။

သိပ်ချစ်လို့လက်ထပ်တာတဲ့။

အပြောကောင်းလိုက်တဲ့ ဦးမုန်းမာန်ပါပဲ။

မြိန့်မှာ ချစ်ရမယ့်သူရှိပြီးသားဆိုတာသိသိကြီးနဲ့ ရအောင် ယူခဲ့တာ ချစ်လို့တဲ့လေ။

မကြားချင်ဘူး။

မြိန့် လုံးဝမကြားချင်ဘူး။

ရှင့်ဆီက ချစ်တယ်ဆိုတဲ့အသံကို မြိန့် နားအခါးဆုံးပဲ ဦးမုန်းမာန်။

ရှင်ကြီးကြောင့် မြိန့်တို့ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦး ရှင် ကွဲကွဲခဲ့ရတာ။ ရှင်ကြီးအတ္တကြီးလို့လေ။

မချစ်နဲ့။

မြိန့်ကို ရှင်လုံးဝမချစ်ပါနဲ့။

ရှင့်အချစ်တွေကို မြိန့် လုံးဝမလိုချင်ဘူး ဦးမုန်းမာန်။

"မြိန့်"

"....."

"ကိုယ့်ကို မြိန့် စိတ်ဆိုးနေဦးမယ်ဆိုတာ ကိုယ်သိပါတယ်၊ ကိုယ့်လုပ်ရပ်တွေက မြိန့်အတွက် အရမ်းကို ခံစားသွားစေခဲ့တာ ကိုး"

"ဦးမုန်းကို မြိန့် စိတ်ဆိုးတာမဟုတ်ပါဘူး၊ မြိန့် အရမ်းကို နာကြည်းမုန်းတီးနေတာပါ၊ မြိန့်ကိုမှ ရက်ရက်စက်စက် ရွေးချယ်ရယ်





တဲ့ ဦးမုန်းကို မြိန့် အရမ်းနာကြည်းနေတာပါ ဦးမုန်း"

"မြိန့်"

"မြိန့်မညာတတ်ဘူး၊ ဟန်လည်းမဆောင်တတ်ဘူး၊ မြိန့် မောင့်ကိုသိပ်ချစ်တယ်၊ မြိန့်ရင်ထဲမှာ မောင့်ကိုချစ်တဲ့ အချစ်တွေနဲ့ ပြည့်လျှံနေခဲ့တာ၊ မြိန့် ဘယ်လောက်ပဲပြောင်းလဲသွား ပြောင်းလဲသွား မြိန့်အချစ်ကတော့ ထာဝရတည်မြဲနေမှာပဲ ဦးမုန်း၊ ရင်အချိန်ကရော အခုအချိန်ထိရော၊ နောင်တစ်ချိန်မှာရော မြိန့် တာတစ်ယောက်တည်းပဲ ရှိပါတယ်၊ အဲ့ဒါ မြိန့်ချစ်သူ ဓာမဏီ "

မြိန့်ရယ်။

ပြောရက်လိုက်တာကွာ။

ဘာပဲပြောပြော မြိန့်ကို သိပ်ချစ်လွန်းလို့ ရယူပိုင်ဆိုင်ချင် တဲ့ ကိုယ့်ရဲ့စိတ်ကို မင်းနည်းနည်းတော့ စာနာနားလည်သင့်တာ မြိန့်ရယ်။

"ကိုယ်သိပါတယ် မြိန့်၊ မင်းရဲ့ချစ်သူကို မင်းဘယ် လောက်ထိချစ်တယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် သိပ်ချစ် တဲ့ ကိုယ့်အချစ်တွေကိုတော့ မင်း တစ်ချက်ကလေးမှ ငဲ့စောင်း ကြည့်ပဲ ဥပေက္ခာမပြုသင့်ဘူးမြိန့်၊ မင်းကို ကိုယ်တကယ်ချစ်ခဲ့တာ ဒါကို မင်းအခုအချိန်မှာ ယုံချင်ယုံမှယုံမှာပါ မြိန့်၊ စည်းစိမ်ဥစ္စာ

တွေအားကိုးနဲ့ မင်းကို ရယူပိုင်ဆိုင်ခဲ့တယ်လို့ မင်းမြင်ချင်မြင်နေမှာပါပဲ၊ ဒါပေမယ့် ကိုယ်မင်းကို တကယ်ပဲ မြတ်မြတ်နိုးနိုးချစ်ခဲ့တာပါ မြနန်းရယ်"

"တော်ပါတော့ ဦးမုန်းရယ်၊ လှပတဲ့ စကားလုံးလေးတွေနဲ့ ရှင့်ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြီးကို ဖုံးကွယ်ဖို့ မကြိုးစားစမ်းပါနဲ့၊ မြနန်းမှာချစ်သူရှိနေပြီးသားဆိုတာ ရှင်မသိတာလည်းမဟုတ်ဘဲနဲ့ မြနန်းက ရှင့်အချစ်တွေကို ဘာကြောင့် စောင်းငဲ့ကြည့်ရမှာလဲ၊ မြနန်းမှာ အလိုမရှိတာပဲ ဦးမုန်း"

"ဟုတ်ပါတယ် မြနန်း၊ ကိုယ်တစ်ကိုယ်ကောင်းဆန်ခဲ့ပါတယ်၊ အဲ့ဒါ မြနန်းကိုသိပ်ချစ်မိသွားလို့လေ၊ ကိုယ့်နှလုံးသားတွေက မြနန်းကိုမှ ချစ်မိသွားတာကို၊ ကိုယ်ဘယ်လိုတားဆီးရမလဲ မြနန်းရယ်၊ မင်းအလိုမရှိဘူးဆိုတာကို သိသိကြီးနဲ့ ကိုယ်က ပေးဆပ်ချင်နေခဲ့တာကို ဘယ်လိုတားဆီးရမလဲ မြနန်းရယ်"

သွားသေလိုက်ပါလား ဦးမုန်းရယ်။

ကမ္ဘာလောကကြီးထဲမှာ တစ်ခုခုကို သိပ်ချစ်မိရင် အဲ့ဒီအရာဝတ္ထုလေးတစ်ခုခု ထိခိုက်ပျက်စီးသွားမလားဆိုတဲ့ ခံစားချက်လေးနဲ့ မထိရက် မတို့ရက်အောင် ဖြစ်ကြတာပါ။

ဒါပေမယ့်

ရှင်ကတော့ အဲ့ဒီလိုမဟုတ်ခဲ့ဘူးလေ။





ရှင့်စိတ်ချမ်းသာမှုတစ်ခုကိုပဲ ရှေ့တန်းတင်ပြီး ဆုံးဖြတ်ခဲ့တာလေ။ ရှင့်ကိုရှင် ထိခိုက်နာကျင်မှုကို မခံစားနိုင်လို့ ရှင့်ကိုယ်ရှင် ပိုပြီးချစ်လို့ လုပ်ခဲ့တာပဲ ဦးမုန်း။

"မြနန်း"

"တော်ပါတော့ ဦးမုန်း၊ မြနန်းကို ဘာစကားမှ ဆက်ပြီး မပြောပါနဲ့တော့၊ မြနန်း မကြားချင်တော့ဘူး၊ မြနန်း အေးအေးဆေးဆေး နေပါရစေ၊ မြနန်းကို ရှင်မနှောင့်ယှက်ပါနဲ့"

မြနန်းရယ်။

မြနန်းကိုနှောင့်ယှက်တာမှမဟုတ်တာ။

သိပ်ချစ်တာပါ။

လက်လွှတ်ဆုံးရှုံးမခံနိုင်လောက်အောင်ပဲ သိပ်ချစ်တာပါ မြနန်းရယ်။ အဲ့ဒါကို မြနန်းနားလည်အောင် ကိုယ်ဘယ်လိုရှင်းပြရမလဲကွာ။

မြနန်းချစ်နိုင်ဘူးဆိုတာသိသိကြီးနဲ့။

မြနန်းဘယ်တော့မှ ချစ်လာနိုင်မှာမဟုတ်ဘူးဆိုတာ သိသိကြီး ကိုယ်အချစ်တွေနဲ့ပဲအနားမှာ ခေါ်ထားဖို့ကြိုးစားခဲ့မိတဲ့ ကိုယ်အဖြစ်က ရေပေါ်မှာ အရုပ်ရေးဆွဲနေသူတစ်ယောက်ပါပဲ။

ဒါပေမယ့်

အဲ့ဒီအဖြစ်ကိုပဲ ကိုယ်က ကျေနပ်နေခဲ့တာပါ။

ပျော်ရွှင်နေခဲ့တာပါ မြနန်ရယ်။

မှားနေတယ်ဆိုတာသိလျက်နဲ့ ပြင်ဆင်ဖို့မကြိုးစားနိုင်ခဲ့တဲ့ ကိုယ့်ကို မြနန်မုန်းပါ။ မြနန်နာကြည်းလိုက်ပါ မြနန်၊ ကိုယ်ခွင့်ပြုပါ တယ်ကွာ။

ဒါပေမယ့်

ကိုယ့်ကိုတော့ မထားခဲ့ပါနဲ့မြနန်ရယ်။

မင်းမကြည်ဖြူပေမယ့် မင်းရဲ့အနားမှာပဲ နေချင်ခဲ့တဲ့ ကိုယ့် ခံစားချက်လေးကို မြနန် နားလည်ပေးပါတော့ဗျာ။

"မြနန်ရယ် မြနန်ကိုနှောင့်ယှက်တာမဟုတ်ပါဘူးကွာ၊ ကိုယ့် ကို အထင်မလွဲပါနဲ့ မြနန်လေးရယ်၊ ကဲ ကဲ မြနန်လည်း အနားယူတော့ နော်"

အနားယူတော့တဲ့။

မြနန် မအိပ်နိုင်ပါ။

မြနန်အရမ်းပင်ပန်းနေပေမယ့် ပန်းနုရောင်မဂ်လာခုတင် ကြီးထက်မှာ အိပ်စက်အနားယူဖို့ တွန့်ဆုတ်နေရသည်။

သူကတော့ အနည်းငယ်ကြေတွန့်နေသော အိပ်ရာခင်း တွေကို ပြန့်ပြူးအောင် ဖြန့်ခင်းကာ မြနန်အနားယူနိုင်ရန် ပြင်ဆင် သည်။

ပြီးနောက်





မြနန်ဝတ်ခဲ့သော မင်္ဂလာသတို့သမီးဂါဝန်ဖြူလေးအား စည်း နစ်ကျကျ သိမ်းဆည်းနေ၏။ ပြစ်စလက်ခတ်ပစ်တင်ထားသော ဝါပိုင်းကို သေချာဖြန့်ကာ အဝတ်တန်းလေးတွင်လှမ်းသည်။

မြနန်

သူလုပ်သမျှ လိုက်ငေးကြည့်နေမိ၏။

တကယ်ဆိုလျှင်

ထိုအလုပ်တွေက အိမ်ရှင်မတစ်ယောက်ဖြစ်တဲ့ မြနန်လုပ် ရမယ့်အလုပ်တွေပါ။

သို့ပေမယ့်

ထိုအရာတွေအားလုံးကို မြနန်ရဲ့အသိစိတ်တွေထဲကို ဘယ်လို ဆည့်လို့မရ။ မြနန်ဟာ သူ့အနားမှာရှိနေရပေမယ့် သူဟာ မြနန်နဲ့ ဘာပတ်သက်မှုမှမရှိသူတစ်ယောက်လိုပင် မြနန်စိတ်ထဲမှာ ဖြစ်နေမိ သည်။

အဲ့ဒါ မြနန်သိပ်ပြီးမှားနေသလားဟင်။

ဟင့်အင်း။

မြနန်မမှားပါဘူး။

ဦးမုန်းမာန်ဆိုတာ မြနန်နဲ့ ဘယ်တုန်းကမှ တရင်းတနှီး ဆက်ဆံနေခဲ့တဲ့ လူတစ်ယောက်မှမဟုတ်တာ။ အဖေနဲ့ အလုပ်ကိစ္စ တွေအတွက် အိမ်ကို အဝင်အထွက်ရှိခဲ့ပေမယ့် ထိုအထဲတွင် မြနန်

စပ်စပ်စုစု ပါဝင်မိခဲ့ခြင်းလည်းမရှိချေ။

ကိုယ့်ဘာသာ အေးအေးဆေးဆေးနေတာပဲ။

ဦးမုန်းမာန်ကို အဖေ့ရဲ့အသိမိတ်ဆွေဟုပဲ မြိန်သတ်မှတ်ထားခဲ့သည်။ ထိုအချက်ကလွဲပြီး မြိန်အာရုံထဲ လုံးဝထည့်မထားခဲ့ပေ။ အခုတော့ မြိန် ခပ်လွယ်လွယ်ပဲ ထင်မှတ်ထားခဲ့တဲ့သူက မြိန့်အတွက် အရေးအကြီးဆုံး ရန်သူတစ်ယောက်ဖြစ်နေခဲ့သည်။

မြိန့်ရင်ထဲမှာရှိတာ မောင်တစ်ယောက်တည်းပဲလေ၊ မောင်ကလွဲပြီး ဘယ်လိုလူမျိုးကိုမှ မြိန် စိတ်လည်းမဝင်စားဘူး။ ချစ်လို့လည်း မရဘူး။

မောင်နဲ့မြိန့်တို့နှစ်ယောက်မှာ မောင်က မြိန့်ကိုချစ်တဲ့အချစ်ထက် မောင့်ကို မြင်မြင်ချင်းလေးမှာပင် မြိန်ချစ်သွားမိတဲ့အချစ်က ပိုလိမ့်မည်ထင်ပါသည်။ မောင်က သူငယ်ချင်းအဖြစ် လာအရောဝင်ချိန်မှာတောင် မြိန့်မျက်ဝန်းလက်လက်လေးတွေက မောင့်မျက်နှာချောချောကြီးဆီမှာပဲ အကြည့်လေးတွေဝဲနေခဲ့၏။

မောင်က သတိထားမိကာ မြိန့်နဲ့ချစ်သူကလေး တရားဝင်ဖြစ်ချိန်တွင် ပြန့်အစဖော်ကာပင် စနောက်နေတတ်တော့သည်။

မြိန်ကလည်း မောင်စတိုင်း

ခေါင်းကလေးမော့ပြီး "မောင့်ကို မြိန်ကစပြီး ချစ်ခဲ့တာဘာဖြစ်သလဲဟု" အရှက်သည်းမှုလေးကိုဖုံးကွယ်ပြီး ရန်ပြန်စောင်





တတ်ခဲ့သည်။

မောင်ရယ်။

မြိန်သတိရလိုက်တာ။

မောင်အခု ဘယ်ဆီကိုများရောက်နေမလဲဟင်။

မောင့်အခန်းလေးထဲမှာပဲ တစ်ယောက်တည်းကြိတ်ပြီး ကြေကွဲဝမ်းနည်းနေမလားမောင်။

ဒါမှမဟုတ်

စိတ်ညစ်ညစ်နဲ့ သူငယ်ချင်းတွေနဲ့အတူ စားသောက်ဆိုင်တစ်ခုခုမှာ သောက်နေမလား။ ခံစားနေရသမျှတွေကို ရင်ဖွင့်ဖို့ မောင်သတ္တိတွေမွေးနေမလား မောင်ရယ်။

ဒီနေ့…

မြိန်ရဲ့မင်္ဂလာပွဲနေ့လေ။

မင်္ဂလာအခမ်းအနားကို မောင်ဘယ်လိုမျက်နှာမျိုးနဲ့မှ ရောက်လာမှာမဟုတ်ပေမယ့် စိတ်မကောင်းပေမယ့် မြိန့်ကို နားလည်မှုနဲ့ လာအားပေးကြတဲ့ သူငယ်ချင်းဝိုင်းလေးမှာ မောင်များရောနေပါလားမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ အပြေးအလွှား သွားရှာကြည့်သေးတယ်မောင်။

မြိန် မမျှော်လင့်ရဲ့ပေမယ့် မြိန် အရမ်းစိတ်ထိခိုက်ပြီး ကြေကွဲဝမ်းနည်းနေရတဲ့ အဲ့ဒီမင်္ဂလာအချိန်လေးမှာတော့ မောင့်ရဲ့

မျက်နှာလေးကို တစ်ခဏတာလေး မြင်ချင်မိတာတော့ အမှန်ပဲ မောင်။

မောင့်မျက်ဝန်းတွေကို စိုက်ကြည့်ပြီး မြနှ်ရင်ထဲမှာ ဘယ်လောက်တောင် ခံစားနေရသလဲဆိုတာတွေ မျက်ဝန်းကနေ တစ်ဆင့် ပြောပြချင်လိုက်တာ။ မောင့်ကိုမြင်စေချင်တယ် မောင်ရယ်။

မင်္ဂလာသတို့သမီးဝတ်စုံလေးနဲ့ အဖိုးထိုက်တန်တဲ့ စိန်တွေကို ညှတ်နေအောင်ဝတ်ထားရပေမယ့် မြနှ် အရမ်းဝမ်းနည်းနေတယ်ဆိုတဲ့အချက်ကို မောင်မြင်တွေ့သွားအောင် ပြချင်လိုက်တာကွယ်။

ဒါပေမယ့်

မြနှ်စိတ်ကူးတွေ လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။

မောင်က မြနှ့်မင်္ဂလာပွဲကို ရောက်မလာခဲ့ဘူးလေ။

မောင့်ဆီကို မြနှ်ကိုယ်တိုင်ကလည်း ဖိတ်စာလေးမှ သွားမကမ်းရက်ခဲ့တာပဲဟာ။ ဒီတော့ မောင်ဘယ်လာပါ့မလဲ။

ဒါပေမယ့်

မြနှ် မောင့်ကို တစ်ချိန်လုံး တမ်းတနေခဲ့တာတော့အမှန်ပါ။

ဦးမုန်းသာမဟုတ်ဘဲ

မြနှ့်ရဲ့သတို့သားလောင်းဟာ မောင်သာဖြစ်နေခဲ့ရင် ဘယ်လောက်ကောင်းလိမ့်မလဲဆိုတဲ့ မဖြစ်နိုင်တဲ့ အတွေးမျိုးတွေ





သည်း တစ်ချိန်လုံး ဝင်နေခဲ့ရတယ်မောင်။ မြနှ်လေ အချိန်တိုင်းမှာ မောင့်ကိုပဲ တမ်းတနေခဲ့တာပါကွယ်။

"မြနှ်"

ခေါ်သံကြောင့် မြနှ့်အတွေးလေးများ ပျက်ပြယ်သွားရ၏။

ခေါ်သူကြီး ဦးမုန်းမာန်ဆီ မြနှ် လှမ်းကြည့်လိုက်မိသည်။

"မြနှ်အိပ်နှင့်တော့နော်၊ ကိုယ်လုပ်စရာလေး နည်းနည်းရှိလို့ စာကြည့်ခန်းသွားလိုက်ဦးမယ်"

မြနှ်ဘာတွေစိုးထိတ်နေသလဲ။

မြနှ် ဘာတွေကြောက်ရွံ့နေသလဲဆိုတဲ့အချက်ကို သိလိုက်သောကြောင့်လည်း မုန်းမာန်တစ်ယောက် မြနှ့်စိတ်တွေ အေးချမ်းသွားအောင် ထွက်ခဲ့မိခြင်းပဲဖြစ်သည်။

မြနှ်အနားယူပါစေ။

အသက်အရွယ်မရင့်ကျက်တဲ့ မြနှ့်စိတ်တွေက အခုအချိန်မှာ ဘယ်လိုမှ သွေးအေးအေးနဲ့ ရပ်တည်နိုင်မှာမဟုတ်ဘူးလေ။

ဒါကို

မုန်းမာန်နားလည်တာပေါ့။

မြနှ့်မျက်ဝန်းလေးတွေထဲက စိုးရိမ်မကင်းမှုလေးတွေကို မြင်လိုက်ရတဲ့အတွက်လည်း ဖြစ်ချင်နေသောဆန္ဒထက် အဖြစ်နိုင်ဆုံးကိုသာ အပြတ်သားဆုံး ရွေးချယ်ပစ်လိုက်သည်။

မြိန့်ရယ်။

မင်းသိပ်ပြီး စိတ်တွေပူပန်မနေပါနဲ့။

မင်းကို သိပ်ချစ်လို့သာ ကိုယ်ရယူပိုင်ဆိုင်ခွင့်လေးရအောင် ကြိုးစားခဲ့ပေမယ့် မင်းရဲ့ကြည်ဖြူမှုမရဘဲ ကိုယ့်ရဲ့အတ္တစိတ်တွေနဲ့ မင်းဆီက နောက်ထပ်ဘာကိုမှ အတင်းအဓမ္မ မရယူပါဘူး။

အဲ့ဒါတော့

မင်းစိတ်ချပါမြိန့်။

✡ ✡ ✡



## အခန်း (၈)

"မြိန့် မနက်စာစားပြီးရင် အန်တီတို့ဆီ ကိုယ်လိုက်ပို့မယ် နော်၊ ဒီတိုက်ကြီးထဲမှာ မြိန့်တစ်ယောက်တည်း ရှိနေတာဆိုတော့ တစ်ခုခုဖြစ်နေရင်ခက်မယ်၊ အလုပ်ကပြန်လာမှ မြိန့်ကို ကိုယ်လာ င်ခေါ်မယ် မြိန့်"

မြိန့်ဘာစကားမှပြန်မပြောမိချေ။

မနေ့ညက

ဘယ်အချိန်ကမှ အခန်းထဲပြန်ဝင်လာမှန်းမသိတဲ့သူက မြိန့် စ်ရေးနိုးချိန်မှာတော့ မြိန့်နံဘေးတွင် နှစ်ခြိုက်စွာ အိပ်မောကျနေချေ သည်။

တိုက်ကြီးတစ်ခုလုံးမှာလည်း နှစ်ယောက်တည်းသာရှိနေ ာမို့ သူ့ကို တခြားမှာသွားအိပ်ဆိုပြီး ဖွတ်အတင်းနှိုးကာ မနှင်ချင်

ပြန့်။ မြိန်က သိပ်ပြီးကြောက်တတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပေမယ့် မြိန်နဲ့စိမ်းသက်နေသော ဒီတိုက်ကြီးထဲမှာတော့ နည်းနည်းစိတ်ချောက်ချားနေရ၏။

မြိန့်နံဘေး သူအိပ်နေတာပင် မြိန်စိတ်တွေ အားရှိသလိုဖြစ်နေရသည်။

မြိန်အသာလေးပဲ ငြိမ်သက်စွာ ပြန်အိပ်လိုက်သည်။

သို့ပေမယ့်

မြိန်တော်တော်နှင့် အိပ်မပျော်တော့ချေ။

ညနေစောင်းတုန်းကပဲ အိပ်ရေးတဝကြီးအိပ်ခဲ့လို့လားမသိ ညသန်းခေါင်ကျော်ကြီး အိပ်ရာနိုးကာ ပြန်အိပ်လို့မရဘဲ မျက်လုံးတွေကြောင်နေခဲ့တော့သည်။ အိပ်မပျော်တော့ အတွေးတွေက မြိန့်အာရုံထဲ ပြန်ဝင်လာပြန်၏။

မောင့်အကြောင်းလေးတွေ ပြန်တွေးမိရတော့လည်း ဦးမုန်းမာန်အပေါ် မုန်းတီးနာကြည်းစိတ်များ ပြန်ဝင်လာရပြန်သည်။

တရှူးရှူးနှင့် အိပ်မောကျနေသော သူ့ကိုကြည့်ပြီး ဒေါသတွေက ပေါက်ကွဲလာရ၏။

အိပ်ရာပေါ်ကနေ တွန်းချပစ်ချင်စိတ်တွေပင် ဖြစ်လာရသည်။

သို့သော်





မြိန်မလှုပ်ရက်ပါ။

နှစ်ခြိုက်စွာအိပ်မောကျနေသော သူ့ကို အသံလေးကြားပြီး နိုးသွားပင် မြိန် စိုးရိမ်ပူပန်နေမိသည်။

ဆတ်ခနဲသောင်မတ်ကာ သူ့ဘက်စောင်းငုံ့ကြည့်နေမိသော သူ့မခေါင်းလေးကို ခေါင်းအုံးထက် ညင်သာစွာ ပြန်ချအိပ်ပြီး သက်ပြင်းမောကိုသာ မှုတ်ထုတ်လိုက်၏။

မိုးလင်းခါနီးလောက်မှ

မြိန် မှေးခနဲပြန်အိပ်ပျော်သွားသည်။

မြိန်အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေချေပြီ။

ဦးမုန်းက နံဘေးတွင်မရှိတော့။

မြိန်မျက်နှာသစ် အဝတ်အစားလဲပြီး အောက်ထပ်ကို ဆင်းသွားတော့ မီးဖိုခန်းဆီမှ အသံဗလံများကြားလိုက်ရသည်။

ဦးမုန်းမာန်တစ်ယောက် မနက်စာစားဖို့ ပြင်ဆင်နေပုံပါပဲ။

သို့သော်

မြိန် အိမ်နောက်ဘက်ဆီမသွားမိပါ။

ကြီးမားကျယ်ပြန့်ကာ ခန်းနားလှန်းသော ဧည့်ခန်းကြီးထဲ ပြင်ဆင်ထားမှုတွေကိုသာကြည့်ပြီး တအံ့တသြလေး ဖြစ်နေခဲ့ရသည်။ နေ့ကမှ သူမရောက်ခဲ့တာဆိုပေမယ့် ဒေါသစိတ်ထွက်နေခဲ့သော သူမတို့နေဖို့အတွက် ပြင်ဆင်ထားသော မင်္ဂလာတိုက်သစ်ကြီး

ကို မြိန် သတိထားမကြည့်မိခဲ့ချေ။

အခုမှပဲ

မြိန်မှာ တိုက်ကြီးကိုကြည့်ပြီး မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်နေရတော့သည်။ မြိန်တို့နေခဲ့တဲ့တိုက်ကြီးနဲ့ ဘာမှမဆိုင်ချေ တကယ့်ကို ကြီးကျယ်ခမ်းနားတာပဲ။

ဦးမုန်းမာန်ဟာ အဲ့ဒီလောက်တောင် ချမ်းသာသတဲ့လား

မြိန်တစ်ယောက်တည်း ဧည့်ခန်းကျယ်ကြီးထဲက ဆိုဖာကြီးတွင်ထိုင်ကာ စဉ်းစားနေဆဲ ဦးမုန်းမာန်က နံနက်စာစားဖို့ လာခေါ်၏။

မြိန် အေးအေးဆေးဆေးပဲလိုက်သွားကာ သူပြင်ဆင်ကျွေးမွေးသော မနက်စာကို အဆင်သင့်ကလေးစားလိုက်သည်။

"မြိန်"

"ပြောပါ ဦးမုန်း"

"ကိုယ်ပြောတာကြားရဲ့လား မြိန်၊ ဘာမှလည်း စကားမပြောဘူး၊ အန်တီတို့ဆီမသွားချင်ဘူးလား"

"ဟင့်အင်း"

"ဒါဆို ဒီတိုက်ကြီးထဲမှာ မြိန်တစ်ယောက်တည်း"

"မြိန် သက်လျာတို့အိမ်သွားမယ်"

"ဘယ်လို"





"မြိန့်သူငယ်ချင်းအိမ်သွားလည်မလို့လေ"

ဒီတစ်ခါတော့ မုန်းမာန်ထံမှ သဘောတူလက်ခံသံ ထွက်မလာချေ။

မြိန် အရေးမစိုက်ပါဘူး။

သူ့သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ မြိန်ကတော့ သွားဖို့ဆုံးဖြတ်ထားသည်။ သက်လျာက မောင်နဲ့တစ်ရပ်ကွက်တည်း အတူတူနေကြတာလေ။ အိမ်ချင်းက ရှေ့လမ်းနောက်လမ်းဆိုပေမယ့် မောင်နဲ့ အမြဲတမ်းလိုလို တွေ့နေကျမို့ မောင်နဲ့ပတ်သက်တဲ့ အကြောင်းအရာမှန်သမျှ သက်လျာဆီက မြိန်သိခွင့်ရနိုင်သည်။

ဒါကြောင့်လည်း သက်လျာတို့နေသော နေရာလေးဆီသို့ သွားရန် မြိန် တမင်ပဲ ရွေးချယ်လိုက်ခြင်းဖြစ်သည်။

"အန်တီတို့အိမ်ပဲသွားပါလား မြိန်"

"ဟင့်အင်း"

မြိန် ခေါင်းလေးကို အဆက်မပြတ် ခါယမ်းပြလိုက်၏။

အမေတို့ဆီကို မြိန် သွားလို့မဖြစ်ပါဘူး။ မြိန့်ကို တွေ့ရင် ဦးမုန်းနဲ့ အဆင်ပြေအောင်နေဖို့၊ အိမ်ထောင်ရေး တည်တံ့အောင် ...းဖို့တွေချည်းပဲ နားချနေတာလေ။ အိမ်ရှင်မပီသအောင် အိမ်မှု ကိစ္စတွေ၊ ဟင်းချက်နည်းတွေ သင်ပေးနေဦးမည်။

မြိန် မသွားချင်ဘူး။

မြိန့် စိတ်တွေ တစ်ချိန်လုံး ရှုပ်ထွေးနေချိန်မှာ မြိန့် ဘယ်သူနဲ့မှမတွေ့ချင်။

စိတ်တွေလေကာ အပြင်ကိုပဲ လျှောက်သွားချင်နေမိသည်။

ဦးမုန်းအနားမှာ ရှိနေရတဲ့အချိန်တွေကို မြိန့် အမုန်းဆုံးပဲ။

မနေချင်ဘူး။

မြိန့်

မောင့်ကိုပဲ တွေ့ချင်နေမိသည်။

မောင် ဘယ်လိုပုံစံမျိုးနဲ့ ရှိနေမလဲဆိုတာ မြိန့် သိချင်နေမိ၏။

ဒါကြောင့်

သက်လျာဆီကိုပဲသွားဖို့ မြိန့် စိတ်အားတွေ ထက်သန်နေရ၏။

"မြိန့်"

"ပြော ဦးမုန်း"

"မြိန့် သူငယ်ချင်း သက်လျာက ဘယ်မှာနေတာလဲ"

"သင်္ချိုင်းကျွန်းဘက်မှာ"

ဟင်





သင်္ချိုင်းကျွန်းမှာတဲ့။

မြိန့် ချစ်သူ ကောင်လေးကလည်း သင်္ချိုင်းကျွန်းဘက်မှာပဲ နေတာမဟုတ်လား။ မုန်းမာန်သိထားတာက ဇာမဏီဆိုတဲ့ ချိုချိုမြိန့်ရဲ့ ချစ်သူက သင်္ချိုင်းကျွန်းရပ်ကွက်တစ်ခုက တိုက်ခန်းလေးမှာ နေတာတဲ့လေ။

ဒါကို

မြိန့်က အဲဒီကိုပဲ သွားချင်တာဆိုတော့

ဘာသဘောများလဲ။

မြိန့် ဘာကြောင့်များ အဲဒီနေရာကိုမှ သွားဖို့ရွေးချယ်ရတာလဲ။

မုန်းမာန်ရင်ထဲ ပူလောင်သွားရ၏။

မြိန့်မျက်နှာလေးဆီ သံသယမကင်းသော မျက်ဝန်းလေးတွေနှင့် လှမ်းကြည့်မိသည်။ မြိန့်ကို မသွားစေချင်သော ဆန္ဒများဖြစ်လာရ၏။ တားဆီးချင်လာသည်။

သို့သော်

မသွားရဘူးဟု သူ့နှုတ်တွေက မပြောရဲ။

ငယ်ရွယ်တဲ့ မြိန့် စိတ်တွေက အခုအချိန်မှာ ဘယ်လိုမှ အေးချမ်းငြိမ်သက်ခြင်း မရှိသေးပါ။ နည်းနည်းလေး ထိခိုက်တာနှင့် ဆတ်ခနဲ ပေါက်ကွဲသွားနိုင်သည်။ ဒီလိုအချိန်မျိုးမှာ မြိန့်

ကို သူ ဘယ်လိုထိန်းချုပ်ထားရပါမည်နည်း။ မသွားပါနဲ့လား မြိန်ရယ်လို့ ပြောလိုက်လျှင်လည်း သူမရဲ့ဂုဏ်သိက္ခာကို မယုံကြည်ရကောင်းလားဆိုပြီး မြိန် နာကြည်းဦးမည်။

လွှတ်ပေးလိုက်ရမှာလည်း သူ့စိတ်က မလုံပြန်။

အခုမှ

သူ့အဖြစ်က ဆုပ်လည်းစူး၊ စားလည်း ရူးရမည့်အဖြစ်။

မြိန့်ကို လက်ထပ်ခွင့်ရပြီးနောက် စိတ်အချမ်းသာဆုံးဖြစ်အောင် သူ ဖြန့်ပြီးဖြည့်ဆည်းပေးမည်ဟု စိတ်ပိုင်းဖြတ်ထားပြီးသားပါ။

သို့သော်

အခုလို တောင်းဆိုမှုကိုတော့ အရမ်းတွေဝေနေရသည်။

မြိန်ရယ်

ကိုယ် ဘယ်လိုဆုံးဖြတ်ရမလဲကွာ။

မြိန်ရဲ့ဆန္ဒကို ဘယ်လိုဖြည့်ဆည်းရပါ့မလဲ မိန်းကလေးရယ်။

"ဦးမုန်း...မြိန့်ကို အလုပ်သွားနေရင်းနဲ့ တစ်ခါတည်း လိုက်ပို့မှာမဟုတ်လား၊ ဒါဆို မြိန် သွားပြင်ဆင်လိုက်တော့မယ်နော်"

ဟင်။





မြိန်က သွားဖို့ကို အပိုင်တွက်ထားတာပါလား။

နံနက်စာဝိုင်းလေးကနေ သွက်လက်စွာထသွားတဲ့ မြိန်ကို တားဆီးဖို့ ဟန်ပင်မပြင်ရသေး၊ မြိန်က ခပ်ဝေးဝေးသို့ပင် ရောက်သွားချေပြီ။

မုန်းမာန် ပါးစပ်အဟောင်းသားလေးဖြစ်ပြီး ကျန်နေခဲ့၏။

မတားဆီးနိုင်။

အချစ်တွေ။

မြိန့်ကို သိပ်ချစ်နေမိတဲ့ အချစ်တွေက မြိန် စိတ်ဆင်းရဲတာကို မတားဆီးရက်နိုင်အောင်ပင် ရှိနေခဲ့သည်။

ဘာပဲပြောပြော

မြိန် လက်ထပ်ခဲ့တာက သူပဲလေ။

မြိန့်ကို ပိုင်ဆိုင်ခွင့် အပြည့်အဝရခဲ့ပြီ။

လက်ရှိမှာ မြိန်ဟာ မုန်းမာန်ရဲ့ဇနီးပဲ။

ဒါဟာ

ပြောင်းလဲလို့မရတဲ့ အမှန်တရားတစ်ခုပါပဲ။

သူ

ဘာတွေစိုးရိမ်နေမိတာလဲ။

မြိန်က ခဏပဲအလည်သွားတာလေ။

ဒါကို

သူ စိတ်မချမဖြစ်သင့်ပါဘူး။

မိကောင်းဖခင် သားသမီးဖြစ်တဲ့ မြန်ရဲ့ ဂုဏ်သိက္ခာကို မုန်းမာန် ယုံကြည်သင့်သည်။

အခုအချိန်မှာ

မြန်ဟာ ထွက်ပေါက်မဲ့သူတစ်ယောက်လို မွန်းကြစ် ပိတ်လှောင်နေမှာပါ။

သူ မချစ်မနှစ်သက်တဲ ယောကျာ်းတစ်ယောက်ကို ဖခင် ရဲ့ အခက်အခဲ အကြပ်အတည်းကြောင့်သာ လက်ထပ်ယူခဲ့ရတဲ့ အတွက် မြန် အရမ်းကို နာကြည်းခံစားနေရမှာပါ။

မြန်ကို သူနားလည်သင့်သည်။

စာနာသင့်သည်။

သူသာဆိုလျှင်လည်း မြန်လိုပဲ ဆောက်တည်ရာမဲ့ လောက်အောင် ဖြစ်နေရမှာပါပဲ။ ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူကို ရင်နာစရာကောင်းလောက်အောင်ပဲ စွန့်လွှတ်ခဲ့ရတာကို။

မြန်

မြန်ရယ်။

ကိုယ် အရှုံးပေးပါတယ်ကွာ။

မင်းသွားပါ။

မင်းရဲ့သူငယ်ချင်းမလေးဆီသွားပြီး နာကျင်ဝမ်းနည်းမှု





တွေကို ဖွင့်ဟပြီး မင်းစိတ်တွေ ဖြေသိမ့်ပါ မြန်။

ကိုယ်

မင်းကို နားလည်လိုက်ပါ့မယ် မြန်ရယ်။

✡ ✡ ✡

## အခန်း (၉)

"မြန် ပြင်ဆင်လို့ပြီးပြီ ဦးမုန်း"

ဟာ

မုန်းမာန်ရဲ့ မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရသည်။

မြန်ရယ်။

လှလိုက်တာကွာ။

ဘယ်ဘဝဆုတောင်းတွေကြောင့်များ ဒီလောက်တော ရက်ရက်စက်စက် လှနိုင်ရက်တာလဲ မြန်ရယ်။

ငုဝါရောင် လက်ပြတ်ကိုယ်ကြပ်အင်္ကျီလေးကို အ ရောင်စဝိုင်လ်ပဲန် ဘောင်းဘီရှည်လေးနှင့် တွဲဖက်ဝတ် လက်ကိုင် အိတ် အနက်ရောင် ပြောင်လက်လက်လေး ပခုံး မှာလွယ်လျက် ပေါ့ပါးသွက်လက်နေသော မြန့်အသွင်





င်သူတကာ ရင်ခုန်စွဲမက်စရာပါ။

ရွှေအိုရောင်ဆိုးဆေးနှင့် အလိပ်ပြေပြေလေး ကောက် ထားသော ဆံပင်လိမ်ခွေခွေတို့က ပခုံးပေါ်တစ်ဝက် ကျောလယ် တစ်ဝက် ဖြန့်ချထားတာမို့ ကပိုကရိုလေးနှင့် ကြည့်လို့ကောင်း ၏။

မျက်နှာလေးမှာလည်း မိတ်ကပ်ရောင်ပြေပြေလေး လိမ်း ယ်ထားသေးသည်။

ဖြူနုဝင်းမွတ်နေသော အသားအရေ၊ မြင့်မားသွယ်လျ သော အရပ်အမောင်းနှင့် တောင့်တင်းနေသော ခန္ဓာကိုယ်အနေ ထားတို့ကြောင့် မြန် ပိုင်ဆိုင်ထားသော အလှတရား ပြီးပြည့်စုံ န်းလှသည်။

"ဦးမုန်း သွားမယ်လေ"

မြန်

သူမကို တအံ့တသြ ငေးမောကြည့်နေသည့် ဦးမုန်းမာန် မျက်ဝန်းအကြည့်ကို မနှစ်သက်စွာပင် အပြင်သွားဖို့ ထပ်မံ ပေးလိုက်မိသည်။

မြန်

အလှအပတွေ ပြင်ဆင်ထားတာပါ။

ဆွဲဆောင်မှုရှိအောင် ခြယ်သထားတာပါ။

သို့ပေမယ့်

သူမရဲ့အလှကို စိတ်တိုင်းကျပြင်ဆင်ခဲ့တာ ဦးမုန်းမာန် အခုလို တအံ့တသြ ငေးမောကြည့်ဖို့မှမဟုတ်တာ။ သူ ခံစားရ အောင် အားကြိုးမာန်တက် ပြင်ဆင်ထားတာမဟုတ်တဲ့အတွက် အခုလို ကြည့်နေတာကို မြနန် လုံးဝမနှစ်သက်။

မြနန်က

မောင့်အတွက် ပြင်ဆင်ထားတာလေ။

အကယ်၍များ

မောင်နဲ့တွေ့ဆုံရလျှင်ဆိုတဲ့ မျှော်လင့်ချက်လေးတစ်ခု တည်းနဲ့ မြနန် အခုလိုလေး လှပနေအောင် ပြင်ဆင်လိမ်းခြယ်ခဲ့မိ ခြင်းပဲ ဖြစ်သည်။

သက်လျာတို့အိမ်ကိုသွားလျှင်

မတော်တဆ မောင်နဲ့ဆုံကောင်းဆုံတွေ့နိုင်သည်။

မြနန်

မောင့်ကို အရမ်းတွေ့ချင်နေတာပါ။

မြနန် မပျော်ဘူးဆိုတဲ့အကြောင်းတွေ မောင့်ကို ရင်ဖွင့်ပြ ချင်တာပါ။ သို့သော် သိပ်ချစ်သလောက် သိပ်ကိုပြတ်သားလွန်း သော မောင်က မြနန်နဲ့ လမ်းခွဲခဲ့တဲ့နေ့ကစပြီး လုံးဝအဆက်အသွယ် မလုပ်တော့ချေ။ တကယ်ဆိုရင် ဦးမုန်းမာန်ကို မြနန် ဘာကြောင့်





[illegible]က်ထပ်ခဲ့ရသလဲဆိုတာ မောင် အသိဆုံးပဲဟာ။

မေမေ့ရဲ့ တောင်းပန်စကားကြောင့်ပဲ မောင့်ဘက်က [illegible]ဘတ်နိုင်ဆုံး လိုက်နာခဲ့တာလား။ ဒါမှမဟုတ် သူ့ကို ရက်ရက် [illegible]စက် ထားခဲ့ရက်တဲ့ မြနန့်ကိုပဲ အရမ်းနာကြည်းသွားလို့လား [illegible] မသိ၊ ဖုန်းလေးပင် တစ်ချက် ဆက်ဖော်မရဘဲ ပြတ်သား [illegible] နေခဲ့၏။

မြနန် အရမ်းခံစားနေရသည်။ တစ်ယောက်တည်း အဖော် [illegible] အထီးကျန် ဆန်နေရ၏။ မောင့်ဘက်က အေးစက်မှုကို မြနန် [illegible]လိုမှခံနိုင်ရည်မရှိခဲ့ချေ။

တကယ်ဆိုရင်

မြနန်မှာ အပြစ်မှမရှိတာ။

မောင့်ကို မြနန် မချစ်လို့လည်းမဟုတ်။

အမေ့ကြောင့်သာ ဦးမုန်းမာန်ကို မဖြစ်မနေ လက်ထပ် [illegible]တာလေ။

ဒါကို

မောင် မသိတာလည်း မဟုတ်ပါဘဲ မြနန့်ကို ရက်စက် [illegible]ယ်လိုက်တာတော့ မြနန် အရမ်းဝမ်းနည်းသည်။ တကယ် [illegible]မြနန့်ကို မောင် အခုလို မဆက်ဆံသင့်ဘူးလေ။ မြနန် စိတ်ဓာတ် [illegible]အားကျဆင်းနေရတဲ့အချိန်မှာ အရင်းနှီးဆုံး သူငယ်ချင်း

တစ်ယောက်လည်း ဖြစ်ခဲ့ဖူးတဲ့ မောင်က အားပေးနှစ်သိမ့်သင့်သည် မဟုတ်ပါလား။

မြန်ကို ချစ်သူအဖြစ် မောင်စွန့်လွှတ်ရင်တောင် မိတ်ဆွေတစ်ယောက်လို နွေးထွေးလှိုက်လှဲစွာ ဆက်ဆံသင့်သေးသည်။

ခုတော့

မောင်က အဲဒီလိုမဟုတ်ချေ။ ထင်မထားလောက်အောင်ပင် စိမ်းသက်နေခဲ့သည်။

"မြန်"

"ရှင်"

"သက်လျာဆီကို သွားမှာနော် ဟုတ်လား"

"ဟုတ်တယ်လေ ဦးမုန်း၊ ဘာဖြစ်လို့မေးတာလဲ"

မြန်အမေးကို မုန်းမာန် ပြန်မဖြေမိပါ။

သူငယ်ချင်းဆီသွားလည်မယ့် မြန်ရဲ့ ပြင်ဆင်ခြယ်ထားမှုတွေကိုကြည့်ပြီး မုန်းမာန်ရင်ထဲ သံသယစိတ်တွေ အဝင်ဝင်နေမိသည်။ သို့ပေမယ့် မြန်ကို ယုံကြည်စွာပင် သူ့စိတ်တွေဖြေလျှော့နေမိသည်။

"မြန် မေးနေတယ်လေ ဦးမုန်း၊ ဘာလဲ မြန်သက်လျာ တို့အိမ်သွားမယ်လို့ပြောပြီး တခြားတစ်နေရာသွားလိမ့်မယ် ထင်လို့လား"





"မထင်ပါဘူး မြန်"

ဒေါသမျက်ဝန်းစိမ်းလေးတွေနှင့် မေးသော မေးခွန်းကို ဦးမုန်းမာန်က အချိန်မဆိုင်းဘဲ ချက်ချင်းပင် အပြုံးတွေနှင့် ပြန်အဖြေပေးသည်။

"မြန်"

"ပြောပါ ဦးမုန်း"

"မြန်ကို ကိုယ်ယုံတယ်"

ဟင်

မြန် အံ့သြသွားရ၏။

တကယ်ဆိုရင် မြန်ကို သူ မယုံကြည်လောက်ဘူးဟု ထင်ထားခဲ့တာလေ။ သက်လျာတို့အိမ် သွားချင်တယ်လို့ပြောတော့ မျက်နှာချက်နှာက သိသိသာသာကြီး ပျက်သွား၏။ ဦးမုန်းကို ကြည့်ရတာ မောင်နဲ့ပတ်သက်သည့် အကြောင်းအရာ တော်တော်များများကို သိထားပုံရသည်။

မြန် သင်္ဃန်းကျွန်းဘက်သွားမယ်ပြောတော့ မလွှတ်ချင်သည့်ပုံစံမျိုး ဖြစ်နေ၏။ သူကြည့်ရတာ စိတ်ရှုပ်ထွေးနေသလိုပင်။ သူငယ်ရာမှာ မောင်နဲ့များ ပတ်သက်ဆက်နွယ်နေမလားဆိုတဲ့ သံသယစိတ်ဝင်ပြီး စိုးရိမ်ပူပန်နေမှာပေါ့။

သို့သော်

မြိန်ကိုတော့ မတားဆီးချေ။

သူကြည့်ရတာ မြိန့်အပေါ် နားလည်စာနာသယောင်ယောင်၊ သဘောထား ပြည့်ဝသယောင်ယောင်နှင့် အထင်ကြီးအောင် လုပ်ပြချင်ဟန်ရှိ၏။

ဟွန်း

မြိန်ကတော့ အထင်မကြီးပါဘူ။

ရှင့်ဘာသာ ဘယ်လောက်ပဲ စေတနာ မေတ္တာထားသလို သရုပ်ဆောင်ကောင်းနေပါစေ၊ မြိန်တို့ချစ်သူနှစ်ဦးကို ရက်ရက်စက်စက်ခွဲပြီး မြိန့်ကို အပိုင်သိမ်းခဲ့တဲ့ ရှင့်ရဲ့လုပ်ရပ်အတွက် ဘယ်တော့မှ အခဲမကျေဘူး မှတ်။ မြိန် ရင်တွေနာကျင်ရသလို ရှင်ကြီးလည်း နာကျင်စေရမယ် သိလား ဦးမုန်းမာန်။

ရှင် ဘယ်တော့မှ မပျော်ရွှင်စေရဘူး။

ရှင့်ကို မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကိုပဲ ထာဝရ ပိုင်ဆိုင်စေရမယ် သိလား။ ဦးမုန်းကို နာကြည်းမုန်းတီးစိတ်များက မြိန်ရင်မှာ ပြည့်လျှံနေဆဲပင်။

အမေက အိမ်ထောင်ရေးကို သာယာအောင်ကြိုးစားတဲ့

မြိန် လုံးဝမချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ နေရမယ့်အရေးကို တစ်ချက်လေးမှမတွေးဘဲ အမေက အခုလို အဆုံးအမစကားများကို မှာကြားနေသေးသည်။





မြိန်ကတော့ လုံးဝပဲ။

ဦးမုန်း နှစ်သက်မယ့် ဘယ်လိုအပြုအမူမျိုးကိုမှ မြိန် [illegible]လုပ်။

အိမ်ထောင်ရှင်မကောင်း ပီသအောင်လည်း မြိန် နေမပြ[illegible]ပါ။ ဦးမုန်း စိတ်ပျက်စေမယ့် အနေအထိုင် အပြုအမူတွေကိုသာ [illegible]တိုက်ပြီး မြိန် လုပ်ခဲ့သည်။ သူက မကြိုက်ဘဲ မျက်နှာပျက်[illegible]သွားလေ မြိန် ပျော်လေပဲ။

အခုလည်း

ဦးမုန်း မနှစ်သက်ဘဲ တားဆီးစကားဆိုနေတယ်ဆိုတာ [illegible]လို့ သက်လျာတို့အိမ်ကိုပဲ မရောက်ရောက်အောင်သွားဖို့ မြိန် [illegible]ဖြတ်ချက်ချလိုက်သည်။ မောင့်အကြောင်းကို သိချင်တာက [illegible]ကြောင်း၊ ဦးမုန်းရဲ့စိတ်တွေ အနှောင့်အယှက် ဖြစ်စေချင်တာ [illegible]ကြောင်း မြိန် သွားဖို့ စီစဉ်ခဲ့၏။

အခုတော့

ဦးမုန်းက မြိန်ကို သက်လျာတို့အိမ်ကို လိုက်ပို့ပေးမယ်

[illegible]

မြိန်ကို သံသယလည်း မထားဘူးတဲ့လေ။

အပြုံးတွေနဲ့ ဝေဆာနေတဲ့ သူ့မျက်နှာကြီးကိုကြည့်ပြီး မြိန် [illegible] အောင့်မျက်သွားရ၏။ အလိုမကျဟန်လေးကြောင့် နှုတ်ခမ်း

အိအိဖူးဖူးလေးပင် စူထော်သွားရသည်။

"မြန်"

"ရှင်"

"ဘာတွေအတွေးလွန်နေတာလဲ၊ သွားရအောင်လေ"

အမလေး

သူကပဲ တက်ကြွနေလိုက်တာ။

သဘောကောင်းချင်ဟန် ဆောင်နေတဲ့ ပုံစံကြီး အသည်းယားစရာ ကောင်းလိုက်ပါဘိ။

"ဟုတ်ကဲ့၊ သွားရအောင် ဦးမုန်း"

မြန်ကလည်း ခေသူမဟုတ်ချေ။

ရှေ့ကနေ ကျော့ကျော့မော့မော့လေးနှင့် ရှင်လန်း ဦးဆောင်ကာ ထွက်လာလိုက်သည်။ ဦးမုန်း ဘယ်လိုရှိနေ ဆိုတာလည်း မြန် ဂရုမစိုက်မိ။ အရှေ့ဆုံးကနေသာ ဦးမုန်း ကားလေးဆီ လျှောက်သွားလိုက်သည်။

"မြန်"

"ရှင်"

အနောက်မှ သူ့ခေါ်သံကြောင့် လှည့်ကြည့်မိ၏။

"ဖိနပ်မစီးတော့ဘူးလား မြန်"

"ရှင်"





အဲတော့

မြန် ခုမှ သတိထားမိရ၏။

မြန် ခြေထောက်ဖူးဖူးလေးတွင် ဖိနပ်မပါချေ။

သေစမ်း။

ရှက်ဖို့ကောင်းလိုက်တာ။ ဖိနပ်စီးဖို့တောင် မြန် မေ့နေဘာပါလား။

"အပြင်သွားတာ ဖိနပ်တော့ စီးမှပေါ့ မြန်"

"မြန် မေ့သွားလို့ပေါ့ရှင်၊ ဘယ်သူက ဖိနပ်မစီးဘဲ သွားမှာလဲ၊ မေ့သွားတာ"

"အဟွန်း ဘာလဲ၊ ကိုယ့်ကို အရွဲ့တိုက်ချင်တဲ့စိတ်တွေကြောင့် ဖိနပ်စီးဖို့တောင် သတိမထားနိုင်တော့ဘူးမဟုတ်လား"

"ဦးမုန်းနော်"

သူ့စကားက မှန်နေတာကြောင့် မြန်မျက်နှာလေးမှာ လုံမလဲရိပ်လေးနှင့် ရှက်အမ်းအမ်းလေးဖြစ်လို့။

သို့သော်

ဦးမုန်း စနောက်တာကိုတော့ မျက်စောင်းကြီးထိုးကာ ဆောင်ပစ်လိုက်သည်။ အခုလို တရင်းတနှီး ဆက်ဆံရလောက်အောင် မြန် သူ့ကို ခင်မင်တာ တစ်ခါမျှမရှိခဲ့ဖူးဘူးလေ။ ကား တက်ရသေးခင် မြန် အိမ်ထဲပြန်ဝင်ကာ ခွာမြင့်ဒေါက်လေး

စီးလိုက်၏။ ဒီတော့မှ နောက်ကျန်ကာ သော့ခတ်ဖို့စောင့်နေသော ဦးမုန်းက တံခါးတွေကို သေချာသော့ခတ်သည်။

ပြီးမှ

ကားပေါ်တက်ပြီး ခြံပြင်ရောက်အောင် မောင်းထွက်လိုက်ပြီး ခြံတံခါးကိုလည်း သူကပဲ ကားပေါ်ကဆင်းကာ ပြန်ပိတ်၏။ မြိန်ကတော့ အခန့်သားလေးပဲ ထိုင်နေမိသည်။

ခြံသော့ခတ်ပြီးမှ ဦးမုန်းက ကားပေါ်ပြန်တက်ကာ ကားလေးကို မောင်းထွက်လိုက်သည်။

"သင်္ဃန်းကျွန်းဘက် သွားမှာနော်"

ကားမောင်းနေသော သူ့ကို ထပ်ပြီးသတိပေးမိသည်။

သူက

ဘာမှပြန်မဖြေဘဲ မြိန်ဘက်သို့သာ အသာစောင်းငဲ့ကြည့်သည်။

ကားလေးက ကတ္တရာလမ်းမကြီးထက် တရိပ်ရိပ်ပြေး နေ၏။

ထိုတူစွာပင် မြိန့်အတွေးလေးတွေလည်း အတိတ်ဆီ လွင့်ဝဲနေတော့သည်။

ဦးမုန်းကပြောသည့်အတိုင်းပင် သက်လျာတို့အိမ်ကို လိုက်ပို့၏။ သင်္ဃန်းကျွန်းလမ်းမကြီး တည့်တည့်မောင်းကာ ကား





လမ်းရဲ့ဘေး ညာဘက်ခြမ်းတွင် ရှိနေသော တိုက်အထပ်မြင့်ကြီး ရှေ့တွင် ကားလေးကို ညင်သာစွာ ထိုးရပ်သည်။

"ကိုယ်လိုက်ပို့မယ်နော် မြိန်၊ ဘာပဲပြောပြော မြိန် သူငယ်ချင်းဆိုတော့ ကိုယ့်ရဲ့မိတ်ဆွေတစ်ယောက်ပဲပေါ့၊ မြင်ဖူး ထားချင်လို့ပါ"

ပြောပြီးတာနှင့် သူက ကားပေါ်က အရင်ဦးအောင် ဆင်းသွား၏။

မြိန် တားဆီးဖို့ပင် နောက်ကျသွားရသည်။

"ဆင်းလေ မြိန်၊ သက်လျာတို့ တိုက်ခန်းက ဘယ် နှစ်ထပ်မှာလဲ"

"ဟိုးအပေါ်ဆုံးထပ်မှာ"

မြိန် တမင်အရွဲ့တိုက်ပြီး ပြောလိုက်တာပါ။

တကယ်တော့ သက်လျာနေတာက ကားရပ်ထားတဲ့ [illegible]ည့်တည့်က မြေညီထပ်လေ။ ဒါကို သိပ်ပြီးလိုက်ချင်နေတဲ့ [illegible] အမြင်ကတ်ပြီး ရွဲ့ပြောလိုက်တာ။

"အပေါ်ဆုံးထပ် ဟုတ်လား၊ ဒါဆို မြိန်တော့ တက်ရ [illegible] ခြေတွေညောင်းတော့မှာပဲ၊ ဘာဖြစ်လို့ ဒေါက်မြင့်ကြီးစီးလာ [illegible]လဲ မြိန်ရယ်၊ အမြင့်ကိုတက်ရမယ့်ဟာကို ဖိနပ်အပါးလေး [illegible]ရောပေါ့"

အမလေး

သူက အကဲပိုပြီး မြန်အတွက် စိတ်ပူပေးနေသေးသည် ကြင်နာပြနေ၏။

မုန်းလိုက်တာ။

ရှင် ဘယ်လိုပဲနေပြပြ မြန် ရှင့်ကိုကျေးဇူးတင်မှာမဟုတ် ဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ ဦးမုန်းရယ်။ သိပ်ပြီး သရုပ် ဆောင်ကောင်းပြမနေစမ်းပါနဲ့။ မြန့်စိတ်တွေ ယိုင်နဲ့လာမှာမဟုတ် ဘူးရှင့်။

"ဟယ် မြန် နင် ငါ့ဆီလာတာလား"

"ဟင် သက်လျာ"

"ဟောဗျာ"

မထင်မှတ်ဘဲ..

မြေညီထပ်တိုက်ခန်းလေးထဲက မြန်နဲ့ရွယ်တူ ကောင် လေးတစ်ယောက် ထွက်လာပြီး မြန့်ဆီ လျှောက်လာပြီး ဝမ်း အားရ ကြိုဆိုသည်။

ဒီတော့မှ

မြန့်ရဲ့ ကလေးဆန်ဆန် အရွဲ့တိုက်မှုလေးကိုသိကာ မုန် ရဲ့ မျက်နှာကြီး ပြုံးသွားရတော့၏။ သူလိုက်လာမှာ မနစ် ၍ အပေါ်ဆုံးထပ်မှာနေတာတဲ့လေ။ အံ့သြဟန်နှင့်ကြည့်





က မျက်စောင်းကြီးပဲ ဒိုင်းခံနေအောင် လှမ်းထိုးသည်။

မုန်းမာန် ဘာမှမပြောတော့ဘဲ ကလေးဆိုးလေး မြန်ကို လည်မှုအပြည့်အဝပေးကာပင် ငြိမ်သက်နေမိသည်။

"ဩော် ဟို ကိုမုန်းမာန်လည်း ပါလာတာကို"

"ဟုတ်တယ်၊ မြန်က သက်လျာဆီကို သွားလည်ချင် ယ်ဆိုလို့လေ၊ အိမ်မှာလည်း ကိုယ်အလုပ်သွားရင် မြန် ယောက်တည်း ကျန်နေခဲ့ရမှာဆိုတော့ ပျင်းနေမှာစိုးတာနဲ့ သူ ရှိတဲ့နေရာလေးမှာ နေပါစေဆိုပြီး လိုက်ပို့တာ"

"ဩော် ဟုတ်လား၊ ဒါဆိုလည်း မြန့်ကို စိတ်ချလက်ချ ခဲ့လေ၊ သက်လျာ ရှိနေမှာပါ ကိုမုန်းမာန်၊ အလုပ်သွားစရာ သာ စိတ်ဖြောင့်ဖြောင့်သွားပါ"

သက်လျာဆိုတဲ့ ကောင်မလေးက မဆိုးချေ။

သွက်လက်ချက်ချာကာ ဖော်ရွေနွေးထွေးသည်။

မုန်းမာန်နဲ့ တစ်ခါမျှ ခင်မင်ရင်းနှီးဖူးခြင်း မရှိပေမယ့် ခင်ပွန်းဆိုပြီး သူ့အား လှိုက်လှဲစွာဖြင့် ကြိုဆို၏။

"ဒါဆို သက်လျာကို အားကိုးပြီး ကိုယ်ထားခဲ့ပြီနော်"

"ဟုတ်ကဲ့ပါ ကိုမုန်းမာန်"

သက်လျာဆီမှာအပ်ပြီးတာနှင့် မြန်ဘက် မျက်နှာလှည့် တ်ဆက်လိုက်၏။

"မြိန် ကိုယ်သွားတော့မယ်"

"..........."

မြိန်က မကြားချင်ယောင် ဆောင်နေသည်။

"ဟဲ့ မြိန် နှုတ်ဆက်နေတယ်လေဟယ်"

သက်လျာက ကြားကနေ အားနာကာ မြိန့်လက်ကို အသာတို့သည်။

မြိန်ကတော့ အေးစက်စက်ပါပဲ။ လုံးဝပြန်မနှုတ်ဆက်ပါ။

"ကိုယ်သွားပြီ သက်လျာ"

"ဟုတ်ကဲ့ရှင့်"

မုန်းမာန်တစ်ယောက် သက်လျာကိုပဲ ပြန်နှုတ်ဆက်ကာ ကားပေါ်ပြန်တက်ပြီး ပြန်မောင်းထွက်ခဲ့တော့သည်။

✡ ✡ ✡



## အခန်း (၁၀)

"နင်ကလည်းဟယ် ဘယ်လိုကြီးလုပ်လိုက်တာလဲ၊ ငါ့ ... ကိုမုန်းမာန်ကို မျက်နှာတောင်ပူသွားရတယ်"

ဦးမုန်းမာန် ပြန်သွားသည့်တိုင်အောင် မြိန် ပြန်မနှုတ်ဆက် ... ခပ်တည်တည်ကြီး လုပ်နေခဲ့သော လုပ်ရပ်ကို သက်လျာ ... ယောက် အပြစ်တင်လို့မဆုံးအောင်ပင် ရှိနေသေးသည်။

မြိန်

ဘာမှပြန်မပြောဘဲ ငြိမ်သက်နေမိ၏။

"မြိန်"

"ဘာလဲ သက်လျာ"

"နင့်ကိုကြည့်ရတာ တစ်မျိုးပဲ၊ နင် ဘာဖြစ်နေတာလဲ

"ငါ အရမ်းစိတ်ညစ်နေတယ် သက်လျာ၊ ကိုယ့်ကိုယ်
ကို သတ်သေချင်လောက်အောင်ပဲ စိတ်ညစ်နေရတယ်ဟာ"

"ဟင် ဘာဖြစ်လို့လဲ မြိန်၊ နင်တို့အိမ်ထောင်ရေးမှာ
ပြဿနာရှိလို့လား၊ နင် ကိုမှန်းမာန်နဲ့ ရန်ဖြစ်ထားလို့လားဟင်"

"မဖြစ်ပါဘူး"

"ဒါဆို နင်က ဘာလို့စိတ်ညစ်ရတာလဲ"

"မောင့်ကိုသတိရလို့"

"ဟေ"

"မောင့်ကို ငါ အရမ်းလွမ်းတာပဲ သက်လျာရယ်"

"မြိန်"

သက်လျာအသံက အလန့်တကြား တားဆီးလိုက်သံ

မြိန့်ကိုကြည့်နေတဲ့ သက်လျာရဲ့မျက်ဝန်းအကြည့်တွေ
အံ့ဩမင်သက်ကာ မယုံကြည်နိုင်တဲ့ မျက်ဝန်းအကြည့်တွေ
နေ၏။

"ဘာလဲ သက်လျာ၊ နင်က မယုံလို့လား"

"မယုံတာမဟုတ်ဘူး မြိန်၊ ငါ အံ့ဩနေတာ၊
အချိန်မှာ နင် ဒီစကားမျိုးတွေ မပြောသင့်တော့ဘူးလေ
ကိုမှန်းမာန်သာ ကြားသွားရင် နင်တို့အိမ်ထောင်ရေးမှာ ပြဿ
တွေ တက်သွားနိုင်တယ် မြိန်ရဲ့၊ လက်ရှိမှာ နင်က အိမ်ထော





ည်တစ်ယောက်လေ မြိန်ရယ်၊ နင် ဘာတွေလျှောက်ပြောနေ
ာလဲ"

"သွားစမ်းပါ သက်လျာရယ်၊ အရေးမပါတာတွေ
ပြောစမ်းပါနဲ့၊ ငါ ဘယ်လောက်ခံစားနေရသလဲဆိုတာ နင်
ိတာလည်း မဟုတ်ဘဲနဲ့ဟာ၊ ငါနဲ့ မောင့်အကြောင်းကို နင်
ိဆုံးပဲ သက်လျာ"

"သိလို့ ငါပိုပြီး တားဆီးနေတာပေါ့ မြိန်ရယ်၊ ဘာပဲ
ပြော အခုအချိန်မှာ စာမဏီကို နင်မေ့လိုက်သင့်ပြီ"

"ဘာ ဘာပြောတယ် သက်လျာ၊ ငါက မောင့်ကိုမေ့
ဟုတ်လား၊ အဓိပ္ပါယ်မရှိတာ၊ ငါ မောင့်ကို အသည်းနင့်
ဒီလောက်ချစ်တဲ့ဟာ၊ မောင်က ငါ့အချစ်ဦးဖြစ်သလို ငါ
ဆုံးယောက်ျားပဲ သက်လျာ၊ ဟိုးအရင်ကလည်း ငါချစ်တယ်၊
ည်း ချစ်နေတုန်းပဲ၊ နောင်ကိုလည်း ငါက ဆက်ချစ်နေ
သက်လျာ၊ မောင့်ကို ငါ အရမ်းချစ်တယ်"

မြိန်ရယ်။

ငါသိပါတယ်ဟာ။

နင်

စာမဏီကို သိပ်ချစ်တယ်ဆိုတာ ငါသိပါတယ်။

ဒါပေမဲ့

အခုအချိန်မှာ နင်က ပြောင်းလဲနေပြီလေ။

အရင်ကလို

လွတ်လပ်ပေါ့ပါးတဲ့ ချိုချိုမြိန် မဟုတ်တော့ဘူး။

အနှောင်အဖွဲ့ကင်းတဲ့ လူလွတ်တစ်ယောက် မဟုတ်တော့ဘူးလေ။ နင့်နံဘေးမှာ ကိုမှန်းမာန်က ရှိနေပြီ။ ဘာပဲပြောပြော သူက နင့်ရဲ့တရားဝင်ခင်ပွန်းပဲ။ ဒါကို နင်မေ့ထားလို့မရဘူး မြိန် နင့်ရဲ့ရှေ့မှာ သူ့ရဲ့အရိပ်အမိုးက ကာဆီးနေပြီဟ။

"သက်လျာ"

"ပြော မြိန်"

"မောင်ရောဟင်၊ မောင့်ကို နင်တွေ့သေးလား သက်လျာ မောင် နေကောင်းရဲ့လား၊ အဆင်ပြေပြေနေနိုင်ရဲ့လား သက်လျာ ရယ်"

သက်လျာ မဖြေမိ။

မြိန့်မျက်နှာလေးကို စာနာသနားစွာပင် ကြည့်ရ သက်ပြင်းမောလေးသာ ကြိတ်ရှိုက်မိသည်။

မြိန်ရယ်။

နင် ဘယ်လောက်ခံစားနေရသလဲဆိုတာ အခုလိုဖြစ် တဲ့ပုံစံကို ကြည့်လိုက်တာနဲ့တင် ငါ ခန့်မှန်းလို့ရပါတယ်ဟာ ဒါပေမဲ့ ငါ နင့်ကို သိပ်ချစ်တယ် မြိန်။ သူငယ်ချင်းကော





စ်ယောက်အနေနဲ့ နင့်ဘဝလေး ကောင်းစားပြီး သာယာလှပ တာကိုပဲ ငါက မြင်ချင်တာပါ။

ကိုမှန်းမာန်ကိုကြည့်ရတာ နင့်ကို အရမ်းချစ်ပုံရပါတယ်။ ကြောင့်လည်း နင် ဘယ်လောက်ပဲ သူစိမ်းတစ်ယောက်လို က်ဆံနေနေ အပြုံးလေးတွေနဲ့ နားလည်ခွင့်လွှတ်နိုင်တာပေါ့ မြိန်။ ကို နင် နည်းနည်းတော့ သိထားသင့်တယ် မြိန်ရယ်။

"သက်လျာ ငါမေးတာကို ဖြေဦးလေဟာ၊ မောင် နင့် ကို လာပြီး ငါ့အကြောင်းတွေ မေးသေးလားလို့"

"မြိန်"

"ဟင်"

"နင် မနက်စာ စားပြီးပြီလား မြိန်"

သက်လျာ စကားလမ်းကြောင်း လွှဲလိုက်၏။

"စားပြီးပြီ"

"ဘာလဲ၊ နင် အိမ်ထောင်ရှင်မပီပီ မီးဖိုချောင်ကို ဝင်နေ ပေါ့လေ"

"သွားစမ်းပါ၊ ဘာလို့ဝင်ရမှာလဲ၊ ငါလား မီးဖိုချောင်ထဲ ပြီး အားကြိုးမာန်တက် ချက်ပြုတ်မှာ"

"ဟင် ဒါဆို နင်တို့ အပြင်မှာဝယ်စားတာလား၊ အန်တီ တော့ အလုပ်သမားမရသေးဘူးဆို"

"ဦးမုန်းချက်တာလေ သက်လျာ၊ အဆင်သင့်စားရုံပဲ အိမ်အလုပ်တွေအားလုံး သူပဲလုပ်တယ်၊ မြိန် လုံးဝဝိုင်းမလုပ်ဘူး"

ဟင်။

ဒီတစ်ခါတော့ သက်လျာပါးစပ်အဟောင်းသားလေးဖြ အောင်ပင် ပို၍အံ့သြသွားရသည်။

အိမ်မှုကိစ္စတွေအားလုံး ကိုမုန်းမာန်ပဲ လုပ်တာတဲ့။

စီးပွားရေးလောကတွင် နာမည်တစ်လုံးနှင့် ရပ်တည် သော သူဌေးကြီးကိုမုန်းမာန်က အခုလို သေးနုပ်တဲ့ အိမ်အလု တွေကို အငြိုအငြင်မရှိ လုပ်တာဆိုတော့ ထိုစိတ်ဓာတ်သည် အင်အားကြီးသော ချစ်ခြင်းမေတ္တာကြောင့်သာ ဖြစ်ပေလိမ့်မည်

ဒါဆို

မြိန့်အမေ ပြောတာ မှန်နေပြီပေါ့။

ကိုမုန်းမာန်က ငွေရေးကြေးရေးကိစ္စတွေထက် မြိန့် မြတ်နိုးလွန်းလို့ ပိုင်ဆိုင်ချင်တာတဲ့လေ။ ဒါကို မြိန် အထင်လွဲ တာတဲ့။ သူ့ကို ငွေတွေပုံပေးပြီး ရအောင်ဝယ်ခဲ့တာဆိုပြီး မြိန် နာကြည်းနေသတဲ့လေ။ တကယ်ဆိုရင် ဦးမုန်းမာန်ရဲ့အနားမှာ ထက်သာသူတွေ အများကြီးပါ။ အဲဒီအထဲကမှ မြိန့်ကို ရွေး ခဲ့တယ်ဆိုတာ အချစ်တစ်ခုကြောင့်သာဖြစ်သည်။

ဒါဆို





မြိန် အရမ်းမှားနေပြီပဲ။

သက်လျာ သိထားတာတွေနှင့် ကိုမုန်းမာန် နေပုံက မြိန့် ကားအရဆို အားလုံးမှန်နေသည်။ လမ်းမှားကိုရောက်နေတာက ချစ်ဆုံးသူငယ်ချင်းမလေး မြိန်ပဲ။

"မြိန်"

"ဘာလဲ သက်လျာရာ၊ နင်ကလည်း ငါမေးတာတွေ တော့ မဖြေဘဲ ဘာတွေအရေးမပါတာ လျှောက်ပြောနေမှန်းလည်း သိဘူး၊ ပြောပါ သက်လျာရဲ့၊ မောင့်အကြောင်းကို ငါသိချင် လို့ပါ"

"အေးပါ၊ နင် အဲဒီလောက်တောင် သိချင်နေရင်လည်း ဒါ ဓာမဏီအကြောင်း ပြောပြပါ့မယ်၊ ဒါပေမဲ့ ငါပြောမယ့်စကား တွေကိုလည်း နင်နားထောင်ရမယ်နော် မြိန်"

"ဘာကိုလဲဟာ နင်ကလည်း"

"အမှန်တရားတွေကိုပေါ့ မြိန်၊ နင့်ဘဝအတွက် သိပ် အရေးပါတဲ့ အမှန်တရားတွေကိုပေါ့ဟာ"

သက်လျာပြောတာကို မြိန် နားမလည်ပါ။

မြိန်သိတာ တစ်ခုပဲရှိသည်။

အဲဒါ

မောင် ဘယ်လိုတွေဖြစ်နေမလဲဆိုတာပဲ။

မြိန် အဲဒီအချက်ကိုပဲ သိချင်နေခဲ့သည်။

“မြိန်”

“ပြော သက်လျှာ”

“စာမဏီ ရန်ကုန်မှာမရှိဘူး မြိန်”

“ဟင် မောင် မောင် ရန်ကုန်မှာမရှိဘူး ဟုတ်လား”

“ဟုတ်တယ် မြိန်၊ ပုသိမ်က သူ့အဘွား အသည်းအသန် ဖြစ်နေလို့ဆိုပြီး တစ်မိသားစုလုံး လိုက်သွားကြတယ် မြိန်၊ ဒီနေ့ နဲ့ပါဆိုရင် ဆယ်ရက်ရှိပြီထင်တယ်ဟ၊ သူနဲ့ငါ လမ်းထိပ်မှာတွေ့ တော့ သူပြောသွားတာပဲ၊ ဟိုက ဖုန်းလှမ်းဆက်အကြောင်းကြား လို့တဲ့လေ မြိန်”

လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကတဲ့။

သက်လျှာရဲ့စကား ဆုံးသွားတော့ မြိန်မျက်နှာလေး လက်ခနဲ ပြုံးမြသွားရ၏။ မြိန်က မောင် လုံးဝ သူမကို မဆက် သွယ်တော့လို့ ရှုးမတတ်ခံစားနေရတာလေ။

“ဒါကြောင့် မောင်က ငါ့ကို မဆက်သွယ်တော့တာကိုး ရန်ကုန်မှာမရှိလို့ ငါ့ဆီဖုန်းမဆက်တော့ကို၊ တော်ပါသေးရဲ့ဟယ်၊ ငါက မောင်များ ငါ့ကို နာကြည်းမုန်းတီးစိတ်နဲ့ စိမ်းကားသွားတာ လားဆိုပြီး အရမ်းကို တုန်လှုပ်နေခဲ့တာ၊ အခုတော့ မောင်က အလုပ်မအားလို့ဘဲ သက်လျှာ၊ ငါ့ကို မဆက်ဆံချင်တော့လို့ ဖုန်း





ဆက်တာမှ မဟုတ်တာ”

“မြိန်”

“ပြော”

“စာမဏီ မဆက်သွယ်တော့ နင့်အတွက် ပိုမကောင်း ဘူးလား မြိန်ရယ်၊ ဒါမှ နင် စိတ်ရှင်းရှင်းနဲ့ နေလို့ရမှာပေါ့ဟ”

“ဘာကိုလဲ သက်လျှာ၊ ငါက ဘာကြောင့် စိတ်ရှင်းရှင်း နဲ့ နေရမှာလဲ၊ မောင့်အကြောင်း တွေးမိတိုင်း ငါ့ရင်တွေ ကွဲကြေ တတ် ဖြစ်နေရတာဟ၊ မောင်များ ငါ့ကိုစိတ်နာသွားပြီလား၊ ငါ့ မျက်နှာကို မမြင်ချင်လို့ တမင်ရှောင်ပုန်းနေတာလား၊ ငါ့အသံကို ကြားချင်တော့လို့ ဖုန်းမဆက်တော့တာလားဆိုတဲ့ စိုးရိမ်ပူပန်မှု တွေနဲ့ တစ်ချိန်လုံး အရူးတစ်ယောက်လိုပဲ ဆောက်တည်ရာမရ အောင်ဘဲ ဖြစ်နေခဲ့ရတာ၊ ငါ မောင့်ကို အရမ်းချစ်တယ် သက်လျှာ၊ မောင်နဲ့အတူတူ လက်ချင်းတွဲပြီး စကားလေးတပြောပြောနဲ့ စာသင် ခန်းသွားတက်ခဲ့ကြတာတွေ၊ နေ့လယ်စာကို ကန်တင်းမှာ မျက်နှာ ချင်းဆိုင် ထမင်းလက်ဆုံစားခဲ့တာတွေ၊ ငါသိပ်ကြိုက်တဲ့ ရုပ်ရှင် ကားကို စိတ်ပါပါ မပါပါ ငါ့ဆန္ဒအတိုင်း ပျော်ပျော်ကြီး လိုက် ကြည့်ပေးတာတွေ၊ ငါ မပြီးသေးတဲ့ စာတွေကို ပြန်ပြီးဖြည့်ကူး ပေးတတ်တာတွေ၊ အဲဒါတွေအားလုံး အိပ်မက်တစ်ခုမှ မဟုတ်ခဲ့ ဘာဘဲ သက်လျှာ”

"မြိန်ရယ် ဘာပဲပြောပြော နင်က အရင်က ချိုချိုမြိန် မဟုတ်တော့ဘူးလေဟာ"

"ဘာရယ် သက်လျာ"

"ဟုတ်တယ် မြိန်၊ နင်က အရင်ကလို ဇာမဏီရဲ့ချစ်သူ ချိုချိုမြိန်မှ မဟုတ်တော့တာ၊ ကိုမှန်းမာန်ရဲ့ ဇနီးမယား ချိုချိုမြိန် ဖြစ်နေပြီ"

"သက်လျာ"

သူမတားဆီးသံလေးက ပျာခနဲ တက်သွားရ၏။

သူမမျက်ဝန်းထဲ အားငယ်ဝမ်းနည်းမှုတွေက ရိပ်ခနဲ ထိုးဝင်လာကြသည်။

"နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပါ မြိန်ရယ်၊ နင့်ဘဝလေး သာယာလှပနေတာကိုပဲ ငါမြင်ချင်တယ် မြိန်၊ နင် ဇာမဏီနဲ့ ချစ်သူတွေဖြစ်သွားကြပြီလို့ပြောတော့ လူငယ်ဖြစ်ပေမယ့် တည်ငြိမ်အေးဆေးပြီး နင့်အပေါ်မှာလည်း နားလည်သည်းခံလို့ ငါ ကိုယ်တိုင်ပဲ ကျေကျေနပ်နပ်ကြီး အားပေးခဲ့တာလေ၊ ငါ အဲဒီလို ဘာဖြစ်လို့လုပ်ခဲ့တာလဲ သိလား မြိန်၊ ဇာမဏီကြောင့် နင့်အနာဂတ်လေး စိတ်အေးရမှာပဲလို့ ငါထင်ခဲ့လို့ပါ၊ ဒါပေမဲ့ အခုအချိန်မှာတော့ နင် လမ်းမှားပေါ်ရောက်နေပြီ မြိန်၊ ဇာမဏီဆိုတာ အခုအချိန်မှာ နင်နဲ့ဘာမှသက်ဆိုင်တော့တဲ့ လူတစ်ယောက်မဟုတ်တော့ဘူး မြိန်





င့်အာရုံထဲမှာ ရှိသင့်တာ နင့်ခင်ပွန်းနဲ့ပတ်သက်တဲ့ အကြောင်း ရာတွေပဲ မြိန်၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ရဲ့ဘာမဟုတ်တဲ့ အမှား ယွင်းလေးကြောင့် ဘဝတစ်သက်တာလုံး ပြင်ဆင်လို့မရတဲ့ ာင်တတွေ တစ်သီကြီး ရနေမှာစိုးလို့ပါ၊ နင့်အိမ်ထောင်ရေး ကွဲပြီး သိပ်လှတဲ့ မြိန့်အနာဂတ်မှာ ကိုယ့်ခင်ပွန်းနောက်ကွယ်မှာ ာက်ပြန်တဲ့ မိန်းမဆိုးလေးဆိုတဲ့ ယုတ်ညံ့တဲ့ ဂုဏ်ပုဒ်ကြီးနဲ့ တကာလက်ညှိုးထိုး ကဲ့ရဲ့ရှုတ်ချနေမယ့်အဖြစ်ဆိုးကြီးမျိုး အုပ်မိုး ျရောက်စေချင်လို့ပါ မြိန်၊ ဒါကို နင်နားလည်ရဲ့လားဟင်"

သက်လျာရယ်။

သူငယ်ချင်းဖြစ်သူကို ကောင်းစားစေချင်သော သက်လျာ ေတနာမေတ္တာကြောင့် မြိန့်ရင်လေးပင် တလှိုက်လှိုက် တုန်ခါ ရတော့သည်။

ငါနားလည်ပါတယ် သက်လျာရယ်။

နင် ဘာကိုဆိုလိုတယ်ဆိုတာ ငါသိပါတယ်ဟာ။

ဒါပေမဲ့

ငါ ဦးမုန်းမာန်ကို အရမ်းမုန်းတယ်။

ဘယ်လိုမှ ချစ်လို့မရဘူး သက်လျာ။

သူ ဘယ်လောက်ပဲ ငါ့ကိုစည်းစိမ်ချမ်းသာတွေနဲ့ပဲ ား ငါ့အပေါ် ဘယ်လိုပဲ နွေးထွေးကြင်နာနေနေ သူနဲ့

ပတ်သက်ပြီး ငါ့စိတ်ထဲမှာ အမုန်းတွေပဲရှိတယ်။

"မြိန်"

"သက်လျာ"

"ကိုမုန်းမာန်က နင့်ကို တကယ်ချစ်တာပါ"

"ဟင့်အင်း မြိန် မကြားချင်ဘူး"

"ဘာပဲဖြစ်ဖြစ် နင့်အိမ်ထောင်ရေးကိုတော့ တည်တံ့ အောင် ထိန်းပါဟာ၊ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင် ပျက်ဆိုတဲ့ ဂုဏ်လောက် ညှိုးငယ်ရတာမရှိဘူး၊ ဓာမဏီသာ သူ ပယောဂကြောင့် နင့်အိမ်ထောင်ရေး ပြိုကွဲတဲ့သတင်းကို ကြား ကြည့်စမ်း၊ ယူကျုံးမရဖြစ်နေမှာဟ၊ သူ နင့်ကို သိပ်ချစ်တယ် တာ နင်လည်း သိနေတာပဲဟာ။ သူ့ကြောင့် ချစ်တဲ့သူရဲ့ လုပ အနာဂတ်လေး ပျက်သုဉ်းသွားပြီဆိုတာ ကြားလိုက်တာနဲ့ သူ အရမ်းရှက်ပြီး စိတ်မကောင်းဖြစ်လွန်းလို့ ဒီနယ်ကနေ အဝေးဆုံး ပြေးသွားမှာ သေချာတယ် မြိန်၊ ဒါကြောင့် နင် အေးအေးချမ်းချမ်း နေပါစေတော့ဆိုပြီး သူ မဆက်သွယ်တော့တာ ဖြစ်လိမ့်မယ် မြိန်"

"သက်လျာရယ် အဟင့် ဟင့်"

မြိန် ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်နိုင်ခြင်းမရှိတော့ စွာ သက်လျာရဲ့ရင်ခွင်လေးဆီ တိုးဝင်ဖက်တွယ်ပြီး တသိမ့်သိမ့် ရှိုက် လိုက်မိတော့သည်။

✡ ✡ ✡



## အခန်း (၁၁)

"ဟင် ဒါ ဒါဘာလုပ်တာလဲ ဦးမုန်း"

"အဝတ်လျှော်မလို့လေ၊ တောင်းထဲမှာ အဝတ်တွေပုံနေ တော့ ဆပ်ပြာမှုန့်နဲ့ ရေစိမ်ပြီး လျှော်စက်ထဲထည့်မလို့၊ ရေ စိမ်နေတာ၊ ဘာဖြစ်လို့လဲ မြိန်"

"ဒါ ဒါတွေက မြိန့်အဝတ်အစားတွေလေ"

"အဟွန်း မြိန်ကလည်းကွာ၊ နှစ်ယောက်တည်းရှိတဲ့ဟာ များ သူ့အဝတ်အစား ကိုယ့်အဝတ်အစား ခွဲခြားနေရဦးမှာလား ၊ ကိုယ်လျှော်မှာပေါ့"

"ဟာ မဟုတ်တာ၊ မလျှော်ပါနဲ့၊ နောက်တစ်ပတ်ဆို သမားရတော့မယ်ဆို အဲဒီအခါကျမှ လျှော်ပါစေပေါ့"

"ဒါက မသေချာတဲ့အလုပ်တစ်ခုလေ မြိန်ရဲ့၊ အဲဒီအချိန် ထားနေရင် အဝတ်ပေါင်းတွေ အနံ့စွဲပြီး ဆွေးသွားလိမ့်

မယ်၊ နေပါစေကွာ၊ ကိုယ်ပဲ လျှော်လိုက်ပါ့မယ်၊ စက်ထဲထည့် လျှော်တာပဲဟာ၊ ဘာပင်ပန်းတာမှတ်လို့''

''အို မလျှော်ပါနဲ့ဆို''

မြိန် ဇွတ်အတင်းတားဆီးနေမိသည်။

သူ့ကိုမုန်းတဲ့စိတ်နှင့် မြိန် အရွဲ့တိုက်ကာ ကိုယ်နေချင် သလို နေပြီး သူ ဘာပဲလုပ်လုပ် ကြည့်နေခဲ့ပေမယ့် အခုကိစ္စက တော့ မြိန် မတားဆီးဘဲ ဘယ်လိုမှမနေနိုင်ပါ။

ဘယ်လိုမှမသင့်လျော်တဲ့ ကိစ္စပါပဲ။

မြိန် အဝတ်အစားတွေကို သူက လျှော်ဖို့လုပ်နေတာ လေ...

အဲဒီလိုကျပြန်တော့လည်း မြိန် ငဲ့ကြီးမှာကြောက်မိသည်...

ဘာပဲပြောပြော ဦးမုန်း လို့သာ တမင်အရွဲ့တိုက်ပြီးခေါ်တာ၊ အသ... ..က သူမထက် လေးနှစ်လောက်ပဲ ကွာ၏။

ကုမ္ပဏီပိုင်ရှင် သူဌေးကြီးအသွင်နှင့် လိုက်ဖက်... တည်တည်တံ့တံ့ နေထိုင်ပြောဆိုတတ်သော သူ့စတိုင်လ်ကြော... လည်း မြိန် အရင်ကတည်းက တလေးတစားပင် ဦးတပ်ခေါ်... တာ အခုချိန်ထိ နှုတ်ကျိုးနေခဲ့ချေပြီ။

မြိန့်ကို ငွေကြေးတွေနှင့် သိမ်းခဲ့သည်ဆိုသည့် မကျေ... မှုတစ်ခုကြောင့်သာ မြိန် သူ့အပေါ် စိမ်းကာ မုန်းတီးနေခဲ့ပေ... သူနဲ့လက်ထပ်ပြီး အတူတူနေတဲ့အချိန်မှာတော့ မြိန်ကို သည်...





...ကာ နားလည်ခွင့်လွှတ်သော သူ့ရဲ့လိုက်လျောမှုများကြောင့် မြိန် ...တ်တွေ မလုံမလဲဖြစ်ကာ တွေဝေလာရသည်။

စီးပွားရှာလည်းသူ၊ ပြန်လာလို့ ထမင်းဟင်းချက်တော့ ...ည်း သူပဲလေ။ ဒါ့အပြင် အိမ်သန့်ရှင်းရေးကိုလည်း သူပဲ ...လျှဉ်းသင့်သလို လုပ်ကိုင်နေတတ်သည်။

မြိန် အခန့်သားကြီးနဲ့ စာစောင်ထိုင်ဖတ်နေလျှင်လည်း ...ာအပြစ်မှမပြောချေ။

မြိန် ဘာစားချင်သလဲ။ မြိန် ဘယ်သွားချင်သလဲဆိုသည့် ...ဆန္ဒများကိုသာမေးပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့သာ ... ကြိုးစားတတ်သည်။ မြိန့်ကိုသာ သူက အပြစ်မမြင်တာ၊ မြိန် ...တော့ သူ ဘာတွေပဲလုပ်ပေးပေး ကျေးဇူးတင်ရကောင်းမှန်းမသိ ...က်အောင်ပင် မုန်းတီးနေမိသည်။

သို့သော်

အခုတစ်ခါတော့ မြိန် မျက်စိမှိတ်မနေနိုင်ခဲ့ပါ။

မြိန့်ထက် အသက်အရွယ်ကြီးတဲ့အပြင် အိမ်ထောင်ဦးစီး ...ကျားတစ်ယောက်ဖြစ်သော ဦးမုန်းက မြိန် အဝတ်အစားတွေ ...ရာနေပြီး လျှော်စက်ထဲထည့်ဖို့ ဆပ်ပြာရည်စိမ်နေတာလေ။

''မြိန် ဖယ်လေ၊ သွား သွား ရေချိုးခန်းထဲကထွက်၊ ...ကြာ ဆပ်ပြာရည်တွေနဲ့ ချော်လဲနေဦးမယ်''

''မထွက်ဘူး၊ မြိန် အဝတ်အစားတွေပြန်ထုတ်မလို့''

"မဟုတ်တာဘဲကွာ"

"အို ဘာမဟုတ်တာလဲ၊ မြိန် ဧရာကြီးမှာပေါ့ရှင့်"

"ကိုယ် ခွင့်လွှတ်ရင် ပြီးတာပဲဟာ"

"ဟာ မသိဘူး၊ ပေး ပေး မြိန်ပဲလုပ်တော့မယ်၊ ရှင် ဖယ်တော့"

ဟာ

ဆပ်ပြာရည်တွေစိမ်ထားသော အဝတ်ဇလားကြီးမှ သူ့ လက်အစုံကို တွန်းထုတ်ကာ မြိန်က အဝတ်အစားတွေကို ကော် ဘရက်ရှ်လေးနှင့် ပွတ်တိုက်နေ၏။

နှုတ်ခမ်းလေးရှုရှု မျက်မှောင်လေးကုတ်ကုတ်နှင့် အဝတ် အစားတွေ လုလျှော်နေသော မြိန့်ကို ငေးကြည့်ရင်း မုန်းမာန် ရင်ခုန်သံလေးတွေ တထိတ်ထိတ် ခုန်မြန်နေရတော့၏။

နှုတ်ခမ်းနီတွေးတွေးကြီးမှာ အပြုံးရိပ်လေးတွေ ဝေဝ ရသည်။

ယောက္ခမကြီး ဒေါ်လေးမြတ်ချိုရဲ့ အကြံအစည်အရ အိ က အလုပ်သမားတွေအားလုံးကို ထုတ်ပစ်ခဲ့ရသည်။ အလုပ်သ တွေ နောက်တစ်ပတ်မှ ရောက်လာလိမ့်မည်ဟု မြိန့်ကို အသိ ထားပြီး ဒီအတိုင်း နှစ်ယောက်တည်း နေစေ၏။ ဒါမှ မြိ အိမ်ထောင်မှုကိစ္စလုပ်ပြီး ရင်းနှီးလာမှာတဲ့လေ။





မုန်းမာန် အစကတော့ လက်မခံချင်ပါ။

မြိန်ကို သူ လက်ထပ်ခဲ့တာ အိမ်ထောင်ရှင်မပီသပြီး ...ိုးနွံတဲ့မိန်းကလေးမို့ ရွေးချယ်လက်ထပ်ခဲ့တာမှမဟုတ်တာ။ ...ချိမြိန်ကို ချစ်လွန်းလို့သာ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခဲ့တာ ...။

သူ့ရဲ့ကြိုးစားမှုဟာ တရားမျှတချင်မှ မျှတပါလိမ့်မည်။

သို့ပေမယ့်

သူ ဘယ်လိုမှ နောက်မဆုတ်ချင်သည့်အတွက်ကြောင့် ...န်းခံကာ ရယူခဲ့ခြင်းဖြစ်သည်။

မြိန် နာကြည်းမယ်ဆိုတာ သူသိပြီးသားပဲ။

မြိန်က သူ့ကို ချစ်မှမချစ်တာ။

သို့သော်

မြိန်မချစ်တာထက် သူ ထာဝရမပြောင်းလဲဘဲ ချစ်နေ ...ာ အဓိက မဟုတ်ပါလား။

အိမ်ထောင်တစ်ခုဆိုတာ အချစ်တစ်ခုတည်းနဲ့ တည် ...က်နိုင်တာမဟုတ်ဘူးလေ။ သနားညှာတာမှုတွေ၊ နားလည် ...ပ်မှုတွေ၊ သံယောဇဉ်နှောင်တွယ်မှုတွေနှင့် သူ့ဘက်က ...တ်နိုင်ဆုံး ဖြည့်ဆည်းပြီး မြိန်ဟာ လောကမှာ အေးချမ်း ...ာတဲ့ အနာဂတ်လေးတစ်ခုကို ပိုင်ဆိုင်ခွင့်ရတဲ့ မိန်းကလေး

တစ်ယောက်ဖြစ်ရမယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့တာ ကြောင့် မြိန် အခုလို တပင်တပန်း အလုပ်လုပ်နေရမှာလေးကို မကြည့်ရက်နိုင်လောက်အောင်ပင် သူ့နှလုံးသားတွေ နာကျင်နေ သည်။

"မြိန် ဖယ်ပါ၊ ကိုယ်ပဲ လုပ်ပါ့မယ်"

မြိန့်လက်ထဲက အဝတ်ထည်နှင့် ကော်ဘရပ်ရှ်လေးအား လှမ်းတောင်းမိ၏။

"မဖယ်ပါဘူး၊ ရှင်ပဲ ဖယ်"

"မြိန်"

"ဦးမုန်း"

"မင်း ဘာလို့ ကိုယ့်စကားဆို နားမထောင်ချင်ရတာလဲ ပင်ပန်းမှာစိုးလို့ စေတနာနဲ့ပြောနေတာကွ"

"........."

မြိန် ငြိမ်သက်စွာပင် သူမအလုပ် ဆက်လုပ်နေသည်

"မြိန်"

"........."

မြိန်က သူ့ဘက်စောင်းငဲ့၍ပင် မကြည့်။

"ဒီလောက်တောင်ပြောမရတာ ပေးစမ်းကွာ"

ဟင်။





ဦးမုန်းက သူမလက်ထဲက အဝတ်ထည်ကို ဆတ်ခနဲ ယူကာ ဆပ်ပြာရည်ဇလားကြီးထဲ ဆောင့်အောင့်ပစ်ထည့်ပြီး ဘက်လက်တွင်ကိုင်ထားသော ဘရပ်ရှ်ကိုလည်း ဆွဲယူကာ ထဲ ပစ်လိုက်၏။

"ရှင် ရှင် ဘာလုပ်တာလဲ"

"ထစမ်းပါကွာ"

"အို ဦးမုန်း"

သူမလက်မောင်းတစ်ဖက်ကို ဖွတ်အတင်းဆွဲမကာ ချိုးခန်းလေးထဲကနေ ခေါ်ထုတ်သွားသော သူ့နောက် မြိန် ပါသွားရသည်။

"လက်ဆေးလေ မြိန်၊ မင်းလက်ကိုဆေးတော့"

ဘေစင်လေးတွင် သူမလက်တွေကို အတင်းဆေးခိုင်း ၏။

ဆေးခိုင်းတာထက် သူကိုယ်တိုင်ပင် ဆေးပေးမလိုလို နေတာမို့ မြိန် သူ့လက်တွေကို မသိမသာလေး တွန်းဖယ်ကာ

"ဖယ်ပါ၊ ဆေးဆိုလည်း ဆေးပါ့မယ်"

ခပ်ဆတ်ဆတ်လေးပြောတော့ သူက မျက်ဝန်းစူးတောက် ကြီးများနှင့် လှမ်းကြည့်၏။

"မြိန်"

"……."

"မင်း ပင်ပင်ပန်းပန်းလုပ်နေမှာကို မကြည့်ရက်လို့ပါ ကွာ၊ မင်းက အိမ်မှာ အလုပ်သမားတွေအများကြီးနဲ့ နေတာမဟုတ် လား၊ ကိုယ့်အိမ်ကိုရောက်မှ အိမ်မှုကိစ္စတွေလုပ်ရတယ်ဆိုတာ ဘယ်လိုမှမဖြစ်သင့်တာပဲ၊ အလုပ်သမားမရခင်အချိန်ထိ ကိုယ် လုပ်ပါ့မယ် မြိန်၊ မင်း အေးအေးဆေးဆေးနေပါကွာ"

မြိန်

ဦးမုန်းရဲ့မျက်နှာလေးဆီ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်

သူ

ဒီစကားတွေကို တမင်အရွဲ့တိုက်ပြီး ပြောနေတာ မဟုတ်ချေ။ တကယ်စိတ်ရင်းအတိုင်း ပြောနေတယ်ဆိုတာ မျက်ဝန်းတွေထဲက လေးနက်တည်ကြည်မှုတွေကိုကြည့်ရင်း သူ စိတ်ထဲ အလိုလိုသိနေခဲ့သည်။

အံ့သြစရာကောင်းလိုက်တာ။

မြိန်က သူ့ကို အထင်တွေလွဲမှားနေခဲ့တာလေ။

သူမကို အိမ်ရှင်မပီသအောင် အိမ်အလုပ်တွေလုပ်ဖို့ အလုပ် သမားတွေကို တမင်မထားတာဟု မြိန် ထင်ထားခဲ့မိ၏။ ရန်ကုန် မြို့ကြီးထဲမှာ အိမ်အကူအလုပ်သမားငှားဖို့ အဲဒီလောက်ကြီး ခက် မနေဘူးဆိုတာ မြိန် သိနေတာပဲဟာ။





ဒါကို

နောက်တစ်ပတ်လောက်မှ လာမည်ဟု အကြောင်းပြချက် ပေးပြီး သူချည်း ဒိုင်ခံအလုပ်လုပ်နေသည်။ မြိန်ကလည်း အားနာ တဲ့စိတ်နှင့်ပင် သူ့အား ဝင်မကူညီခဲ့ပါ။ သူ့ဘာသာ ဘယ်လောက် ပင်ပန်းနွမ်းနယ်နေနေ မသိချင်ဟန်ဘဲ ဆောင်နေလိုက်သည်။ မြိန်ကို ပညာပြဖို့ ကြိုးစားတဲ့သူ့ကို မြိန်က ပြန်ပညာပေးလိုက် တာလေ။

သို့သော်

သူက မြိန့်ကို အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ် အောင် အကြံဉာဏ်နှင့် သွတ်သွင်းနေခြင်းမဟုတ်ဘဲ တကယ်ပဲ အလုပ်သမား အခက်အခဲရှိကာ အချိန်စောင့်နေရသည့်ဟန် ရှိနေ၏။

မြိန့်ကို မခိုင်းရက်တဲ့သူ့ကို ကြည့်ခြင်းအားဖြင့် မြိန်ရဲ့ သံသယစိတ်များအားလုံး တစ်ချီတည်း လဲပြိုကုန်ရသည်။

အချစ်ဆုံး သူငယ်ချင်းမလေး သက်လျှာရဲ့ စကားသံ တွေကို သူမအာရုံမှာ ပဲ့တင်ထပ်ကာ ပြန်ကြားယောင်နေမိသည်။

ဦးမုန်းမာန်က နင့်ကို တကယ်ချစ်နေတာပါတဲ့။

နင့်ခေါင်းထဲမှာ ရှိသင့်တာ နင့်ခင်ပွန်း ဦးမုန်းမာန်နဲ့ နင်တို့ အိမ်ထောင်ရေးပဲတဲ့လေ။

ဒါ အမှန်တရားတွေပဲလား။

မြ်နိ

တကယ်ပဲ လက်ခံပေးရတော့မှာပဲလား။

ဟင့်အင်း မကြားချင်ဘူး။ မြ်နိ အဲဒီစကားတွေကို လုံးဝ မကြားချင်ဘူး။

မြ်နိကို မပြောကြပါနဲ့။

မြ်နိကို သူ့ဘက်က ဘယ်လောက်ပဲ ချစ်နေတယ်ဆိုဦး တော့ မြ်နိကမှ သူ့ကို ချစ်လို့မရတာ။

မြ်နိချစ်တာ မောင့်ကိုပဲ။

မောင့်ကို သိပ်ချစ်တာလေ။

အဲဒီအချစ်တွေကို မြ်နိ ဘယ်လိုပြောင်းလဲပစ်နိုင်မလဲ။

အပြစ်မရှိတဲ့မောင့်ကို မြ်နိနှလုံးသားထဲကနေ ဘယ်လို လုပ်ပြီး ထုတ်ရပါ့မလဲ။ မောင်ကလည်း မြ်နိကို အရမ်းချစ်ခဲ့ တာပဲလေ။ မြ်နိ ဘယ်သွားသွား၊ မြ်နိ ဘာလုပ်လုပ်၊ မြ်နိစိတ်တိုင်း ကျ အားလုံးဖြစ်စေခဲ့တဲ့ ချစ်သူတစ်ယောက်ပါပဲ။

အဲဒီလိုလူတစ်ယောက်ရဲ့ အသည်းနှလုံးတွေကိုမှ မြ်နိက ရက်ရက်စက်စက် နင်းချေခဲ့မိတာလေ။

မြ်နိ လုပ်ရပ်ဟာ ဘယ်လောက်တောင် အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်ခဲ့မိသလဲဆိုတာ တွေးမိတိုင်း လိပ်ပြာမလုံပါ ဘယ်လောက်တောင် နင့်သည်းနာကျင်နေခဲ့ရသလဲဆိုတာ မြ်နိ





အသိဆုံးလေ။

မြ်နိရဲ့အိမ်ထောင်ရေးကို ခေါင်းထဲထည့်လို့မရအောင် မောင့်ကို ချစ်ခဲ့မိတဲ့ အချစ်တွေက ကြီးမားနေခဲ့တာလေ။

အဲဒါကို

မြ်နိ ဘယ်လို မေ့ပျောက်ထားရပါ့မလဲ။

"မြ်နိ"

"ပြော ဦးမုန်း"

ဒီတစ်ခါတော့ မြ်နိရဲ့အသံက မာဆတ်ပြတ်တောက်မနေ ဘဲ လေသံက ပျော့ပျောင်းနေ၏။

"မင်း အေးအေးဆေးဆေးပဲ နေပါ မြ်နိ၊ မင်း စိတ်မပါ ဘဲ ဘယ်အရာကိုမှ အားနာစိတ်နဲ့ ဝင်မလုပ်ပါနဲ့၊ မင်းရဲ့စိတ်တွေ ဘယ်လောက်ထိ ပင်ပန်းနေခဲ့ရသလဲဆိုတာ ကိုယ်အသိဆုံးပါ မြ်နိ၊ အဲဒီအတွက်လည်း ကိုယ် တကယ်စိတ်မကောင်းပါဘူး မြ်နိရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ့်ကိုခွင့်လွှတ်ပါ မြ်နိရယ်၊ ဘာပဲ ပြောပြော မြ်နိ ကိုယ့်ကိုမုန်းနေသေးတယ်ဆိုတာ ကိုယ်နားလည် ပါတယ်။ မုန်းပါ မြ်နိ၊ မင်းစိတ်ချမ်းသာသလို ကိုယ့်ကိုမုန်းပါ၊ ဒါပေမဲ့ ကိုယ့်အနားကနေတော့ ဘယ်လိုအကြောင်းမျိုးနဲ့မှ ပျောက် ကွယ်မသွားပါနဲ့ မြ်နိရယ်၊ မင်းရဲ့အနီးဆုံးနေရာလေးမှာပဲ ကိုယ့်ကို ခွင့်ပြုပါကွာ၊ ကိုယ် မခံစားနိုင်လွန်းလို့ပါ မြ်နိရယ်၊ အဲဒီ

တစ်ချက်လေးကိုတော့ မြိန့် ခွင့်ပြုပါကွာ"

အို

မျက်ရည်ကြည်ကြည်လေးများ ဝေ့သီလျက် အက်ကွဲ တိုးလျှစွာ တောင်းပန်နေသော သူ့မျက်ဝန်းတစ်စုံ၏ အကြည့် အောက်တွင် မြိန့်သည် ဘာတစ်ကားတစ်ခွန်းမျှကို ပြန်ပြောနိုင် ခြင်းမရှိစွာပင် အံ့သြမင်သက်ကာ တိတ်ဆိတ်နေတော့သည်။

သူက

မြိန့် မကြားချင်ဆုံးစကားတွေကို ပြောနေတာလေ။

ဒါကို

မြိန့် ဘာကြောင့်များ မတားဆီးမိတာပါလိမ့်။

သေချာတာကတော့

မြိန့်ဟာ အရင်က ချို့ချို့မြိန့် မဟုတ်တော့ဘူးဆိုတာပါပဲ။

မသိစိတ်ရဲ့ ပြောင်းလဲမှုကို မြိန့် မယုံကြည်နိုင်လောက် အောင်ပင် လက်ခံနေရသည်။

တဖြည်းဖြည်း

မြိန့် တုန်လှုပ်လာရ၏။

သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲတော့သလို မြိန့်မျက်နှက် ဝန်းလေးတွေကို ခပ်တင်းတင်းလေး ဖိပိတ်ပစ်လိုက်မိတော့သည်။

✡ ✡ ✡



## အခန်း (၁၂)

"ရှင့်သမီး သိပ်ပြီးတရားလွန်နေပြီ ကိုသောတရယ်"

အလုပ်ကပြန်အလာ အိမ်ထဲပင် ဝင်လာရုံရှိသေး၊ ဇနီး ဖြစ်သူထံမှ တိုင်ကြားမှုကြောင့် ဦးသောတချိုပင် အံ့သြသင့်သွား ရသည်။

"ကျွန်မဆီကို သမီးရဲ့သူငယ်ချင်း သက်လျာက ဖုန်း ဆက်ပြီးပြောလို့ သူတို့ရဲ့အိမ်ထောင်ရေးအခြေအနေကို သိခွင့်ရခဲ့ ဘာလေ၊ မြိန့်က မောင်မုန်းမာန်အပေါ် အရမ်းကို အနိုင်ယူရာ ရောက်နေပြီ ကိုသောတရဲ့"

ဦးသောတချိုတစ်ယောက် သက်ပြင်းကြီးတစ်ချက်ချကာ လက်ထဲမှာကိုင်ထားသော အတက်ချီကေ့စ်အား စားပွဲပေါ်သို့ ညင်သာစွာ တင်လိုက်မိသည်။ ပြီးနောက် ဆိုဖာခုံတွင် ပင်ပန်း

နှမ်းလျစွာ ထိုင်ချလိုက်၏။

ထင်ထားပြီးသားပဲ။

သမီးရဲ့အိမ်ထောင်ရေးက အဆင်ပြေနေမှာမဟုတ်ဘူး ဆိုတာ မိမိတို့အားလုံး တွက်ထားပြီးသားလေ။

သမီးက မောင်မှန်းမာန်ကို လက်ထပ်ခဲ့တာ ချစ်လို့မှ မဟုတ်တာ။ မိဘတွေရဲ့ အခက်အခဲကို မတတ်သာလို့ အကူအညီ ပေးရင်း ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူခဲ့ရတာဆိုတော့ ပြဿနာကတော့ အနည်းနဲ့အများတော့ ရှိနေမှာပဲပေါ့။

"ရှင့်သမီးကို အနီးကပ်ထိန်းချုပ်ပေးဖို့ လိုအပ်နေပြီ"

ဦးသောတချိုကတော့ ခေါင်းကိုသာ ဘယ်ညာခါယမ်း ပြလိုက်မိသည်။ သမီးလေး စိတ်အနှောင့်အယှက်ဖြစ်အောင် နောက်တစ်ကြိမ် ထပ်ပြီး ဘယ်လိုမှမလုပ်ချင်တော့ပါ။

ဘာပဲဖြစ်ဖြစ်

သမီးက မိဘတွေရဲ့ အခက်အခဲ အကြပ်အတည်းတို့ သိတတ်လိမ္မာမှုရှိစွာပင် ကူညီဖြေရှင်းပေးခဲ့ပြီးပြီလေ။ သားသမီး ရဲ့ တာဝန်နဲ့ဝတ္တရားတွေ ကျေပွန်စွာ ထမ်းဆောင်သွားတဲ့ သမီး လိမ္မာလေးပါ။

အခုဆိုလျှင်

သမီးလေးကြောင့်ပဲ





မြိန်သာ ခေါင်းခါခဲ့လျှင် မိမိတို့ဘဝပျက်တာ ကြာချေ ပြီ။

"ကျွန်မက သမီးကို အိမ်ထောင်မှုထိန်းသိမ်းအောင်ဆို တဲ့ အကြံအစည်နဲ့ အလုပ်သမားမငှားဘဲ ထားခိုင်းခဲ့တာ၊ အခုတော့ မောင်မှန်းမာန်အပေါ် တာဝန်တွေပိုပြီး လေးပိနိုင်းသလို ဖြစ်နေ ပြီရှင်၊ မောင်မှန်းမာန်ကိုယ်တိုင် မီးဖိုချောင်ဝင်ပြီး ချက်ပြုတ်နေ နေသတဲ့။ အရပ်ရပ်နေပြည်တော် ကြားလို့မတော် ဆိုသလိုပဲ ရှင့် သမီးရဲ့ အနိုင်ကျင့်မှုတွေက သိပ်များနေပြီ ကိုသောတရယ်"

မိမိက ဘယ်လောက်ပဲ အရေးတစိုက်ပြောနေနေ အေးစက် တည်ငြိမ်စွာ ထိုင်နေသော ခင်ပွန်းသည်ကြောင့် ဒေါ်လေးမြတ်ချို မှာ နားမလည်နိုင်လောက်အောင်ပင် ဖြစ်နေရသည်။

"ဒီမှာ ရှင် ကျွန်မပြောနေတာတွေ အားလုံး ကြားရော ကြားပါတယ်နော်"

"ကြားပါတယ်ကွာ"

"အမလေး ကြားတယ်သာပြောတယ်၊ ရှင့်ကြည့်ရတာ အပူအပန်မရှိ အေးစက်စက်နဲ့ နေနိုင်လိုက်တာရှင်၊ နည်းနည်းပါးပါး ထည်း စကားပြောပါဦးရှင့်"

"ကိုယ်က ဘာပြောရမှာလဲ"

"မြတ်စွာဘုရားရေ ဘာပြောရမှာလဲ ဟုတ်လား၊ ရှင့်

သမီးရဲ့လုပ်ရပ်တွေက သူ့အိမ်ထောင်ရေးနဲ့ ဒီလောက်သက်ဆိုင်နေတဲ့ဟာကို ဖအေဖြစ်တဲ့ရှင်က ဘာပြောရမလဲဆိုတော့ အံ့သြပါရဲ့ရှင်”

ဒေါ်လေးမြတ်ချို တစ်ယောက် ဘာဆက်ပြောရမှန်းမသိအောင်ပင် စိတ်ပျက်စွာ ခင်ပွန်းဖြစ်သူအား ကြည့်မိသည်။

“မိန်းမ”

“ဘာတုန်း”

“ဒီအတိုင်းပဲ ထားလို့မရဘူးလားဟင်”

“ဘာရှင့်”

“သမီးလေး နေချင်သလို နေပါစေလား မိန်းမရယ်”

“ဘယ်လို ဘယ်လိုပြောလိုက်တယ် ကိုသောတချို၊ သမီးနေချင်သလို နေပါစေ ဟုတ်လား၊ ဒါ ဒါ ဖအေတစ်ယောက်ဖြစ်တဲ့ ရှင်က ပြောလိုက်တာပေါ့လေ”

ဒေါ်လေးမြတ်ချို တစ်ယောက် ခင်ပွန်းဖြစ်သူဆီမှ ကြားလိုက်ရသောစကားကြောင့် မျက်လုံးကြီးတွေပြူးကာ ပါးစပ်အဟောင်းသားပင် ဖြစ်နေရတော့သည်။

“သမီးလေးရဲ့စိတ်ကို အနှောင့်အယှက်မပေးချင်… ဘူးကွာ၊ သမီးကို အရမ်းအားနာနေမိတယ်၊ ဘာပဲပြောပြော သမီးလေး အခုလိုဖြစ်နေတာ ကိုယ့်ရဲ့ပယောဂ မကင်းဘူးဆ





ကြောင့် ကိုယ် ဒုတိယအကြိမ် ဘာအကူအညီမှ ထပ်မတောင်းဆိုင်တော့ဘူး”

ခင်ပွန်းဖြစ်သူ ဘာကိုရည်ရွယ်ပြောသလဲဆိုတာ ဒေါ်လေးမြတ်ချို ရိပ်မိပါသည်။

သို့ပေမယ့်

အရာအားလုံးက ဖြစ်ပြီးသွားပြီလေ။

ပြောင်းလဲသွားတဲ့ အနာဂတ်တစ်ခုကို အလှပဆုံးဆက်နိုင်အောင်ပဲ ထိန်းသိမ်းရတော့မှာမဟုတ်ပါလား။ ဒါကို က်စိစုံမှိတ်ပြီး ဘယ်နှယ့်ပစ်ထားရပါ့မလဲ။

“ကျွန်မ သိပါတယ်၊ ရှင် အရမ်းကို မျက်နှာပူနေတယ်ဆို ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်မ တို့ ောင်မှန်းမာန်ကို မေ့ထားလို့မှဖြစ်ဘူးလေ၊ ပြီးတော့ မောင်မှန်းမာန် သမီးလေးကို ဘယ်လောက်တောင် ချစ်သလဲဆိုတာ ကျွန်မ သိထားပြီးသားပဲဟာ၊ သူ့အတွက် အကောင်းဆုံးဖြစ်အောင် တို့ဘက်က အတတ်နိုင်ဆုံး ရပ်တည်ပေးရမှာပေါ့ ကိုသောတ”

ဒေါ်လေးမြတ်ချို လေသံပျော့ပျော့လေးနှင့် နားသွင်းမိ

ကျေးဇူးတရားတွေက အများကြီးပါ။

မိမိတို့မိသားစု အသိုင်းအဝိုင်းကြားမှာ မျက်နှာပန်းလှလှ နဲ့ ရပ်တည်နေနိုင်ခဲ့တယ်ဆိုတာ မောင်မုန်းမာန်ရဲ့ ကျေးဇူးတွေ ကြောင့်ပဲဖြစ်သည်။

ဒါကို

သမီးလေး ချို့ချို့မြိန် နားလည်စေချင်မိ၏။

ဆုံးမရမှာပေါ့။

မြိန် နားဝင်အောင် မိဘတွေဖြစ်တဲ့ မိမိတို့က ဝင်ရောက် ဖေးမ ထိန်းသိမ်းပေးရမှာပေါ့။ ဒါမှ တရားမျှတမှုရှိမှာလေ။

"မိန်းမ"

"ပြော"

"သူတို့ဘာသာ အေးအေးဆေးဆေး နေပါစေကွာ [illegible] စေတနာ မေတ္တာဆိုတာ မှန်တဲ့သူကသာ အနိုင်ရတတ်တာ ထုံး [illegible] ပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သမီးလေး နားလည်သွား [illegible] လိမ့်မယ်ကွာ"

"အဲဒီအချိန်ထိ မောင်မုန်းမာန်ရဲ့စိတ်တွေ ရှည်နိုင်ပါ့မလား [illegible] ဟင်၊ ရှင့်သမီးရဲ့လုပ်ရပ်တွေက သည်းခံနိုင်စရာမှမရှိတာ၊ အဲ [illegible] လောက် အနိုင်ယူနေတာတော့ ဘယ်ကောင်းမလဲရှင်"

"မိန်းမက ယောကျ်ားကိုနိုင်တာ ကောင်းတဲ့အချက် [illegible] လေ၊ အဲဒါမှ စီးပွားတက်တာကွ၊ မင်းဆိုကိုယ့်ကိုမနိုင်လို့ အ [illegible]





[illegible] း အလျှော့ပေးလိုက်လျှောတတ်လို့ ကိုယ် အခုလို အမှား [illegible] င်းတွေ လုပ်မိသွားတာပေါ့ မိန်းမရဲ့"

"ဘာ ဘာပြောတယ်ရှင့်၊ ရှင်က ကျွန်မကို အပြစ်တွေ [illegible] နေတာလား"

ဦးသောတချို့ ပြုံးနေမိသည်။

သမီးဆီမှာ စိတ်တွေရောက်နေတာမို့ ဇနီးသည် မခံနိုင် [illegible] င် တမင်စနောက်ကာ စိတ်ကို ပြောင်းလိုက်မိခြင်းပဲဖြစ်သည်။

ဒါကို

ဇနီးဖြစ်သူက မရိပ်မိဘဲ ဒေါသတွေ ထွက်နေ၏။

"ဘာပြုံးနေတာလဲရှင့်၊ အခုတော့ ကျွန်မအပြစ်ပဲပေါ့လေ [illegible] လား"

"အလကား စတာပါကွာ မင်းကလည်း၊ ကိုယ်က ဘယ် [illegible] များ မိန်းမအပေါ် အပြစ်တင်ဖူးလို့လဲ၊ အလကား စတာပါ"

"ရှင်နော် ဖယ်ပါ၊ ဒါ ဘာလုပ်မလို့လဲ၊ ကလေးကလား [illegible]"

ဇနီးဖြစ်သူဆီ တိုးကပ်ကာ ပခုံးကို ခပ်ဖွဖွဖက်ရင်း မျက်နှာ [illegible] တိုးကပ်သွားသော သူ့အား တွန်းဖယ်ရုန်းထွက်ရင်း အရက် [illegible] ွာ တားဆီးသတိပေး၏။

"ကိုယ်ကတော့ ဝင်မပါချင်တာအမှန်ပဲ မိန်းမရယ်"

"သမီးက တအားဆိုးပြီး ဗိုလ်ကျလွန်းနေတာရှင့်၊ အတိုင်း ပစ်ထားလိုက်လို့တော့ မကောင်းဘူး၊ မောင်မှန်းမာန် အ... စိတ်ထိခိုက်နေရမှာ"

"သမီးက ငယ်သေးတာကို၊ ခံစားနေရမှာပေါ့ ... မောင်ဓာမဏီက အပြစ်မရှိတဲ့သူဆိုတော့ သမီး ဘယ်ဖြေသိမ့်... ရပါဦးမလဲ၊ သူတို့က ချစ်သူတွေကို၊ မဓမ္မနိုင်သေးတာ အ... မရှိပါဘူးကွာ၊ နေပါစေ၊ အချိန်က သမီးလေးကို ကုစားသွား... ပါ၊ ကိုယ်တို့ အသာလေးပဲ စောင့်ကြည့်နေကြရင် ကောင်းမယ်"

သမီးနဲ့ မောင်မှန်းမာန်ကြားမှာ မဝင်သင့်ဟုဘဲ မိမိ... မိသည်။

ဘာပဲပြောပြော မောင်မှန်းမာန် သမီးလေးကိုချစ်တာ... အမှန်ပါပဲ။ ဒါကြောင့်လည်း သမီး အခုလို ဆိုးနေတာတွေ... သည်းညည်းခံနေတာပေါ့။

မေတ္တာဆိုတာ အသွားအပြန်ရှိသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သမီးလေး အသေအ... ကို ပြောင်းလဲသွားမှာပါ။

အဲဒါကိုပဲ

မိမိ ယုံကြည်နေမိသည်။

"သမီးက စိတ်မှတ်အရမ်းကြီးတာရှင့်၊ သူ့ကို ...





...ယ်တယ်ဆိုတဲ့အချက်ကြီးကို တစ်ချိန်လုံးစွဲနေမှာ"

ဦးသောတချို သက်ပြင်းမောကို ကြိတ်ရှိုက်မိသည်။

အရာအားလုံး

ကံကြမ္မာရဲ့ အလိုအတိုင်း ဖြစ်ကြမှာပဲလေ။

ဒါကို

လက်မခံချင်လို့မှ မရတာ။

အားလုံး လက်ခံရမည်။

"ကျွန်မကတော့ သမီးကို စိတ်မချနိုင်ဘူးရှင်"

ဒေါ်လေးမြတ်ချို တကယ်ပဲ ရင်တွေပူနေမိသည်။

သမီးအကြောင်းကို မိမိတို့သာလျှင် အသိဆုံးပဲ မဟုတ် ...လား။

အစွဲအလမ်း သိပ်ကိုကြီးမားတဲ့ ကလေးမလေးပါ။

သမီးလေးရဲ့ အိမ်ထောင်ရေး ခိုင်မြဲပါ့မလား။

မောင်မှန်းမာန်ကရော ဘယ်အတိုင်းအတာထိ ခွင့်လွှတ် ...းလည်မှုတွေနဲ့ ချစ်နေနိုင်မှာတဲ့လဲ။

စဉ်းစားရင်း ရင်တွေပူလောင်လာရပြန်သည်။

မေ့ပစ်သင့်ပါပြီ။

မောင်ဓာမဏီကို သမီးလေး မေ့ပစ်သင့်သည်။

မိမိ မတရားပြောတာတော့ မဟုတ်ပါ။

သမီးရဲ့အနာဂတ်အတွက် ကိုယ့်အိမ်ထောင်ရေးကိုခဲ
အလေးအနက်ထားကြည့်သင့်သည်ဟု မိမိထင်မိ၏။

တစ်ခုလပ် တစ်လင်ကွာဘဝနှင့် မတင့်မတယ် မနေ
ချင်။

ဟူး

ရင်မောလိုက်တာ။

အခုချိန်ထိ စိတ်မအေးရသေးပါလားနော်။

ဒေါ်လေးမြတ်ချိုတစ်ယောက် အတွေးတွေနှင့် သမီး
နောင်ရေးအတွက် စိတ်အပူကြီး ပူနေမိတော့သည်။

✡ ✡ ✡



## အခန်း (၁၃)

မြိန်တစ်ယောက် Love ကော်ဖီဆိုင်လေးတွင် ထိုင်နေ
သည်။

မောင့်ကိုသတိရမိတိုင်း ဒီကော်ဖီဆိုင်လေးဆီ ဘယ်သူမှ
အောင် သူမတစ်ယောက်တည်း လာလာထိုင်နေမိ၏။

မောင့်ရဲ့အငွေ့အသက်လေးတွေ၊ မောင့်ရဲ့ပုံရိပ်လေးတွေ
နေခဲ့ဖူးတဲ့ နေရာလေးမို့ မြိန် မပျင်းမရိ ထိုင်နေတတ်ခဲ့သည်။

"အစ်မ"

"ဟင်"

"တစ်ယောက်တည်းလား"

ဆိုင်က ဝိတ်တာလေးက မြိန်ကို မှတ်မိစွာပင် အပြုံး
တွေနှင့် တရင်းတနှီး မေးလာ၏။

မြိန်ပြန်မဖြေနိုင်။

ပြန်ဖြေရန် အင်အားတွေ ကင်းမဲ့နေရသည်။

"အစ်ကို မလာတာတောင် ကြာပြီနော်၊ အရင်ကဆို တစ်ရက်ခြားလို လာလာနေတတ်တာလေ၊ ဒီတစ်ခါလည်း အစ်ကို မပါဘူးလားဟင်၊ အစ်ကို့ကိုမတွေ့ဘဲ အစ်မတစ်ယောက်တည်း လာလာထိုင်တာ သတိထားမိနေလို့ပါ"

စပ်စပ်စုစုနိုင်လှသော ဝိတ်တာကောင်လေးရဲ့အမေးကြောင့် မြိန် မျက်စောင်းလေးပင် ထိုးချင်သွားရ၏။

သို့သော်

တစ်ဖက်က ခင်မင်ရှုံမေးခြင်းကို မြိန် အပြစ်ယူ[illegible] မဖြစ်ချေ။ မြိန်နဲ့မောင်က ခွဲခြားမြင်လို့မရအောင် အမြဲမခွဲဘဲ တတွဲတွဲ[illegible] ရှိနေခဲ့ကြတဲ့ ချစ်သူစုံတွဲလေး မဟုတ်ပါလား။ ဘာအကြောင်း[illegible] မသိကြသေးတဲ့ သူတို့လေးတွေက မောင်နဲ့မြိန့်ကို သပ်သပ်စီ[illegible] ဘယ်မြင်ကြပါ့မလဲလေ။

"အစ်မက အိမ်ထောင်ပြုလိုက်ပြီလေ"

"ဗျာ"

ကောင်လေးက မျက်လုံးပြူးသွား၏။

တအံ့တသြ မျက်ဝန်းလေးတွေနှင့် သူမမျက်နှာဆီ အ[illegible] သလို ကြည့်လာသည်။ သူမ နားလည်စွာပင် ခေါင်းငြ[illegible]





ညင်သာစွာ ညိတ်ပြရင်း မပီမပြင်လေး ပြုံးမိ၏။

"ဆောရီးပဲ အစ်မရယ်၊ တောင်းပန်ပါတယ်"

"ရပါတယ်ကွာ၊ ·ကဲ အစ်မကို ထုံးစံအတိုင်း ကော်ဖီ [illegible]စ်ခွက်ပေးနော်"

"ဟုတ်ကဲ့ အစ်မ"

မြိန့်အနားကနေ ကောင်လေးက ခါးလေးညွတ်ကာ [illegible]ခေါင်းလေးညိတ်ပြီး ထွက်သွား၏။

ဒီတော့မှ

မြိန် စိတ်တွေ လွတ်လပ်ပေါ့ပါးကာ သက်ပြင်းလေး [illegible]ငွေ့ကို ချနိုင်တော့သည်။ စားပွဲပေါ် လက်လေးထောက်ကာ [illegible]များလေး ဖွဖွတင်လျက် ဝင်ပေါက်တံခါးချပ်ဝလေးဆီ ငေး[illegible]ကာ ကြည့်နေမိသည်။

မောင်

မောင် ဘယ်မှာလဲဟင်။

ပုသိမ်ကနေ ပြန်မလာသေးဘူးလား မောင်ရယ်။

ရန်ကုန်မြေမှာ မောင် မရှိသေးဘူးလားကွယ်။

မောင် ပြန်လာပြီလားလို့လဲ သက်လျာဆီ ဖုန်းဆက်မမေး[illegible]ဘူး။ အခုတလော သက်လျာက အုံ့သြစရာကောင်းလောက်[illegible] ကျွန်မဘက်မှာ ရပ်တည်မနေတော့ဘူးလေ။ မောင်နဲ့

ပတ်သက်ပြီး မမေ့နိုင်သေးတဲ့အကြောင်းတွေကို သက်လျှာ
အမေ့ဆီ ဖုန်းဆက်တိုင်တယ်တဲ့ မောင်။

အမေက မြိန့်ဆီကိုရောက်လာပြီး ဆူတယ်ကွယ်။

မြိန့်အိမ်ထောင်ရေးကို အကောင်းဆုံးဖြစ်အောင် ထိန်းသိ
ဖို့ စကားလုံးတွေနဲ့ ချည်နှောင်ပြီး ပြန်သွားတာလေ။

မြိန့် ဘာလုပ်ရမလဲ။

မြိန့်

အရမ်းစိတ်ညစ်တာပဲ။

သက်လျှာဆီကိုလည်း မြိန့် သွားမလည်ချင်တော့
သက်လျှာရဲ့စိတ်တွေက ထင်မထားအောင်ပဲ ပြောင်းလဲသွားပြီ
ဒီတော့ မြိန့် သူ့ဆီမသွားချင်တော့ဘူး။

အမေတို့အိမ်ကိုလည်း မြိန့် သွားမလည်ဘူး မောင်

မြိန့် အရမ်းစိတ်ဆင်းရဲနေရတဲ့ပုံကို အမေ့ကို မြိန့်
စေချင်ဘူး။ အမေသာ မြိန့်ကို တွေ့ရင် အရမ်းစိတ်မကော
ဖြစ်သွားမှာ။ အမေ့ကို မြိန့် နောင်တတွေရအောင် မလုပ်ရ
ဘူး။

မြိန့်တစ်ယောက်တည်း သိပ်ပြီးအဖော်မဲ့တာပဲ မောင်

အခုလိုအချိန်မျိုးမှာ မောင့်ကိုပိုပြီးတော့တောင် သတိ
ရနေမိတယ်။





မောင်သာ မြိန့်အဖြစ်ကို မြင်တွေ့ရင် တစ်ခုခုတော့
ဖြေသိမ့်မှု ပေးနိုင်မှာပဲလို့ ထင်မိတယ်ကွယ်။

"အစ်မ ကော်ဖီ"

"ဪ အေး"

ကောင်လေးက သူမရှေ့ ကော်ဖီခွက်လေး လာချပေး၏။

"ဟော ဟိုမှာ အစ်ကိုလာတယ် အစ်မ"

ဟင်

ကောင်လေးရဲ့ အသိပေးစကားကြောင့် မြိန့် ခေါင်းလေး
တ်ခနဲ မတ်ထောင်ကာ ဝင်ပေါက်တံခါးချပ်လေးဆီ လှမ်းကြည့်
ိုက်တော့ တကယ်ပဲ မောင် ဖြစ်နေတာ တွေ့ရ၏။

မောင်က သူမကိုမြင်တော့ မျက်နှာလေး ကွက်ခနဲပျက်
ား၏။ မောင် ရုက်သွားတာလား။ မလုံမလဲဖြစ်သွားတာလား
ည်၊ မျက်နှာလေး ရဲပတောင်းခတ်ကာ မဝံ့မရဲလေး ဖြစ်နေသည်။

သို့သော်

မောင်က ရှောင်ထွက်မသွားပါ။

မြိန့် ရှိနေသော စားပွဲလေးဆီသို့ တည့်မတ်စွာပင် လျှောက်
ါသည်။

"ချိုချိုမြိန့် ရောက်နေတာကို"

ဟင်။

မောင့်ရဲ့နှုတ်ဆက်သံက အေးတိအေးစက် နိုင်လှ၏။

မြန်နွာမည်အပြည့်အစုံကို အသုံးပြုခေါ်လိုက်တာ ပထမဆုံး အကြိမ်ဖြစ်တာကြောင့်လည်း မြန် နားထဲ ကြားရတာ အရမ်းတို ပဲ စိမ်းသက်နေရသည်။

"ထိုင်လေ မောင်"

မြန် အပြုံးလေးတွေနှင့်ပဲ မောင့်ကို ကြိုဆိုလိုက်သည်။

ဘာပဲပြောပြော

အခုလိုအချိန်မှာ မောင်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ ရတာ မြန့်အတွက်တော့ ဝမ်းသာကြည်နူးစရာပါပဲ။ စိတ်ချင်း ဆက်နေလို့လားမသိ၊ မြန် မောင့်ကိုအရမ်းတွေ့ချင်နေတာလေ။

မောင်က မြန့်ရှေ့မျက်နှာချင်းဆိုင်ခုံလေးတွင် ညင်သာစွာ ဝင်ထိုင်၏။

"အစ်ကို ကော်ဖီလား"

"အင်း"

ဝိတ်တာကောင်လေးက အလိုက်သိစွာပင် အနား ချက်ချင်းပြန်ထွက်သွား၏။

"မောင်"

"ဟင်"

"နေကောင်းရဲ့လားဟင်၊ မောင် နည်းနည်းပိန်သွား





အသားတွေလည်း နည်းနည်းညိုသွားတယ်"

"အင်း ကိုယ် ခရီးပန်းလာလို့ထင်တယ်၊ နည်းနည်းတော့ သွားတယ် ချိုချိုမြန်"

မောင်က မြန့်မျက်နှာဆီ တည်ကြည်စွာကြည့်ပြီး ည်ဟာဟာလေး ပြန်ဖြေ၏။ မောင့်အသွင်က တစ်မျိုးလေးဖြစ်နေ ကို မြန် သတိထားမိသည်။

"မောင့်အဘွား အခြေအနေကရော"

"ဆုံးသွားပြီလေ၊ ဒါကြောင့် နာရေးကိစ္စတွေနဲ့ အလုပ် ဟိုမှာ နည်းနည်းကြာသွားတာပေါ့"

"ဪ ဒါကြောင့်ကိုး၊ မြန် သက်လျာဆီသွားလည် မောင်တို့မိသားစု ပုသိမ်သွားတယ်ဆိုတာကို သိခဲ့တာ"

"ဪ"

မောင်က ခေါင်းလေးပဲညိတ်ပြပြီး အိတ်ကပ်ထဲမှ ရက်ဘူးလေးအားထုတ်ကာ တစ်လိပ်ထုတ်ယူပြီး မီးညှိနေ ည်။

မောင့်ကိုကြည့်ရတာ စိတ်လှုပ်ရှားနေမှုကို အသည်းအသန် ည်နေသလိုပါပဲ။ မီးခြစ်လေးကို ခြစ်နေတဲ့ မောင့်လက်တွေ ဆတ်ဆတ်တုန်နေတာ မြန် တွေ့နေရသည်။

မထင်မှတ်ဘဲ

မြိန့်ကိုတွေ့လိုက်ရတဲ့အတွက် မောင် နည်းနည်း
တုန်လှုပ်သွားပုံရသည်။ စည်းတစ်ဖက်စီ ခြားနေပြီဖြစ်သော
မြိန့် အဖြစ်ကို လက်မခံနိုင်အောင် မောင့်ဘက်က ကြိုးစား
ရ၏။ ဟန်မဆောင်တတ်သော မောင့်အတွက် အခုလို အချိန်
အင်မတန်မှ စိတ်ပင်ပန်းစရာအကောင်းဆုံး ဖြစ်နေမှာပါပဲ။

မောင့်ကို မြိန့် သနားလိုက်တာ။

"ဒါနဲ့ ချိုချိုမြိန့်က"

"မြိန့်လို့ပဲ ခေါ်ပါလား မောင်"

မောင့်စကားကိုဖျက်ကာ မြိန့် ချက်ချင်းပဲ တောင်း
သည်။

မြိန့်အတွက် မောင် အဲဒီလောက်လုပ်ပေးစရာမလိုဘူး
မြိန့် ထင်မိ၏။ မြိန့်ကို မောင် စွန့်လွှတ်လိုက်ရတာနဲ့တင်
ရဲ့ ပေးဆပ်ရခြင်းက များနေပါပြီ။ လုံလောက်ပါပြီ မောင်ရယ်
ဒီထက်ပိုပြီး မောင် ဟန်ဆောင်ပေးနေဖို့ မလိုတော့ပါဘူးကွယ်

"မသင့်လျော်ဘူးထင်တယ်၊ ဘာပဲပြောပြော အခုအ
မှာ ချိုချိုမြိန့်က အိမ်ထောင်ရှိတဲ့မိန်းကလေးတစ်ယောက် ဖြ
ပြီလေ၊ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးတဲ့ အခေါ်အဝေါ်သုံးစွဲမှုကို သတိ
ပြီး ပြင်မှကောင်းမယ်"

"မောင်"





"ကိုယ့်ကိုလည်း မဏီလို့ပဲ ခေါ်ပါ"

"ဟင့်အင်း မြိန့်အတွက် မောင်ဆိုတဲ့နာမ်စားက ခေါ်ရ
နှုတ်ကျိုးနေပြီ"

မောင်က

မြိန့်ရဲ့ ခေါင်းမာမှုကို စိတ်ပျက်စွာ ခေါင်းခါယမ်းသည်။
ဆဲမှာ မာမီရဲ့ အထပ်ထပ်မှာကြားနေသော စကားသံတို့ကို
ကြားယောင်နေရ၏။

"ချိုချိုမြိန့်ကို သွားမပတ်သက်နဲ့တော့နော် သား၊ အခု
မှာ ချိုချိုမြိန့်က အိမ်ထောင်ရှိနေပြီးသားဖြစ်နေပြီဆိုတော့ အနေ
ိုင် အပြောအဆိုနဲ့ ဆက်ဆံမှုတွေအားလုံးကို ပြောင်းလဲသင့်
သားက ဂုဏ်သရေရှိတဲ့ ယောကျ်ားတစ်ယောက် မဟုတ်
မာမီတို့ ပတ်ဝန်းကျင်မှာ ဂုဏ်သရေကျဆင်းရမယ့်အလုပ်
တွေ မလုပ်မိအောင် ထိန်းသိမ်းပါကွယ်၊ ချိုချိုမြိန့်ရဲ့ အနာဂတ်
ည်း ကြည့်ပေးရဦးမယ် သားရယ်"

ဓာမဏီ မာမ့်စကားသံတွေကို ဖျောက်ဖျက်လို့မရအောင်
ရသည်။ မာမီပြောတာ အမှန်တရားတွေပဲမဟုတ်လား။ ကံ
ရဲ့ ဖန်တီးမှုကို သူ လက်မခံချင်လို့ မရချေ။

"ချိုချိုမြိန့် လက်ထပ်သွားတာကို မာမီ အပြစ်မတင်ပါ
သူ့မိဘတွေရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးရင်းနဲ့ အခုလို

ဆုံးဖြတ်ချက်ချလိုက်ရတာပဲလေ၊ သားအပေါ် သစ္စာမရှိလို့ စည်းဖောက်သွားတာမှမဟုတ်တာ၊ ဒါပေမဲ့ အဲဒီအချက်လေးနဲ့တော့ သားရဲ့စိတ်တွေကို မထွေဝေစေချင်တာတော့ အမှန်ပဲ သား၊ ကံတရားရဲ့ ဆုံးဖြတ်မှုကို သားလက်ခံမှဖြစ်မယ်။ ချိုချိုမြိန်ဟာ အခုလက်ရှိမှာ သူတစ်ပါးရဲ့ ဇနီးမယားပဲ သား။ ဒါကို မင်းလုံးဝမေ့မထားပါနဲ့။ မာမီတို့လည်း လုံးဝခွင့်လွှတ်နားလည်ပေးနိုင်မှာ မဟုတ်ဘူး မဏီ"

မာမီရဲ့ သတိပေးစကားသံများက သူ့နားထဲ လျှံတက်နေရ၏။ မာမီ ဘာကိုဆိုလိုချင်သလဲဆိုတဲ့ အချက်ကိုလည်း သိနေတာမို့ ဓာမဏီအတွက် ပိုပြီးတော့တောင် အခက်တွေ့နေရသေးသည်။

သူ

အခုချိန်အထိ မြိန်ကို ချစ်နေဆဲပါပဲ။

မေ့နိုင်အောင် ကြိုးစားနေတဲ့ကြားကပင် မမေ့နိုင်အောင် စွဲစွဲထင်ထင် ရှိနေခဲ့သည်။ အခုလည်း လူကသာ နယ်ကိုသွားနေရတာ စိတ်တွေက ရန်ကုန်မြေမှာ ကျန်နေရသည်။

မပျော်ဘူး မြိန်ရယ်။

အခုချိန်မှာ အိပ်မက်ဆိုးကြီးတစ်ခုထဲ ကိုယ်ရောက်နေရတယ်ဆိုရင် ချက်ချင်း လန့်နိုးပစ်လိုက်ချင်တော့တာပါပဲကွာ။





မင်းကို ချစ်နေတုန်းပဲ မြိန်။

ကိုယ့်ရင်ထဲမှာ မင်းရှိနေတုန်းပါပဲ။

ဒါပေမဲ့

အဲ့ဒါတွေအားလုံးကို ကိုယ်ရအောင် ဖျောက်ဖျက်သွားပါ့မယ်။

"မောင်"

"ပြောလေ ချိုချိုမြိန်"

"ဒီကော်ဖီဆိုင်ကို ဘာကြောင့်လာတာလဲဟင်"

"ဟင်"

"မြိန်နဲ့ အမြဲထိုင်နေကျ ဒီဆိုင်လေးဆီကို ရောက်လာရတဲ့ အကြောင်းပြချက်က ဘာလဲဟင်"

သူ

မဖြေမိ။

သတိရနေလို့ပါဟု သူ ဝန်မခံရဲပါ။ ဝန်မခံသင့်တော့ဘူးဟုလည်း သူ ထင်မိပါသည်။

"မောင်"

"ကိုယ့်ကို ဘာကြောင့် မေးခွန်းတွေလာထုတ်နေတာလဲ ချိုချိုမြိန်၊ မင်းကရော ဘာကြောင့် အိမ်ထောင်ရှင်မပီသအောင် အိမ်မှာမနေဘဲ အလဟဿ ဒီဆိုင်မှာ အချိန်လာဖြုန်းနေတာလဲ"

ဒေါသတကြီး မေးလိုက်တဲ့ ဇာမဏီ လေသံက မာဆတ်ဆတ်။

"ဘယ်လို မောင်၊ ဘာပြောလိုက်တယ်၊ အလဟဿ အချိန်ဖြုန်းတယ် ဟုတ်လား၊ မောင် အဲဒီလိုထင်လိုက်တာလား မြိန် စိတ်ထဲကို နက်နက်နဲနဲ ဝင်မကြည့်ဘဲနဲ့ မောင် အပြစ်တင် ဝေဖန်လိုက်တယ်နော်၊ မြိန့်ကို သေသေချာချာကြည့်ပါဦး မောင်၊ မြိန့်မျက်လုံးတွေကို မောင် ကြည့်ပါဦး၊ မြိန် ဘယ်လောက် ဝမ်းနည်း ကြေကွဲနေရသလဲ။ မြိန် ဘယ်လောက်ထိ လဲပြိုနေရသလဲဆိုတာ ကို မကြည့်သေးဘဲနဲ့ အခုလို မောင် မပြောပါနဲ့။ မြိန် ထွက်ပေါက် တွေ မဲ့ပြီး အထီးကျန်နေရတာပါ မောင်။ မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ တစ်မိုးအောက်ထဲမှာ အတူတူနေရ တာပါ။ ဘယ်လိုမှ ပြေးထွက်လို့မရတဲ့ ခြေလှမ်းတွေနဲ့ ရှင်သ နေရတဲ့ မြိန့်အဖြစ်ကို မောင် စာနာနားလည်သင့်ပါတယ် မောင် ရယ်။ မောင်နဲ့ဝေးရပြီဆိုတဲ့အချက်ကို မြိန် လက်ခံထားပြီးသား မောင့်အနားကို ဘယ်တော့မှ ပြန်လာခွင့်မရှိတော့ဘူးဆိုတာလည်း မြိန် သိနေပါတယ်။ ဒါပေမဲ့ မြိန် ပျော်ရွှင်ခဲ့ဖူးတဲ့ ဒီနေရာလေး တွေ၊ မြိန့်ဘဝမှာ မှတ်မှတ်ထင်ထင် ရှိခဲ့ဖူးတဲ့ အရာလေးတွေရှိ နေရာလေးကိုလာပြီး နာကျင်မှုတွေအတွက် စိတ်ဖြေသိမ့် အိမ်ရှင်မ မပီသတာလား မောင်၊ မောင့်ကိုတွေ့ရမှာပဲလို့ ထ





…သွားပေမယ့် သိပ်ပြီးသတိရနေလို့ စိတ်ထွက်ပေါက်တစ်ခုလေး …ဖြစ် အသုံးချတာ အလဟဿ အချိန်ဖြုန်းတာလား မောင်ရယ်"

ပြောနေရင်း မြိန့်ပါးပြင်လေးထက် မျက်ရည်စီးကြောင်း …ကြီးတွေ လိမ့်ဆင်းကျလာရပြန်ပါသည်။

"ဘာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ပေါ့ ချိုချိုမြိန်၊ အခုအချိန် …မှာ မင်းဟာ ဦးမုန်းမာန်ရဲ့ဇနီး ဖြစ်နေပြီလေ"

"မောင်"

မြိန် အထိတ်တလန့် မောင့်မျက်နှာဆီ မော့ကြည့်မိသည်။

"နောက်ဆိုရင် ကိုယ်တို့ ရင်းနှီးတဲ့သူငယ်ချင်း မိတ်ဆွေ …တွေလိုပဲ နေကြရအောင် ချိုချိုမြိန်၊ အတိတ်ကအရာတွေကို မင်း …လိုက်သင့်ပြီ၊ ဘယ်လိုအကြောင်းအရာမျိုးကိုပဲဖြစ်ဖြစ် မင်းခေါင်း …က ထုတ်လိုက်တော့ ချိုချိုမြိန်၊ ဒါဟာ အဖြစ်သင့်ဆုံးနဲ့ အလုပ် …င့်ဆုံး အလုပ်ပါပဲ"

မောင်ရယ်။

ပြတ်သားလိုက်တာ။

မောင့်ဆီက အခုလိုစကားမျိုးကို အလွယ်တကူ ပြော …နိုင်မှာမဟုတ်လောက်ဘူးလို့ မြိန်က ထင်မှတ်ထားတာလေ။

ဒါပေမဲ့

မြိန် အံ့သြလောက်အောင် မောင့်ဘက်က ထိန်းချုပ်ထား

နိုင်ခဲ့ပြီပဲ။ မြိန် နားလည်နိုင်ပါတယ် မောင်။ မြိန် လက်ခံနိုင်ပါတယ်။ မောင့်ကို မြိန် အပြစ်မတင်ပါဘူး မောင်ရယ်။

ဘာဖြစ်လို့လဲဆိုတော့

မောင်က အမှားမရှိတဲ့သူလေ။

မုန်းနေတဲ့လူတစ်ယောက်ကို လက်ညှိုးထိုးစွပ်စွဲဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပါပဲကွယ်။

✡ ✡ ✡



## အခန်း (၁၄)

"မြိန်"

"....."

"မြိန်"

"....."

ဂျောင်း ဂျလောင်း။

သံပန်းတံခါးကြီးအား ဆွဲခါယမ်းနေသော အသံစူးစူး[illegible]ောင့် ဧည့်ခန်းကျယ်ကြီး၏ နှစ်ယောက်တွဲဆိုဖာခုံလေးပေါ်တွင် [illegible]ုံးလဲလျောင်းကာ မှေးခနဲ အိပ်ပျော်သွားသော မြိန်တစ်ယောက် [illegible]ခနဲနေအောင်ပင် လန့်နိုးသွားရသည်။

"မြိန် အေ့ ဟေ့ မြိန်၊ ကိုယ်ပြန်လာပြီကွ၊ တံခါးလာ[illegible]ဦး မြိန် မြိန်ရေ"

ဟင်။

အာလေးလျှာလေးကြီးနှင့် တံခါးလာဖွင့်ပေးရန် ပြောနေသော ဦးမုန်းမာန်ရဲ့ လေသံအစ်တစ်တစ်ကြောင့် မြိန် မျက်လုံးလေးတွေ အိပ်ချင်မူးတူး မေးစင်းနေရာမှ ပြူးဝိုင်းသွားရ၏။

သူမ။

သူ ပြန်မလာသေးလို့ စောင့်နေတာပါ။

တစ်ယောက်တည်း ရှိနေမည်ဖြစ်သော မြိန်ကို စိတ်မချ၍ နေ့တိုင်းလိုလို အစောကြီးအိမ်ပြန်လာတတ်တဲ့ ဦးမုန်းမာန်က ဒီကနေ့တော့ နောက်အကျကြီးကျကာ ပြန်မလာချေ။

မြိန် စိတ်ပူတယ်ရယ်တော့ မဟုတ်ပေမယ့် ပြန်မလာသေးတဲ့သူကိုတော့ မျှော်နေမိတာအမှန်ပင်။

ဒီတိုက်ကြီးထဲမှာ ပြေးကြည့်မှ သူနဲ့ မြိန် နှစ်ယောက်တည်းပဲရှိတာ မဟုတ်ပါလား။ အရင်ကဆိုလျှင် ညနေစောင်းလောက်ရောက်ချလာပြီး မီးဖိုထဲသို့ တန်းဝင်ကာ ညစာအတွက် ပျော်ရွှင်တက်ကြွကာ ချက်ပြုတ်နေတတ်သည်။

ဒီကနေ့တော့

ထူးထူးခြားခြား သူ ရောက်မလာချေ။

ဘယ်လိုအလုပ်ကိစ္စတွေကြောင့်များ သူ နောက်ကျနေသလဲတော့ မသိ။ မြိန်ကတော့ မြိန့်တစ်ယောက်စာအတွက် အဆ





စားသောက်ဆိုင်က ဝယ်ကာ စားသောက်ပြီးနှင့်ပြီဖြစ်သည်။

သူ့အတွက် မြိန် မချက်ထားပါဘူး။

အိမ်ထောင်ရှင်မ ပီသတဲ့ အမူအရာမျိုးတွေကိုလည်း မြိန် လုပ်ပြချင်။ သူ့စိတ်တွေ မပျော်ရွှင်ရအောင်ဘဲ အရွဲ့တိုက်ပြချင်သည့် ဆန္ဒတွေသာ မြိန့်ရင်ထဲမှာ ပြည့်လျှံနေရ၏။

မောင်က မြိန့်အိမ်ထောင်ရေးကို သာယာအောင် ထိန်းဖို့ သေသေချာချာ မှာသွားခဲ့သည်။ မိတ်ဆွေကောင်းတွေအနေနဲ့ပဲ ရှေ့ဆက်ရအောင်ဟု ပြောသွား၏။ မြိန်လည်း လက်ခံမိသည်။ မောင်က အမှန်တရားတွေကိုပဲ ပြောခဲ့တာမဟုတ်လား။ မြိန် စိတ်အေးအေးထားပြီး စဉ်းစားကာ မောင့်စကားနားထောင်ဖို့လေ။ သို့ပေမယ့် အခုလို ဦးမုန်းမာန်ရဲ့ အသံကို ကြားလိုက်သည် ဆိုလျှင် စိတ်တွေက ပြောင်းလဲသွားရပြန်သည်။

ဒေါသတွေက ထွက်ချင်လာ၏။ အရွဲ့တိုက်ချင်စိတ်တွေသာ သူမရင်ထဲ ဖြစ်ပေါ်နေရသည်။

"မြိန်"

"ဂျောင်း ဂျလောင်း ဂျိမ်း"

မြိန်

ထ မဖွင့်ပေးဖို့ စဉ်းစားမိသေး၏။

သို့သော်

စူးစူးဝါးဝါး အော်ခေါ်သံဆူညံညံကြောင့် ပတ်ဝန်းကျင်
ကြားသိသွားမလားဆိုသည့် ရှက်ရွံ့စိတ်နှင့် နေရာကနေထက ခြေ
ကလေးဆောင့်လျက် တံခါးပေါက်ဝဆီ ရောက်သွားရ၏။

"လာပြီ လာပြီ၊ ဘယ်လိုဖြစ်လို့ အသံကျယ်ကြီးနဲ့ သူများနာမည်ကို အော်ခေါ်နေရတာလဲ၊ ပတ်ဝန်းကျင်ကကြားရင် ရှက်စရာကြီးရှင့်"

မြိန် တဖျစ်တောက်တောက် ရေရွတ်ပြစ်တင်ရင်း တံခါး သော့ခလောက်ကြီးအားဖွင့်ပြီး တံခါးချပ်ကြီးကို တွန်းဖွင့်ပေးလိုက် ၏။

ဒီတော့မှ

ဦးမုန်းမာန်က အိမ်ထဲသို့ ယိုင်တိယိုင်တိုင် ခြေလှမ်း ဝင်လာ၏။ အထဲကို သူ ဝင်သွားသည်နှင့် အိမ်တံခါးတွေ မြိန် သေသေချာချာ ပြန်ပိတ်ထားလိုက်သည်။

ပြီးတော့

မြိန် သူ့ဘက် မျက်နှာလှည့်လိုက်၏။

အို

မြိန့်ရင်လေး ထိတ်ခနဲ အေးခဲသွားရသည်။

အေးစက်စူးရှသော မျက်ဝန်းတစ်စုံနှင့် သူမထံ စိုက်စိုက် ကြည့်နေသော ဦးမုန်းမာန်၏ အကြည့်ကြောင့်





တ်တွေ ထိန်းချုပ်မရအောင်ပင် လှုပ်ရှားသွားရသည်။

သူ ဘာတွေဖြစ်လာတာလဲ။

"မြိန်"

"......"

ခေါ်သံက အက်ရှရှ။

သူ့အမူအရာက အရင်ကနှင့်မတူစွာပင် တစ်မူထူးခြား နေခဲ့သည်။

"မင်း အရမ်းစိတ်ညစ်နေလားဟင်"

"............"

ဦးမုန်းမာန်၏အမေးကြောင့်

မြိန် သူ့မျက်နှာဆီ ဆတ်ခနဲ မော့ကြည့်လိုက်မိ၏။

"မင်း အရမ်းကို နာကြည်းမုန်းတီးနေတယ် မဟုတ်လား မြိန်၊ ကိုယ် မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကို အနားမှာ အဖော်တစ်ယောက်လို ရှိနေရတဲ့အတွက် အရမ်းကိုခံစားနေရတယ်မဟုတ်လား မြိန်ရယ်"

ဟင်။

တရစပ်ရေရွတ်နေတဲ့ သူ့မေးခွန်းတွေကြောင့် မြိန် မျက်ဝန်းလေးတွေထဲမှာ အံ့ဩမင်သက်ရိပ်လေးတွေ စွန်းထင်းနေရသည်။

ဘာကြောင့်မေးတာလဲ။

ဒီမေးခွန်းတွေကို အခုလို အချိန်ကြီးမျိုးမှာမှ သူ အ
ကြောင့် သတိတရမေးနေရတာလဲ။ အရာအားလုံး ပြုပြင်ပြောင်း
လို့မရလောက်အောင် နောက်ကျနေတဲ့ အချိန်ကျမှ သူ ဘာ
လို့ မေးရတာလဲ။

"ဖြေလေ မြိန်၊ မင်း ငါ့ကို သိပ်ပြီးမုန်းတီးနာကြည်း
နေတာပဲလားဆို ဖြေစမ်းပါ"

မြိန် သူ့မျက်နှာကို ခပ်စူးစူးလေး စိုက်ကြည့်ပစ်လိုက်
သည်။ ရင်ထဲမှာ ပြောချင်နေတဲ့စကားတွေက လည်ချောင်းဝတွင်
တစ်ဆို့ကာ တစ်ခွန်းမှထွက်မလာခဲ့။ နာကျင်ဝမ်းနည်းရိပ်များ
ပြည့်လျှံနေသည့် ဦးမုန်းမာန်၏ ညှို့မျက်ဝန်းတစ်စုံအောက်တွင်
သူမရဲ့စကားသံလေးတွေ ပျောက်ရှနေရသည်။

"ကိုယ်သိနေပါတယ် မြိန်၊ မင်းဘာမှမပြောပေမယ့်
ကိုယ် စိတ်ထဲမှာ သိနေပါတယ်၊ အဲဒီအတွက် ကိုယ် တကယ်
စိတ်မကောင်းပါဘူး မြိန်ရယ်၊ ကိုယ် တောင်းပန်ပါတယ်ကွာ
အတ္တကြီးခဲ့တဲ့ ကိုယ့်အချစ်တွေအတွက် ကိုယ့်ကိုခွင့်လွှတ်ပါ
မြိန်လေးရယ်၊ မင်းရင်ထဲက ခံစားချက်တွေကို မကြည့်မိတဲ့အ
လောဘတွေ တက်ခဲ့တဲ့ ကိုယ့်ကို ခွင့်လွှတ်ပါ မြိန်ရယ်"

အို။

မျက်ဝန်းအိမ်မှ ပေါက်ခနဲ စီးကျလာတဲ့ သူ့မျက်ရည်





းကြောင်းလေးများကြောင့် မြိန့်ရင်တစ်ခုလုံး စိမ့်ခနဲနေအောင်ပင်
အေးစက်သွားရသည်။

"မြိန်"

"ချစ်တယ် မြိန်ရယ်"

"မင်း ဘာတွေပဲလုပ်လုပ် ဘယ်လိုပဲနေနေ မင်းကို
မုန်းလို့မရအောင်ဘဲ ကိုယ်ချစ်တယ်၊ အဲဒါ တကယ့်အမှန်တရား
"

"ရှင် အရမ်းမူးနေပြီး ဦးမုန်း၊ ရှင့်ကို ကျွန်မ တွဲကူပြီး
အပေါ်ကို ပို့ပေးမယ်နော်"

ဟင်။

ပြောပြောဆိုဆို သူ့လက်မောင်းလေးတစ်ဖက်ဆီ ဖေးမ
ဖို့ ကြိုးစားလာတဲ့ မြိန့်လုပ်ရပ်လေးကြောင့် မုန်းမာန် မျက်လုံး
ကြီးတွေ ပြူးဝိုင်းသွားရသည်။

မြိန်ရယ်။

မင်း ကိုယ့်စကားလမ်းကြောင်းတွေ လွှဲပစ်လိုက်တာလား
ကွာ။

ကိုယ့်ဆီက ချစ်စကားလေးတွေကို ဆက်ပြီးမကြားချင်
လို့ ပါးနပ်စွာနဲ့ တားဆီးလိုက်တာမဟုတ်လားကွာ။ ကိုယ်
သိနေတယ် မြိန်။ မင်း ကိုယ်နဲ့ ပြဿနာမဖြစ်ချင်လို့ ဟန်ဆောင်

ကောင်းကောင်းနဲ့ ဆက်ဆံနေတာဆိုတာ ကိုယ်သိနေပါတယ်။

မင်းက သမီးအလိမ္မာလေးလေ။

မိဘတွေရဲ့ စိတ်ဆင်းရဲမှုကို မမြင်ရက်တဲ့ သမီးလိမ္မာလေးပါ။ ဒါကြောင့် မင်းရင်ထဲက ဆန္ဒအမှန်တွေကို ထိန်းချုပ်ပြီး အလိုက်သင့်နေဖို့ မင်း ကြိုးစားလိုက်တာမဟုတ်လားဟင်။

မြိန်ရယ်။

တကယ်တော့ ကိုယ် မမုန်းပါဘူး။

ကိုယ့်ကို တွဲကူပေးရလောက်အောင် ကိုယ် မမှုးသေးပါဘူး မြိန်။

အသိတရားတွေ ပျောက်ကွယ်သွားတဲ့အထိ ကိုယ် မမူးသေးလို့ အခက်ကြီး ခက်နေရတာပေါ့ မြိန်ရယ်။ ကိုယ်က ဘာကိုမှ သတိမရတော့အောင် မူးချင်မေ့ချင်နေတဲ့ ကောင်ပါဗျာ။

ဒီနေ့

LOVE ဆိုတဲ့ ကော်ဖီဆိုင်လေးဆီ သူငယ်ချင်းတစ်ယောက်နဲ့ အလုပ်ကိစ္စအကြောင်း ဆွေးနွေးရင်းနဲ့ ထိုင်ဖြစ်ကြတယ် မြိန်။

မထင်ဘူး မြိန်ရယ်။

မြိန့်ကို တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရလိမ့်မယ်လို့ လုံးဝထင်မထားဘူးကွာ။ မြိန့်ကို တွေ့လိုက်ရလို့ ဟုတ်မှဟုတ်ပါ့မလား





ဆိုတဲ့ မယုံရဲတဲ့စိတ်နဲ့ ကြည့်မိတယ် မြိန်။ အံ့ဩစရာပိုပြီးကောင်းတာက မြိန့်အနားမှာ ဇာမဏီဆိုတဲ့ကောင်လေး ရှိနေခဲ့တာကိုပဲ။

ကိုယ်လေ

အဲဒီမြင်ကွင်းလေးကိုကြည့်ပြီး ကမ္ဘာမြေကြီး ချာချာလည်သွားသလိုပဲ ခံစားလိုက်ရတာပါ။ သိပ်ကိုချောမောပြီး လိုက်ဖက်ညီလွန်းတဲ့ ကောင်မလေးနဲ့ ကောင်လေး နှစ်ယောက်တည်း စားပွဲဝိုင်းလေးမှာ အတူတူထိုင်ပြီး စကားလေးတွေပြောနေတာလေး မြင်ပြီးရင်တစ်ခုလုံး ဘယ်လောက်တောင် လှုပ်ရှားနေခဲ့ရသလဲဆိုတာ ပြောမပြရဲလောက်အောင်ပါပဲကွာ။

မြိန် မဟုတ်ပါစေနဲ့။

မြိန်နဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ ကောင်မလေးတစ်ယောက်ပဲ ဖြစ်ပါစေလို့ ကြိတ်ဆုတောင်းမိပေမယ့် ကိုယ့်ဆုတောင်းတွေက မပြည့်ဝခဲ့ဘူး မြိန်ရယ်။

မြိန်တို့ ကိုယ်ကမြင်ခဲ့ပေမယ့် မြိန်ကတော့ ကိုယ့်ကို မမြင်ခဲ့ဘူးနော်။

မြိန် ဘယ်မြင်ပါ့မလဲ။ မြိန် မျက်ဝန်းတစ်စုံရှေ့မှာ မြိန် သိပ်မြတ်နိုးခဲ့တဲ့ ဇာမဏီဆိုတဲ့ ကောင်ချောလေးက ရှိနေခဲ့တာကို။ မြိန် ပတ်ဝန်းကျင်ကို ဘယ်လိုလုပ်ပြီး သတိထားကြည့်မိတော့မလဲလေ။

''မုန်းမာန် ဟိုမှာ မင်းနေနိုး မဟုတ်လား'' ဆိုတဲ့ သူငယ်ချင်းဖြစ်သူရဲ့အမေးကို ပြန်မဖြေနိုင်လောက်အောင် ကိုယ့်ရဲ့ ဟန်ဆောင်မှုတွေက ညှံ့ဖျင်းခဲ့ရတယ် မြိန်။

ကိုယ့်ရင်ထဲမှာ

တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံးရတော့မလားဆိုတဲ့ အသိနဲ့ သွေးပျက်တုန်လှုပ်ချောက်ချားနေခဲ့ရတယ် မြိန်ရယ်။

မြိန်ဆီကို သွားချင်ပေမယ့် မြိန် ဒီထက်ပိုပြီး မုန်းတီးသွားလေမလားဆိုတဲ့ အသုံးမကျတဲ့ အတွေးတွေနဲ့ မြိန်တို့ စားပွဲလေးဆီကို ကိုယ် မလာရဲခဲ့ဘူး မြိန်။

သူငယ်ချင်းက ကိုယ့်အဖြစ်ကို နားလည်စွာနဲ့ ဆိုင်ထဲကနေထွက်ဖို့ ဆုံးဖြတ်ပေးခဲ့တယ်လေ။ ကိုယ် မသွားချင်ဘူးလို့ မငြင်းပယ်နိုင်အောင်ပဲ ဇွတ်အတင်းဆွဲခေါ်သွားတာ။

မြိန်။

မင်းသိပ်ရက်စက်တယ်ကွာ။

မင်းရင်ထဲက နှလုံးသားလေးတွေထဲမှာ ကိုယ့်အတွက် နေရာလေးတစ်ခုတောင် တကယ်ပဲ မပေးနိုင်ဘူးလား ချစ်ရယ်။

''လာလေ ဦးမုန်း''

မြိန်က သူ့လက်မောင်းလေးကို ဖက်တွယ်ကာ ဖေ... ကူရင်း အပေါ်ထပ်သို့ တက်ရန် ကြိုးပမ်းနေ၏။





''ကိုယ့်ကို မတွဲနဲ့ မြိန်''

''ဟင်''

မြိန် လက်တွေကို ညင်သာစွာ ဖယ်ရှားလိုက်တဲ့ သူ့လုပ်ရပ်ကြောင့် မြိန်ပင် အံ့ဩမင်သက်သွားရ၏။

''ကိုယ့်ဘာသာပဲ သွားပါ့မယ်''

''ရှင် အရမ်းမူးနေတယ်လေ''

စိုးရိမ်တာလား မြိန်။

ကိုယ် တစ်ခုခုဖြစ်မှာကို မင်းစိတ်ပူနေတာလား။

ဟင့်အင်း။

မဖြစ်နိုင်ပါဘူး။

မင်းက ကိုယ့်ကို ဒီလောက်တောင်မုန်းနေတဲ့ဟာ။

မုန်းမာတစ်ယောက် ခေါင်းလေးကို သွက်နေအောင်ပင် ခါယမ်းလိုက်မိသည်။

''ရပါတယ် မြိန်''

သူ

ပြောပြီးတာနှင့် မြိန်ရှေ့ကနေ ယိုင်နဲ့သောခြေလှမ်းတွေနှင့် လျှောက်ခဲ့လိုက်သည်။ အပေါ်ထပ်လှေကားထစ်တွေအတိုင်း ...ရွေ့ရွေ့တက်ခဲ့လိုက်၏။

မြိန်က သူ့အနောက်မှ ကပ်ပြီးလိုက်ပါလာသည်။

သို့သော်

တွဲကူမည့်အလုပ်ကိုတော့ သူမ ထပ်မကြိုးစားတော့ရှေး တိတ်ဆိတ်ငြိမ်သက်စွာပင် သူ့အနီးမှာ ရှိနေခဲ့သည်။

"ဦးမှန်း"

အခန်းထဲရောက်တော့ အိပ်ရာထက် သူ လဲလျောင်း လိုက်တော့ မြိန် ခေါသံလေး ထွက်လာ၏။

သူ

ခေါင်လေးစောင်းငဲ့ကာ မြိန် ရပ်နေတဲ့နေရာလေးဆီ စောင်းငဲ့ကြည့်လိုက်သည်။

"မြိန် ဒီအခန်းထဲမှာ ရှိနေဖို့လိုရဲ့လားဟင်"

"ဘယ်လို"

"ဘာအတွက်ကြောင့် စိတ်ညစ်ပြီး အခုလိုသောက်လာ သလဲဆိုတာ မသိပေမယ့် တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်ဆိုရင်လည်း မြိန့်ကို အားမနာနေဖို့ပါ"

"မြိန်"

"ပြောပါ ဦးမှန်း"

"ထွက်မသွားပါနဲ့"

"ရှင်"

"ကိုယ့်ကို တစ်ယောက်တည်းထားခဲ့ပြီး ဘယ်ကို





ထွက်သွားဖို့ မကြိုးစားပါနဲ့လို့ ကိုယ် တောင်းပန်ပါတယ်"

အို။

ဦးမှန်းရဲ့စကားလေးကြောင့် မြိန့်ရင်ထဲ အမျိုးအမည်မသိ သော ခံစားမှုနုနုလေးတစ်ခု ဖျတ်ခနဲ တိုးဝင်လာ၏။

မြိန်

ခေါင်းလေးကို ညင်သာစွာပင် ညိတ်ပြလိုက်မိတော့ သည်။

✡ ✡ ✡

## အခန်း (၁၅)

“ချိုချိုမြိန်”

“ပြောလေ မောင်”

“မင်း ကိုယ့်ဆီကို ဖုန်းမဆက်သင့်တော့ဘူး ချိုချို

“ဘာဖြစ်လို့လဲ မောင်၊ မြိန်တို့ အရင်းနှီးဆုံး မိတ် တွေ မဖြစ်နိုင်တော့လို့လားဟင်”

“မဟုတ်ဘူး ချိုချိုမြိန်၊ ကိုယ်က မင်းတို့အိမ်ထောင် အတွက် စိုးရိမ်လို့ပြောတာပါ”

“မဆိုင်လိုက်တာ၊ ဘာပဲပြောပြော မောင်က သူငယ်ချင်းပဲဟာ”

“ဦးမုန်းမာန်က အဲဒီလိုမြင်ပေးနိုင်ပါ့မလား ချို

“မြိန် ကိုယ်ကျင့်တရားမှန်နေရင် မြိန် ဘာကိုမှမ





ဘူး မောင်”

“.........”

မောင့်အသံလေး တိတ်သွား၏။

မြိန် ကျေနပ်စွာပြုံးလိုက်မိသည်။

မြိန်

မောင့်ဆီကို အကြောင်းမဲ့ဖုန်းဆက်တာ မဟုတ်ပါ။

မြိန် အမှန်တရားကို လက်ခံလိုက်ပြီဆိုတဲ့အကြောင်းလေး ကို ပြောပြချင်လို့ မောင့်ဆီကို ဖုန်းဆက်လိုက်တာပါ။ မောင် ပြောသလိုပါပဲ။ အခုချိန်မှာ မြိန်က အိမ်ထောင်ကျပြီးတဲ့ မိန်းကလေး င်ယောက်ပဲလေ။

ပြီးတော့

ဦးမုန်းရဲ့ချစ်ခြင်းမေတ္တာနဲ့ သည်းညည်းမခံနိုင်တဲ့ စွမ်းအား တွက မြိန်ရဲ့ မာကျောနေတဲ့ သံမဏိစိတ်တွေကို ဖယောင်းလို ည်ပျော်စေခဲ့ချေပြီ။

မြိန်...

သူ့ကို အထပ်ထပ်အခါခါ မုန်းနေတာကိုတောင် သူ့ဖက် အချစ်တွေနဲ့ချည်းပဲ ပြန်တုံ့ပြန်ခဲ့သည်။

မြိန် ဘယ်လောက်ပဲ အရွဲ့တိုက်ပြီးဆိုးဆိုး အပြုံးလေးတွေ ခွင့်လွှတ်နေခဲ့၏။ မြိန့်အတွက်ဆို လိုလေသေးမရှိအောင်

ဖြည့်ဆွမ်းပေးတတ်သော ဦးမုန်းမာန်ကြောင့် မြိန့်စိတ်တွေက တဖြည်း
ဖြည်း ပြောင်းလဲလာရတော့သည်။

"မောင်"

"ပြောလေ ချိုချိုမြိန့်"

"မြိန့် အရင်က မောင့်ကိုသိပ်ချစ်ခဲ့တယ်ဆိုတာ မောင်
ပါတယ်နော်"

"ချိုချိုမြိန့် မင်း"

"ခဏနေဦးမောင်...မြိန့် စကားမဆုံးသေးဘူး"

မောင့်ဘက်က တိတ်ဆိတ်သွားပြန်၏။

"မြိန့်ဘက်ကစပြီး မောင့်ကိုချစ်ခဲ့မိတဲ့အထိ မြိန့်အချစ်
က နက်ရှိုင်းခဲ့တာအမှန်ပါပဲမောင်၊ ဦးမုန်းကို မြိန့်လက်ထပ်ခဲ့ရ
ဟာ အမေအမေတို့ရဲ့ အခက်အခဲကြောင့်ဆိုတာလည်း မောင်
ဆုံးပါပဲ၊ မြိန့် ဦးမုန်းကို သိပ်ပြီးမုန်းခဲ့တယ်မောင်၊ မြိန့်ကို ငွေ
ပေးပြီး ဝယ်ခဲ့တာဆိုတဲ့ သံသယစိတ်ကြီး စွဲထင်ပြီး မြိန့်အရ
နာကြည်းခဲ့တာပါမောင်၊ ဒါပေမယ့်သူနဲ့အတူတူနေတော့မှ သူ
စိတ်ကို တဖြည်းဖြည်း မြိန့် သိခွင့်ရခဲ့တယ် မောင်"

"ဘာကိုလဲ ချိုချိုမြိန့်"

"ဦးမုန်းက မြိန့်ကို ထင်မထားလောက်အောင်ချစ်တ
ဆိုတာလေ"





"သြော်"

"မောင်...မြိန့်ကို အထင်သေးသွားပြီလားဟင်"

"ဘာကိုအထင်သေးရမှာလဲ ချိုချိုမြိန့်"

"မြိန့် အရင်ကနဲ့မတူအောင် ပြောင်းလဲနေပြီဆိုတာ သိရင်
လေ"

"ချိုချိုမြိန့် မင်း မင်း ဦးမုန်းမာန်ကို ချစ်နေပြီလားဟင်"

"အင်း"

မြိန့် ရိုးသားစွာပင် ဝန်ခံလိုက်မိသည်။

"ဟာ ဒါအဖြစ်သင့်ဆုံးပဲလေ ချိုချိုမြိန့်၊ မင်းအမြင်မှန်ရ
သွားတာ ဝမ်းသာစရာပါပဲ၊ ကိုယ်ဝမ်းသာပါတယ် ချိုချိုမြိန့်"

"မြိန့် မောင့်စကားကိုနားထောင်တာထက် မြိန့်ရဲ့ပင်ကိုယ်
စိတ်ကိုက အမှန်တရားကို ရှာဖွေတွေ့ရှိသွားတာပါ မောင်"

"မြိန့်"

ဖုန်းထဲမှာ မောင့်ခေါ်သံက လှိုက်လှဲဝမ်းသာနေတဲ့အသံ
ပါ။ ချိုချိုမြိန့်လို့ သူစိမ်းဆန်ဆန် ပြောင်းခေါ်လိုက်တဲ့ မောင်က
ခုတော့ အချစ်ဆုံးသူငယ်ချင်းမလေးရဲ့ အသိတရားတွေအတွက်
မင်းမြောက်ဂုဏ်ယူနေဟန်အပြည့်နှင့် ဖြစ်နေသည်။

"ဦးမုန်းမာန်သိရင် အရမ်းဝမ်းသာသွားမှာပဲ မြိန့်၊ မင်း
ကိုဝန်ခံပြီးပြီလားဟင်"

“ဟင့်အင်း…မြန် သူ့ကိုဖွင့်မပြောရသေးဘူး မောင်”

“ဘာတွေကို အချိန်လျှောက်ဆွဲနေတာလဲ မြန်၊ မင်းဖွင့် ပြောသင့်ပြီ၊ ဒါ မင်္ဂလာအရှိဆုံးစကားပဲ၊ သူအမြန်ဆုံးကြားသင့် တယ် မြန်”

“မြန် ရှက်နေလို့ပါ”

“ဟာကွာ”

မောင့်အသံက မငြိုတင်ကဲ။

ပြီးနောက်

မောင်က သဘောကျစွာပင်ရယ်နေ၏။

“မောင်”

“ပြောပါ မြန်”

“မြန့်ကိုခွင့်လွှတ်ပါနော်”

“မဟုတ်တာပဲ မြန်ရယ်၊ မင်းကိုယ့်ကို တောင်းပန်[illegible] မလိုပါဘူး၊ ဘာပဲပြောပြော ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ မင်[illegible] ဦးမုန်းမာန်ရဲ့ဇနီးမယားပါ၊ ကိုယ့်ခင်ပွန်းဖြစ်သူကို ကိုယ်ချစ်[illegible] အမှန်တရားပဲလေ”

“အင်း…မောင်က မြန့်ကိုနားလည်သားပဲ”

“လမ်းမှန်နေရင် ဘေးကနေ လက်ခုပ်တီးအားပေး[illegible] တကယ့်မိတ်ဆွေကောင်းပဲလေ မြန်”





“ကျေးဇူးတင်ပါတယ် မောင်၊ အဲ့ဒီစကားလေးကို ကြား လိုက်ရတဲ့အတွက် မြန် လိပ်ပြာလုံသွားပါပြီ”

“မြန်”

“ရှင်”

“အခုလို အမြန်ဆုံးအသိလေးဝင်ပေးတဲ့အတွက် ဂုဏ်ယူ ပါတယ်၊ မြန် အိမ်ထောင်ရေးသာယာပါစေလို့ ဆန္ဒအမှန်နဲ့ ဆုတောင်းပေးပါတယ် မြန်”

“အဲဒီဆု မကြာခင်ပြည့်တော့မှာပါ မဏီရယ်”

မြန် မောင်လို့မခေါ်ဘဲ မဏီဟုပဲပြောင်းခေါ်လိုက်သည်။

ဒါကို

မောင်လည်း သဘောကျနှစ်မြို့က်မှာပါပဲ။

ပြီးတော့…

မြန်ရဲ့ပြောင်းလဲမှု။

ဒါကို…

အဖေနဲ့အမေသာသိရင် အရမ်းကို ဝမ်းသာသွားကြမှာ။

ဦးမုန်း သူလည်း မြန် အမြင်မှန်တွေရသွားတာသိရင် ပျော်ရွှင်ကြည်နူးသွားမှာပဲလေ။ မြန် သူ့ကို တစ်သက်လုံး မုန်းတီး [illegible]ကြည်းနေမှာပဲလို့ ဦးမုန်းက တွက်ထားတာမဟုတ်လား။ မြန် [illegible]မှာသွားပြီဆိုတာသိရင် သူ့စိတ်တွေ အေးချမ်းသွားမှာပါ။

“မြိန်”

“ပြောလေ မဏီ”

“ကိုယ်တို့အရင်းနှီးဆုံး မိတ်ဆွေတွေပဲနော်”

“မဏီလက်ခံတယ်မဟုတ်လား”

“လက်ခံတာပေါ့ မြိန်၊ မြိန့်ဆီက အခုလို ပွင့်ပွင့်လင်း လင်း တောင်းဆိုလာမှုကို ကိုယ်ဘာကြောင့်လက်မခံရမှာလဲမြိန် ရယ်”

“ဟင်း…ဟင်း”

ဇာမဏီအားပေးစကားကြောင့် မြိန် ကျေနပ်စွာပင် အသံ လေးထွက်ကာ ရယ်လိုက်မိသည်။

“မြိန်”

“ပြောလေ မဏီ”

“မြိန်ပြောချင်တာ ဒါပဲဆိုရင် မဏီ ဖုန်းချလိုက်တော့ မယ်နော်”

“သြော်…အင်း ဒါပါပဲမဏီ”

ဇာမဏီဘက်က နှုတ်ဆက်ကာ ဖုန်းလေးပြန်ချသွား၏။

မြိန် ကျေနပ်စွာပင် ပြုံးလိုက်ပြီး ဖုန်းခွက်လေးကို ညင်သာ စွာ ပြန်ချထားလိုက်မိသည်။

အခုမှပဲ





မြိန်စိတ်တွေ ပေါ့ပါးသွားသလိုပင် ခံစားရသည်။

မြိန်…

မနေ့ညက အဖြစ်အပျက်ကို တွေးမိတိုင်း စိတ်ထဲမှာ ကောင်းမိချေ။

ဦးမုန်း အရမ်းကို ခံစားနေရတာလေ။

မျက်ရည်တွေနဲ့ နင့်သည်းနေတဲ့ ဦးမုန်းရဲ့အသွင်က မြိန့်ရင် ကို ပြင်းစွာပင် လှုပ်ခတ်သွားစေ၏။ အားလုံးက မြိန်မှားနေတယ် ဟုပြောတာတောင် အရွဲ့တိုက်ချင်စိတ်တွေနှင့် မြိန် ခေါင်းမာနေခဲ့ သည်။ အမှန်တရားမှန်း သိသိကြီးနှင့် ဖွတ်တောပေနေခဲ့၏။

ဦးမုန်း အရမ်းခံစားရမှာပဲ။

မြိန်ကို ထွက်မသွားပါနဲ့လို့ တောင်းဆိုလိုက်တဲ့ အသံလေး ထဲမှာ စိုးရိမ်ထိတ်လန့်မှုတွေက တစ်ပုံတပင်။

“မြိန်”

ဟင်။

မြိန် အတွေးလေးတွေနှင့် လွင့်မျောနေဆဲ နောက်ကျော ဘက်ဆီက ခေါ်သံကြောင့် ခန္ဓာကိုယ်လေး ဆတ်ခနဲပင် တုန်သွား ၏။

“ဖုန်းဆက်နေတာလား မြိန်”

မြိန်မဖြေမိ။

သူ့မျက်နှာဆီသာ လှမ်းကြည့်မိသည်။

"ဇာမဏီဆီကို ဆက်တာမဟုတ်လား မြိန်"

"ဘာဖြစ်လို့မေးတာလဲ ဦးမုန်း၊ မြိန် ဘယ်သူ့ဆီကိုပဲဆက် ဆက် ဒါကိုယ်ပိုင်အခွင့်အရေးပဲ မဟုတ်ဘူးလား"

ကြည့်စမ်း မြိန် ဘာကြောင့် အခုလိုစကားမျိုးကြီး ပြော ပြန်ရတာလဲ။

မြိန်ရှက်နေတာလား။ ဒါမှမဟုတ် မိန်းမတစ်ယောက်ရဲ့ ပြောင်းလဲမှုကို ဝန်မခံချင်တဲ့မာနနဲ့ အတ္တကြောင့်လား၊ သူခိုး ခံရတဲ့ အဖြစ်ကြောင့် မြိန့်စိတ်တွေ တထိတ်ထိတ်လှုပ်ရှားလွန်းလို့ အခုလိုပြန်ဖြေမိတာလားဆိုတာ မြိန် မစဉ်းစားတတ်တော့ သေချာတာကတော့ မြိန် ပြောင်းလဲသွားပြီဆိုတာ သူသိမှာ စိုးရွံ့ မိသည်။ လျှို့ဝှက်ဖုံးကွယ်ထားချင်နေ၏။

"ဆောရီးပဲ မြိန်၊ ကိုယ်မှားသွားတယ်၊ မြိန် ကိုယ် ကိုယ်တာကိစ္စတွေကို ဝင်စွက်ဖက်မိသလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်မြိန်"

ဦးမုန်းရဲ့လေသံက လျော့သွား၏။ မျက်နှာလေး ညှိုးလျှော့သွားပြန်သည်။ ဒီလိုကျပြန်တော့လည်း မြိန်စိတ်မကောင်း အနိုင်ဘယ်လောက်ယူယူ သူ့ဘက်က တုံ့ပြန်မှုကတော့ အရှုံး ခြင်းတွေပါပဲ။





ဒီလိုမျက်နှာထားနှင့် အလျှော့ပေးလိုက်ဟန်တွေက အားစက်မာကျောနေတဲ့ မြိန့်စိတ်တွေကို တစ်စထက်တစ်စ စိုးမိုး ခြယ်လှယ်လာတာလေ။ မြိန် လုံးဝမကျေနပ်ပေမယ့် လက်ခံနေရ သည်။

ဟွန်း…တတ်လည်းတတ်နိုင်တဲ့ ဦးမုန်းမာန်ပါပဲ။

မြိန် မျက်စောင်းလေးထိုးကာ နေရာကနေ ထွက်ခဲ့မိ၏။ ဧည့်ခန်းကျယ်ကြီးထဲတွင် ဦးမုန်းမာန် ကျန်နေရစ်ခဲ့သည်။

မနေ့ညက သူအမူးလွန်နေတာမို့ မနက်အိပ်ရာက မထနိုင် တဲ့သူ့အတွက် စောစောအိပ်ရာမှထကာ နံနက်စာအတွက် မြိန်ပဲ ပြင်ဆင်ထားမိသည်။

ဒါ မြိန်ရဲ့ပြောင်းလဲမှုအစပါပဲ။

မြိန် ဘယ်တုန်းကမှ သူ့အတွက် စိတ်ထဲမှာထားပြီး ဘာ အလုပ်မှလုပ်မပေးဘဲ ပေကပ်နေခဲ့မိသည်။

ခုတော့…

မြိန်ကိုယ်တိုင် စိတ်လိုလက်ရပင် နံနက်စာလေးတွေ ပြင်ဆင်ထားမိသည်။

"မြိန်"

သူ မြိန်ရှိရာထမင်းစားခန်းလေးထဲ ဝင်လာ၏။

"မနက်စာကို ကိုယ်ထလုပ်ဖို့ ပျက်ကွက်မိတယ်"

မြိန် ဘာမှပြန်မပြောမိ။

သူထိုင်နေသော ခုံလေးရှေ့စားပွဲပေါ် ကော်ဖီတစ်ခွက် ငှဲ့ပေးလိုက်သည်။

"ဒီနေ့ အလုပ်သမားအသစ်တွေ ရောက်လာလိမ့်မယ် မြိန်၊ နောက်ဆို မြိန် အခုလိုလုပ်စရာမလိုတော့ပါဘူး၊ နားနားနေနေ မြိန်နေလို့ရပါပြီ"

"........"

မြိန် ဘာမှပြန်မပြောဘဲ သူ့စကားကိုသာ နားထောင်နေ လိုက်သည်။

အလုပ်သမားအသစ်တွေလာမယ်တဲ့။

ပြီးရောပေါ့။

"မြိန်"

"ပြောပါ ဦးမုန်း"

"ဒီနေ့ရော အပြင်သွားစရာရှိသေးလားဟင်"

"ဘာဖြစ်လို့မေးတာလဲ"

"လိုက်ပို့ပေးမလို့ပါ"

"မလိုပါဘူး၊ မြိန်ဘာသာသွားလို့ရတာပဲဟာ"

မြိန်ရယ်။

ကိုယ်သိပါတယ်။





မင်း စာမထီကို သွားတွေ့မလို့မဟုတ်လားဟင်။

၊ စောစောက မင်းသူနဲ့ဖုန်းပြောနေသံကို ကိုယ်သဲ့သဲ့လေး ကြားလိုက်ရတယ်လေ။

ဒါကြောင့် ကိုယ်လိုက်ပို့မှာကို မင်းဘယ်လိုလားပါ့မလဲ။

ရက်စက်လိုက်တာ မြိန်ရယ်။

အသည်းမာလိုက်တာချစ်ရယ်။

✡ ✡ ✡

## အခန်း (၁၆)

"ညည်း ဘာတွေလျှောက်လုပ်နေတာလဲ ချိုချိုမြိန်"

"ရှင်"

အမေ့ဆီက မေးသံမာဆတ်ဆတ်ကြောင့် မြိန် အမေ့မျက်နှာဆီ လှမ်းကြည့်လိုက်မိသည်။

"ဇာမဏီကို ညည်းသွားတွေ့တယ်ဆို"

"ဒါ…ဒါက"

"ဘာလဲ ညည်းကငြင်းဦးမလို့လား"

မြိန် အံ့ဩသွားရ၏။

အမေက ဘယ်လိုဖြစ်ပြီး သိသွားရပြန်တာလဲ။

"မောင်မှုန်းမာန်နဲ့ ညည်း ပြဿနာမတက်ဘူးလား မြိန်"

"ဘာလဲ သူပြောတာလားအမေ"





မြိန် ဒေါသတွေ ထောင်းခနဲထွက်သွားရ၏။

၊ မြိန်ဘာပဲလုပ်လုပ် လုပ်သမျှ အမေကအကုန်ကြိုတင်သိနေတာ ယုံပင်မယုံချင်စရာ။

"ဘယ်သူပြောပြော အရေးကြီးလို့လား မြိန်၊ ကိုယ့်သာအနေမှန်နေမယ်ဆိုရင် ဘာကြောက်နေစရာလိုလို့လဲ၊ အလကားနေမောင်မှုန်းမာန်အပေါ် အပြစ်တွေတင်ဖို့ချည်း စဉ်းစားမနေနဲ့၊ သူကအပြစ်မဲ့တဲ့သူ၊ ညည်းအပေါ် သည်းညည်းအခံနိုင်ဆုံး ယောကျ်ားဆိုလို့ ကမ္ဘာပေါ်မှာ သူတစ်ယောက်တည်းပဲရှိတယ် မြိန်၊ ဘယ်နှယ့်ကိုယ့်မိန်းမက ချစ်သူနဲ့သွားချိန်းတွေ့နေတာကို ပြစ်တင်ဆူပူရကောင်းန်းတောင် မသိတဲ့သူပဲ၊ သူ အဲဒီလို ခွင့်လွှတ်နေလို့ ညည်း ပိုပိုြီး ဆိုးနေတာပဲ မြိန်"

"အမေ"

"ဘာ အမေလဲမြိန်၊ အမေ သမီးတို့အိမ်ထောင်ရေးကြားထဲင်မပါချင်လို့ကြည့်နေရတာ၊ ညည်းရဲ့ ဆိုးဝါးတဲ့လုပ်ရပ်တွေကာစ်နေ့ထက်တစ်နေ့ ပိုပြီးကြောက်ဝရာကောင်းနေပြီသိလား"

အမေ့မျက်နှာက ဒေါသကြောင့် ရဲရဲနီစွေးနေ၏။ အမေ့လေသံက မာဆတ်ပြတ်တောက်နေသည်။

"ပြောစမ်းပါဦး မြိန်၊ ဘာကြောင့် ဇာမဏီနဲ့သွားတွေ့ရသလဲဆိုတဲ့ အကြောင်းပြချက်ကို ပြောပြပါဦး"

ဟင့်အင်း။

မြန်တို့ ချိန်းတွေ့ကြတာမဟုတ်ပါဘူး။ ဇာမဏီကို အမေ အထင်မသေးလိုက်ပါနဲ့။ မောင်က အမေထင်သလိုလူစားမျိုး မဟုတ် ဘူးအမေ။

မထင်မှတ်ဘဲ ဆုံခဲ့ကြတာပါ။

မောင့်ကိုသတိရနေတဲ့အချိန် ကော်ဖီဆိုင်လေးမှာထိုင်နေ တုန်း မောင်ရောက်လာတာနဲ့ ဆုံမိကြတာပါ။ တမင်တွေ့ကြရအောင် ဆိုတဲ့ ချိန်းဆိုမှု တကယ်ပဲမရှိခဲ့တာပါ အမေ။ အဲဒါကို မြန့်အမေ ရင်းခေါက်ခေါက်ကြီးဖြစ်တဲ့ အမေက သံသယမဝင်သင့်ပါဘူးရှင်

"အမေမေးနေတယ်လေ မြန်၊ ဘာလဲ အမေ့စကား တောင် အလေးအနက်ထားစရာမလိုဘူးလို့ မြန် သတ်မှတ်ထား ပြီလား"

"မြန် ဘာပြောရမလဲအမေ"

"ဘာအေ့"

"မြန် ဖြေရှင်းပြတော့ရော အမေက လက်ခံယုံကြည် မှာမို့လို့လား"

"ချို့ချို့မြန်"

အမေ့အသံက ဟိန်းတက်သွား၏။

"မြန်မှားနေတာလား၊ အားလုံးကမှန်နေပြီး





တစ်ယောက်တည်းက မှားနေတာလားဟင်၊ တကယ်ဆို မြန် အကြောင်းကို အမေအသိဆုံးပဲဟာ၊ မြန်ရင်ထဲက ခံစားချက်တွေ ကို အနီးကပ်နေခဲ့တဲ့အမေ အသိဆုံးပဲလေ၊ ဒါဆို ဘာကြောင့် လိုဖြေရခက်တဲ့ မေးခွန်းမျိုးတွေနဲ့ မြန့်ကို စိတ်တွေမွန်းကြပ်ပိတ်ဆို့ သွားအောင် ဖန်တီးရတာလဲအမေရယ်"

"တော်စမ်း မြန်၊ အားလုံးရဲ့မျက်လုံးထဲမှာ မှန်တယ်ထင် လို့ ပြောနေပြီဆိုရင် သမီးလုပ်နေတဲ့အလုပ်တွေအားလုံးကို ရပ်တန့် သင့်ပြီလေ၊ အခုလိုအချိန်မျိုးမှာ တွေဝေတဲ့စိတ်တွေ မြန့်ဆီမှာရှိမနေ သင့်တော့ဘူးဆိုတာ မြန်သိသင့်တယ်၊ မြန်က အများအမြင်မှာ သိမ်ထောင်ရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ မြန်၊ မြန့်ရှေ့မှာ အရိပ် အမိုးတစ်ခုက အခိုင်အမာကာရံထားပြီးပြီ၊ ဂုဏ်သိက္ခာဆိုတာ ကိုယ်ကထိန်းမှ အမြင့်ကိုရောက်တာမြန်၊ မောင်မှန်းမာန်က ဘယ်လောက်ပဲချစ်လို့ မျက်စိမှိတ်ပြီးနေနေ ပတ်ဝန်းကျင်ဆိုတာ ဘာဝရရှိနေမှာပဲ၊ ဒါကို သမီးထိန်းသိမ်းသင့်တယ်"

"မြန်က ဘာတွေလုပ်နေလို့လဲ အမေ"

မြန့်အမေးကြောင့် အမေက သူ့မျက်နှာဆီ စူးစူးလေးပြန် ကြည့်၏။ အမေ့မျက်ဝန်းတွေထဲမှာ သံသယရိပ်နှင့်အတူ စိုးရိမ် ပန်မှုတို့ စီးမျောနေကြသည်။

သို့သော်…

အမေသည် ဘာစကားမှ ဆက်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ ပြီးနောက် သက်ပြင်းမောကို ဖြေးညှင်းစွာရှိုက်

"မောင်မှန်းမာန်မှာ ဘာအပြစ်တွေရှိနေလို့လဲ မြိန်၊ ဘာကြောင့် အခုလောက်ထိ မုန်းတီးနာကျင်နေရတာလဲ၊ ဒီနေ့ပဲ အမေ မောင်မှန်းမာန် ဖုန်းဆက်ပြီး တောင်းပန်သွားတယ်၊ ချိုချိုမြိန်အတွက် အိမ်အလုပ်သမားတွေ ခန့်လိုက်ပြီဆိုပြီးတော့လေ၊ အမေက သမီး အိမ်ထောင်ရှင်မပီသအောင် အလုပ်သမားတွေမငှားဘဲ တစ်လနှစ်လ လောက် ပစ်ထားခိုင်းတာတောင် သူနားမထောင်နိုင်ဘူးလေ၊ သမီး ပင်ပန်းမှာ မကြည့်ရက်လို့ဆိုပြီး တောင်းပန်သွားတယ်"

ဟင်။

မြိန် မျက်နှက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွား သည်။ မြိန်ထင်ထားခဲ့တာက မြိန်ကို အိမ်ထောင်ရှင်မပီသအောင် စည်းရုံးဖို့ ကြိုးစားတဲ့သူက ဦးမှန်းမာန်လို့လေ။ ခုတော့ ဦးမှန်းမာန် အမေ့အကြံအစည်နှင့် အခုလို လိုက်လုပ်နေရတာကို။ မြိန် အ တွေလွဲမှားနေခဲ့မိသည်။

ဦးမှန်းရယ်။

မြိန် မှားသွားပြီရှင်။

ရှင့်ကိုမုန်းတဲ့စိတ် တစ်ခုတည်းနဲ့ အမှန်တရားတွေအား ကို ဆင်ခြင်နိုင်ခြင်းတောင် မရှိတော့ဘူး ဦးမှန်းရယ်။





"သမီး မောင်မှန်းမာန်ကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့ရတယ် ဆိုတာ အမေသိပါတယ်၊ ဒါပေမယ့် သမီး သေသေချာချာစဉ်းစား ကြည့်ပါဦးကွယ်၊ အမေတို့မိသားစု အခုလို အခြေအနေမပျက် တည်နေရတာတွေအားလုံးဟာ မောင်မှန်းမာန်ရဲ့ ကျေးဇူးတွေ ကြောင့်ပါ၊ သမီးကို ငွေကြေးတွေနဲ့ သိမ်းပိုက်ခဲ့တယ်ဆိုပေမယ့် မောင်မှန်းမာန် ဘာတွေအနိုင်အကျင့် ဗိုလ်ကျခဲ့လို့လဲ၊ ဘာတွေ နှိမ်ခဲ့လို့လဲ မြိန်၊ မြိန့်သဘော မြိန့်ဆန္ဒအတိုင်း နေထိုင်ခွင့်ပေးခဲ့တာ လေ၊ သူ့ဘက်က ဘာမှ ပြန်မရနိုင်မှန်းသိသိကြီးနဲ့ ပေးဆပ်ခဲ့တာ ဟာ သာမာန်အချစ်တစ်ခုမှ မဟုတ်တာဘဲ မြိန်"

အမေရယ်။

မြိန်သိပါပြီရှင်။

ဒါ့ကြောင့်လည်း မြိန် အခုလို ပြောင်းလဲသွားရတာပေါ့။

မြိန် အရင်ချိုချိုမြိန် မဟုတ်တော့ပါဘူး အမေရယ်။

ဒါပေမယ့်

မြိန် သူ့ကို ဖွင့်ပြီးဝန်မခံရဲဘူး အမေ။

သူနဲ့မျက်နှာချင်းဆိုင် ဆုံလိုက်တာနဲ့ နူးညံ့နေတဲ့စိတ်တွေက လိုပျောက်ကွယ်သွားမှန်း မြိန်လည်း ကိုယ့်ကိုယ်ကို မစဉ်းစား တော့ပါဘူး။ သူစိတ်ချမ်းသာစေမယ့် အပြောအဆို အနေ ထိုင်မျိုး မြိန် ဘာ့ကြောင့် နေမပြနိုင်ခဲ့သလဲဆိုတာ သူနဲ့ကျောခိုင်း

လိုက်တိုင်း နောင်တတွေရနေတော့တာပါပဲ အမေရယ်။

"မြန်"

"ရှင်"

"မောင်ဇာမဏီနဲ့ ထပ်ပြီးအဆက်အသွယ်တွေ မလုပ် တော့ကွယ်"

"သူက မြန့်သူငယ်ချင်းပဲ အမေ"

"ဒါပေမယ့် မောင်မုန်းမာန်ရဲ့ မျက်လုံးထဲမှာ အဲ့ဒီ မြင်ပေးနိုင်ပါ့မလား မြန်၊ သမီးနဲ့ မောင်ဇာမဏီတို့ကို ကော်ဖီ လေးတစ်ခုမှာ တွေ့လိုက်တယ်ဆိုတဲ့အကြောင်းကို သူက မပြော ပေးရမှာကြောက်တဲ့စိတ်နဲ့ မျိုသိပ်နိုင်ပေမယ့် မောင်မုန်းမာန်ရဲ့သူ ချင်းကောင်လေးက အမေ့ဆီ ဖုန်းဆက်ပြီး အိမ်ထောင်ရေးကို ပေးဖို့ပြောလာတယ်လေ၊ မေမေဘယ်လောက် အရှက်ရသလဲ သမီးအဖေသာ အဲ့ဒီစကား ပြန်ကြားရင် အရမ်းကိုစိတ်ထိခိုက် မှာပဲ၊ မိဘဆိုတာ သားသမီးတွေရဲ့ လက်ဦးဆရာပဲ မြန်၊ မလိမ္မာရင် အဲ့ဒါ အမေတို့ရဲ့ ညံ့ဖျင်းမှုပဲ၊ မောင်မုန်းမာန်ရဲ့ မျက် ကို မကြည့်ရဲလောက်အောင်ပဲ မြန်ရယ်၊ အမေ အရမ်းအားနာ မိတယ်"

အို။

သူမအထင်တွေ ထပ်ပြီးလွဲမှားရပြန်ပြီ။





ဦးမုန်းမာန် တိုင်တယ်လို့ထင်ထားခဲ့သမျှ အခုတော့ သူမ တ်ဘဲ သူ့သူငယ်ချင်းဖြစ်နေပြန်၏။

ဒါကြောင့်

အဲ့ဒီနေ့က ဦးမုန်းမာန် စိတ်တွေညစ်ပြီး အပြင်မှာ အများ ကြီးသောက်လာခဲ့တာကိုး။ အိမ်ပြန်နောက်မကျစဖူး နောက်ကျကာ မိုးချုပ်မှပြန်လာသည်။

မြန်ကတော့ သူ့အကြောင်းနဲ့သူ ရှိလို့ပဲဟုထင်ပြီး သူမနဲ့ ဆိုင်သလိုနေခဲ့မိ၏။ အခုတော့ မြန်ကြောင့် သူ စိတ်တွေလေပြီး သောက်လာတာတဲ့လေ။ အဲ့ဒီနေ့က သူတစ်ခုခုဖြစ်လာတယ်ဆိုတာ တော့ မြန် သတိထားမိ၏။ မြန့်ကို စူးစူးနစ်နစ်လေးစိုက်ကြည့်ပြီး ကားတွေ အများကြီးပြောနေခဲ့၏။

မြန်ကို အရင်အတိုင်း မုန်းတီးနာကြည်းနေသလားဆိုတဲ့ မေးခွန်းကိုသာ အထပ်ထပ်အခါခါမေးနေခဲ့သည်။

ပြီးတော့

သူ့ကိုမထားခဲ့ပါနဲ့တဲ့။

သူ့အနားမှာပဲ နေပေးပါတဲ့လေ။

ဦးမုန်းရယ်

မြန်ကို အဲ့ဒီလောက်တောင်ပဲ ချစ်ရသလားရှင်။

ရှင့်ကို ပြန်မချစ်နိုင်မှန်းသိတဲ့ မြန်ကိုမှ အသည်းနင့်အောင်

ချစ်ရသလားရှင်ရယ်။

"မြန်"

"ပြောပါ မမေ"

"မြန်ဟာ ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ပါ အသိအလိမ္မာကြီးတဲ့ သမီးလေးဆီမှာ အပြစ်အနာအဆာတွေ မေ မရှိစေချင်လို့ပါ မြန်၊ လူဆိုတာ ဟစ်ကြိမ်တစ်ခါတော့ အမှားတစ် ခုကို လုပ်မိကြမှာပါပဲ၊ ဒါပေမယ့် မှားနေပြီဆိုတာသိရင် အမှန် ပြင်ရမယ်လေမြန်၊ ဒါမှ လူပီသတဲ့ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြ လာမှာ၊ ဒါကို သမီးလေးနားလည်ပါတယ်နော်"

မြန် ခေါင်းမညိတ်မိပေမယ့် ခေါင်းတော့မခါယမ်းမိချေ

တိတ်ဆိတ်ငြိမ်သက်စွာ မမေ့ရှေ့တွင် ထိုင်နေမိသည်

"မောင်မုန်းမာန်က သမီးကို သိပ်ချစ်သလို ခင် ကောင်းပီသတဲ့ ယောက်ျားတစ်ယောက်ပါ၊ ကိုယ့်အပေါ်မှာ တာ ကျေပွန်လွန်းတဲ့ လူတစ်ယောက်ကို စိတ်ဒုက္ခတွေ မပေးသင့်ဘူး မြန်၊ စိတ်သောကတွေ မပေးသင့်ဘူး မြန်ရယ်"

မြန်သိပါပြီမမေရယ်။

နားလည်လိုက်ပါပြီရှင်။

နောက်ဆိုရင် မမေစိတ်ချမ်းသာရတော့မှာပါ။

မြန် ပြောင်းလဲနေပါပြီ မမေရယ်။





"ဟော အပြင်က ကားသံကြားတယ် မြန်၊ မောင်မုန်းမာန် သမီးကို လာခေါ်ပြီနဲ့တူတယ်"

မြန်နဲ့မမေတို့ စကားပြောနေစဉ် တိုက်ရှေ့ထိုးရပ်လိုက်တဲ့ ကားစက်သံညက်ညက်ကြောင့် နှစ်ယောက်သား လှုပ်လှုပ်ရှားရှား လေးဖြစ်သွားရသည်။

"အမေ နေကောင်းတယ်နော်"

"အေးကွယ် သား နေကောင်းပါတယ်၊ လာလေကွယ် ဒီမှာ သားလာမခေါ်သေးလို့ဆိုပြီး မြန်ကစောင့်နေတာ အဟင်း ဟင်း"

တွေ့လား။

အမေကတော့ သမက်မျက်နှာတွေ့လိုက်တာနှင့် ပြုံးရွှင် သာမျက်နှာလေးနှင့် ကြိုဆိုကာ လောကွပ်လုပ်နေတော့၏။

မြန် အမေ့မျက်နှာဆီ အကြည့်လေးရွေ့တော့ မသိမသာ က်စိကလေးမှိတ်ပြ၏။

အမေ့ကိုကြည့်ပြီး မြန် နှုတ်ခမ်းသားလေးတွေ တွန့်ခနဲပြုံး သွားရသည်။

"လာလေ သား၊ ထိုင်ဦး မင်းဒက်ဒီလည်း မကြာခင် ရောက်လာတော့မှာပဲဟ၊ ညစာအတူတူ ဒီမှာပဲစားပြီးမှ ကြပေါ့"

အမေ့စကားကြောင့် ဦးမုန်းမာန်က မြိန့်ဆီလှမ်းကြည့်၏ ဘယ်လိုလဲဆိုတဲ့သဘောပေါ့။

''မြိန့်တို့အိမ်ကျမှပဲစားတော့မယ် မေမေ''

မြိန့် အိမ်ပြန်ဖို့ပဲ စိတ်ဆုံးဖြတ်မိသည်။

အမေ့မျက်နှာကိုကြည့်ဖို့ မြိန့် စိတ်တွေမရဲသေးပါ။ မြိန့် ဓာမဏီတို့ ကော်ဖီဆိုင်လေးတွင် အတူတူဆုံတွေ့မိသည့်အကြောင်းကို အမေလည်းသိနေမှာသေချာသည်။ မြိန့်ရင်မဆိုင်ရဲပါ။ ဖြေလည်းမဖြေရှင်းချင်။

အဓိက

ဦးမုန်းမာန်ရှေ့မှာ ပိုပြီးတော့တောင် မြိန့်စိတ်တွေ မွန်းကြပ်နေရသည်။ စိတ်တွေမလုံမလဲဖြစ်နေမိ၏။

''မြိန့်ပြန်မယ်ဆိုလည်းပြန်တာပေါ့၊ နောက်နေ့ကျမှပဲ ထမင်းလာစားတော့မယ် အမေ''

''အမလေး လင်မယားနှစ်ယောက် အတိုင်အဖောက်ထလည်း ညီပါ့တော်၊ သွားပါ ပြန်ကြပါ၊ ကိုယ့်အိမ်ကိုယ်ပြန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထမင်းလက်ဆုံစားကြပါတော့ ဟွန်း''

''ဟာဗျာ အဟွန်း ဟွန်း''

''အို အမေကလည်း''





အမေကစနောက်လိုက်ပေမယ့် အနှောင့်အသွားမလွတ်တဲ့ စကားကြောင့် ဦးမုန်းက သဘောတွေ အကျကြီးကျနေပေမယ့် မြိန့် မျက်နှာလေးမှာတော့ ရှက်သွေးလေးဖြာကာ ပန်းသွေးရောင်လေး ရဲစိုသွားတော့သည်။

✡ ✡ ✡

# အခန်း (၁၇)

အိမ်အပြန်လမ်းတစ်လျှောက်လုံး ကားလေးပေါ်မှာ
မြန်နဲ့ ဦးမုန်း တစ်ယောက်နဲ့တစ်ယောက် ဘာစကားမှမပြောဖြစ်ခဲ့
ချေ။

မြန်

သူ့ဘက်သို့ မသိမသာလေးစောင်းငဲ့ကြည့်မိသည်။

ဦးမုန်းရဲ့အသွင်က တကယ့်ကို တည်တည်ကြည်ကြ
ပါပဲ။ တကယ်ဆို မြန်ကို သူ စကားတစ်ခုခုတော့ ပြောသင့်သ
မဟုတ်ပါလား။

ဥပမာ

သူ့စိတ်ထဲမှာ မတင်မကျဖြစ်နေတဲ့ မေးခွန်းမျိုးဖြစ်
မြန်ကို ပွင့်ပွင့်လင်းလင်းမေးသင့်တယ်။ မြန်နဲ့မောင်တို့ရှိနေတဲ့





ဆိုင်လေးကို သူမထင်မှတ်ဘဲ ရောက်လာတာမဟုတ်လား။ ဒါတောင်
မြန်ကို သူဘာမှမမေးဘဲနေခဲ့သည်။ ဘာကြောင့်လဲ။ အခုလို မှိုသိပ်
ပြီး ဘာမှမဖြစ်သလို ပုံစံမျိုးနဲ့ သူနေနေခဲ့တာလဲ။

မြန် စဉ်းစားလို့မရချေ။

သေချာတာကတော့

ဦးမုန်းရဲ့ရင်ထဲမှာ မြန်နဲ့မောင်ကို သံသယစိတ်တွေ ဝင်နေ
တာတော့အမှန်ပင်။ ဦးမုန်း ညဉ့်နက်မှပြန်လာတဲ့နေ့ကဆို သူတအား
ကို ဝမ်းနည်းကြေကွဲနေတာလေ။ သူ့မျက်ဝန်းအိမ်ထဲမှာ ဝေ့သီနေ
တဲ့ မျက်ရည်စတွေက အကောင်းဆုံးသက်သေတွေပဲလေ။

ဒါနဲ့များတောင် သူ မြန်ကို ဘာမှမေးမြန်းခြင်းမရှိခဲ့ချေ။
မောင့်ဆီကို မြန်ဖုန်းဆက်တဲ့နေ့ကလည်း သူတွေ့တာပဲ။ တကယ်ဆို
မြန် ဘယ်သူနဲ့ စကားပြောနေသလည်းဆိုတာ သူသိနေတာပဲဟာ။
ဒါကို တားဆီးကန့်သတ်ဖို့ စိတ်ကူးနည်းနည်းလေးမျှမရှိပေ။

ပြီးတော့ ဦးမုန်းရဲ့စောင့်ထိန်းမှု။

မြန်ကို တရားဝင်လူသိရှင်ကြား လက်ထပ်ပိုင်ဆိုင်ထားပေ
မယ့် အခုချိန်ထိ မြန်စိတ်ညစ်ရမည့်အလုပ်မျိုး သူမလုပ်ခဲ့ချေ။
မြန်ရဲ့ ကြည်ဖြူမှုမရှိဘဲ ယောကျ်ားတစ်ယောက်ရဲ့ မာနနဲ့ ဘယ်လို
အရာမျိုးကိုမှ သူမရယူခဲ့ပေ။

မြန် စိတ်ချမ်းသာသလိုနေစေသည်။ စိတ်တိုင်းကျ လိုလေ

သေးမရှိအောင် ဖြည့်ဆီးပေး၏။ မြိန် ဘယ်လိုနေနေ သူက ခွင့်လွှတ်နေခဲ့သည်။ မြိန် ဘယ်လောက်ဆိုးဆိုး သည်းခံ၏။ အချိန်တိုင်း အချိန်တိုင်း မြိန့်စိတ်အတိုင်းသာ သူဖြည့်ဆည်းပေးခဲ့သည်ချည်းပင်။

"မြိန်"

"ရှင်"

"ကားပေါ်ကဆင်းတော့လေ"

"ရှင်"

"အိမ်ရောက်နေပြီ မြိန်ရဲ့"

အို ဟုတ်ပါရဲ့။

ကားလေးက မြိန်တို့နေတဲ့ ခြံဝင်းကြီးထဲက တိုက်ဖြူဖြူကြီးရဲ့ ဝင်ပေါက်ရှေ့မှာ တိတိရိရိလေးရပ်လို့ပါလား။

ကြည့်စမ်း

ဒါကို မြိန် ဘာကြောင့်များ သတိမထားမိအောင် ဖြစ်သွားရတာပါလိမ့်။ သူ့အကြောင်းတွေချည်းပဲ တစ်လမ်းလုံး အတွေးလွန်လာသော မြိန်တစ်ယောက် အိမ်ပြန်ရောက်လာတာကိုပင် သတိမထားနိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

"မြိန်"

"ရှင်"

"မြိန် တစ်လမ်းလုံး ဘာတွေတွေးနေတာလဲဟင်"





"ရှင်"

သူ့အမေးကြောင့် မြိန် မျက်ခုံးတန်းလှလှလေး တွန့်ကြုတ်သွားရ၏။ သူ့မျက်နှာချောချောကြီးဆီ လှမ်းကြည့်လိုက်မိသည်။

"အဟွန်း ဆောရီးပဲမြိန်၊ ကိုယ် အခုတလော ဘာတွေဖြစ်နေသလဲဆိုတာ ကိုယ့်ကိုယ်ကိုတောင် မစဉ်းစားတတ်တော့ဘူး၊ ကိုယ်ရေးကိုယ်တာကို ဝင်ပြီးစွက်ဖက်မိသလို ဖြစ်နေရတယ်၊ မဖြေနိုင်တဲ့ မေးခွန်းတွေကို မေးမိတဲ့အတွက် တောင်းပန်ပါတယ်"

သူက ချက်ချင်းပင် မြိန့်ကို တောင်းပန်၏။

ပြီးနောက်

ညှိုးငယ်ဖျော့တော့သော မျက်ဝန်းအကြည့်လေးတွေအား မျက်နှာလှလှလေးဆီမှခွာပြီး ကားပေါ်က အရင်ဆင်းသွားတော့၏။

သူ့လုပ်ရပ်ကိုတွေဝေပြီး ငေးမောမှင်သက်နေမိရာမှ မြိန် သိကလေး ပြန်ဝင်လာရ၏။ မြိန် ဘာတွေတွန့်ဆုတ်နေရပါလိမ့်။ ကယ်ဆို သူ့အကြောင်းလေးတွေကို တစ်ချိန်လုံး မြိန်စဉ်းစားလာတာပဲဟာ။

ဒါကို

သူမေးလိုက်တဲ့အချိန်မှာ မြိန် ချက်ချင်းပြန်အဖြေမပေးမိခဲ့

ချေ။

မြန်

သတိလေးရကာ သူ့ဆီလှမ်းကြည့်လိုက်တော့ ကားပေါ်ကနေ သွက်လက်စွာဆင်းပြီး တိုက်ကြီးဆီ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းလျှောက်သွားသော ဦးမုန်းမာန်ရဲ့ နောက်ကျောပိုင်းကိုသာ မြင်လိုက်ရတော့သည်။

မြန်

ခေါင်းလေးကို ညင်သာစွာခါယမ်းပြီး သက်ပြင်းငွေ့ငွေ့ချမိ၏။

ပြီးနောက်

ကားလေးပေါ်ကနေဆင်းကာ တိုက်အိမ်ကြီးဆီ လျှောက်လှမ်းကာ လိုက်ဝင်ခဲ့မိတော့သည်။

မြန် အခန်းထဲကိုရောက်တော့ သူက ရေမိုးချိုးဖို့ ဟန်ပြင်နေ၏။ မြန် တိတ်ဆိတ်စွာပင် သူမရဲ့ပိုက်ဆံအိတ်လေးကို မှန်တင်ခုံပေါ် ညင်သာစွာတင်လိုက်သည်။ သူ့ကိုနောက်ကျောခိုင်းထားသော်လည်း မှန်ထဲမှတစ်ဆင့် သူ့ကို လှမ်းမြင်နေရ၏။

အပေါ်ပိုင်း ဗလာကိုယ်ကျင်းနှင့် မျက်နှာသုတ်ပဝါပိုင်းဝါဝါတောက်တောက်ပေါ်ကို ခါးမှာပတ်ဝတ်ထားပြီး ရေခဲသေတ္တာထဲမှ ရေသန့်ဗူးလေးကို မော့သောက်နေသော သူ့ကို မြန် မသိမသာ





လေး နိုးကြည့်မိသည်။

သူကတော့ မြန်ကြည့်နေတာကို သတိမထားမိဘဲ သူ့အလုပ်သာ အေးအေးဆေးဆေးလုပ်နေ၏။ အရင်ကဆို တစ်ခန်းထဲသာ အတူတူရှိနေကြတာ သူဘာလုပ်လို့ ဘာကိုင်နေသလဲဆိုတာပင် မြန် အရေးအရာလုပ်ပြီး မကြည့်မိ။ မြန်နေတတ်သလိုပဲ ဘာသိဘာသာ နေတတ်ခဲ့သည်။

ခုတော့

ဦးမုန်းမာန်ရဲ့ နေထိုင်မှုလေးတွေကို မြန် နိုးဝှက်ကာကြည့်နေမိခဲ့ချေပြီ။

ရေချိုးခန်းထဲသူဝင်သွားတာနှင့် မြန်အခန်းထဲ ဝေ့ဝဲကာကြည့်လိုက်မိ၏။ အသစ်ခန့်ထားသော အလုပ်သမားကောင်မလေးများ၏ လက်စွမ်းကြောင့် အခန်းတစ်ခုလုံး ရှင်းလင်းသေသပ်ကာ တောက်ပြောင်နေခဲ့သည်။

မြန် မျက်နှာလေး ရှုံ့မဲ့သွားရ၏။

တကယ်တော့ သူသတိထားမိအောင် အခန်းသန့်ရှင်းရေးလေးလုပ်ပြပြီး မြန် အရင်ကလိုမဟုတ်ဘဲ ပြောင်းလဲနေပြီဆိုတဲ့အချက်လေးကိုပြချင်တာပါ။

ခုတော့

မြန့်စိတ်ကူးတွေ အလဟာသဖြစ်ကုန်ရသည်။

မြိန့် သူနဲ့စကားပြောမိအောင် ဘယ်လိုလုပ်ရမလဲ။

အစိုးရိမ်ကြီးတတ်လွန်းတဲ့ ဦးမုန်းက မြိန့်စိတ်တွေ

တွေးရမှာကိုကြောက်ပြီး တိတ်ဆိတ်ကာ ရှောင်နေတတ်တာ

ဒါကြောင့်လည်း မြိန့်နဲ့သူကြားမှာ မဖြစ်မနေပြောရတဲ့ စကား

လွဲပြီး တခြားအပိုစကား ထိုင်ပြောနေရလောက်သည့် ရင်း

ဆက်ဆံမှုက မရှိခဲ့ပေ။

မြိန့်က သူမကို စကားလာပြောပြီး တရင်းတနှီးနေ

လည်း မကြိုက်တတ်တဲ့ ပုံစံမျိုးလုပ်ထားတာကို။ ဒီတော့

ပြဿနာမဖြစ်ချင်တဲ့ ဦးမုန်းက သတိအရမ်းထားပြီးရှောင်တာ

အခုမှ

မြိန့် စိတ်အညစ်ကြီးညစ်နေရသည်။

မြိန့်ဘက်မှစ၍ တခမ်းတနားကြီး စကားပြောဖို့ကိုလ

မလုပ်ချင်။ တစ်ယောက်တည်း ကြံရာမရစွာ အခက်ကြီးခက်

တော့သည်။

အဲ

ဟုတ်ပြီ။

မြိန့်သတိရပြီ။

သူ

ရေချိုးနေတာပဲ။

မြိန့်မျက်ဝန်းလေးတွေက အဝတ်တန်းဆီ ဖျတ်ခနဲရောက်

သွား၏။ အဝတ်တန်းပေါ်တွင် မျက်နှာသုတ်ပဝါတစ်ထည်မျှ

တွေ့ရချေ။

မြိန့်

အဝတ်အစားဘီဒိုကိုဖွင့်ကာ မျက်နှာသုတ်ပဝါရှာမိသည်။

ဟင်

မြိန့်ရှာလို့မတွေ့ချေ။

ကောင်မလေးတွေများ ဘယ်ကိုနေရာရွှေ့ပြီး သိမ်းကြပါ

မှ။ မြိန့်ကြိုးစားပြီး အဝတ်ဘီဒို အကန့်တွေတစ်ခုပြီးတစ်ခုစီတွင်

ကျရှာသည်။ ဒါလည်းမတွေ့ပြန်။ သူရေချိုးပြီး ပြန်ထွက်လာလျှင်

သင့်သုတ်ဖို့အတွက် ထုတ်ပေးပါ့မယ်ဆိုမှ မျက်နှာသုတ်ပဝါ

က မတွေ့တော့။

မြိန့် အချိန်ကြာကြာစဉ်းစားမနေတော့။

အခန်းလေးထဲကနေထွက်ကာ အောက်ထပ်သို့ ကမျာ

ဆင်းခဲ့မိသည်။ လှေခါးထစ်အောက်ဆီအရောက် အလုပ်

ကောင်မလေး အထွေးက မျက်နှာသုတ်ပဝါများ တစ်ထပ်ကို

လျှက် လျှောက်လာတာတွေ့ရ၏။

"မမလေး ဘာလိုလို့လဲဟင်"

"မျက်နှာသုတ်ပဝါ"



စိုးမိုး - တာပေ

"ဒီမှာလေ မမလေး၊ မနက်က အဝတ်ဘီဒိုထဲမှာ အားလုံး ပြုလဲပြီး လုံးထွေးထိုးထည့်ထားတာတွေလို့ ဘယ်ဟာက လျှော်ပြီး သားလဲ ဘယ်ဟာက သုံးပြီးသားလဲမသိတာနဲ့ အကုန်လုံးထွေး စက်ထဲထည့်လျှော်ပြီး သုတ်စရာမရှိမှာစိုးလို့ ကမန်းကတန်း လာပို့ပေးမလို့"

"ဪ အေး ဟုတ်တယ်၊ ပေး ပေး အထွေး၊ မမလေး ယူသွားတော့မယ်"

"အပေါ်ထိ အထွေးလိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း နေပါစေအထွေး၊ ညစာသာ အဆင်သင့်ပြင် ထားလိုက်၊ ဦးမုန်းက ရေချိုးနေပြီဆိုတော့ သူရေချိုးပြီးတာနဲ့ စားတော့မှာ"

"ဪ ဟုတ်ကဲ့၊ အားလုံး အဆင်သင့်လုပ်ထားလိုက်ပါ့ မယ် မမလေး"

"အေး အေး အထွေး၊ မျက်နှာသုတ်ပဝါတွေ မမလေး ပေးထားခဲ့တော့"

"ဟုတ်ကဲ့"

မြိန့်တစ်ယောက် အထွေးလက်ထဲမှ မျက်နှာသုတ်ပဝါ အထပ်ကြီးကို လွှဲပြောင်းယူကာ အပေါ်ထပ်ဆီသို့ လှေခါး လေးများအတိုင်း ပြန်တက်ခဲ့လိုက်သည်။





မြိန့်စိတ်တွေ တထိတ်ထိတ်လှုပ်ရှားနေရ၏။ မြိန့်ကိုယ်မြိန့် ည်း သတိထားမိကာ ရှက်ပြုံးလေးပြုံးမိသည်။ မြိန့်ဘာကြောင့် လောက်ထိ ပြောင်းလဲသွားရသလဲဆိုတဲ့ မေးခွန်းကိုတော့ မြိန့် ေးချင်။

ဦးမုန်းရဲ့ သည်းခံနိုင်စွမ်းအားကြီးသော အချစ်တွေအောက် င် မြိန့်ရဲ့ သံမဏိလိုမာကျောနေသော မာနနှင့် အတ္တစိတ်တွေ ဖြည်းဖြည်း ညွတ်နူးပျော့ပျောင်းသွားခဲ့ရသည်။

မြိန့်အာရုံထဲတွင် သူ့ပုံရိပ်တွေက စိုးမိုးလာ၏။ မြိန့် က်မခံချင်လို့မရအောင် သူ့ချစ်ခြင်းမေတ္တာတွေရဲ့ လွှမ်းမိုးမှုအောက် င် ကျရှုံးခဲ့ရသည်။

မြိန့် ဝန်မခံရဲပေမယ့် သူနဲ့နောက်ထပ် အညိုးအမုန်းတွေ ချင်တော့ချေ။

မြိန့် အခန်းတံခါးလေးကို ဆွဲဖွင့်ပြီးဝင်လိုက်တော့

"ဟာ မြိန့်၊ ဒါ ဒါက"

မျက်နှာသုတ်ပဝါပိုင်း အထပ်လေးကိုပိုက်လျက် အခန်းထဲ င်လာတဲ့ မြိန့်ကိုကြည့်ပြီး မုန်းမာန်ပင် အံ့သြသွားရသည်။ သူလည်း လေးတင်ပဲ ရေချိုးခန်းလေးထဲကထွက်ပြီး ရေသုတ်ဖို့ မျက်နှာ တ်ပဝါယူဖို့ ဘီဒိုတံခါးတွေကိုဖွင့်ပြီး ရှာနေတာလေ။

"မျက်နှာသုတ်ပဝါက ဒီမှာ"

မြိန် သူ့ဆီလှမ်းမကြည့်ဘဲ ခေါင်းလေးငုံ့လျှိုးလျှက် မျက်နှာ
သုတ်ပဝါပိုင်းတစ်ခုအား လှမ်းပေးမိသည်။ သူက သူ့မလက်ထဲမှ
လှမ်းယူရင်း

"ကောင်မလေးတွေလျှော်ထားတာကိုး၊ ဒါကြောင့်
မတွေ့တာပဲ၊ ရေချိုးချင်တဲ့စိတ်နဲ့ အထဲကိုဝင်သွားမိတာ၊ အထဲ
သုတ်တဲ့ မျက်နှာသုတ်ပဝါကိုတောင် သတိထားမကြည့်မိဘူး

ကျေးဇူးတင်သောအနေနှင့် အသံခပ်တိုးတိုးနှင့် ဆိုလိုက်
သော သူ့စကားကြောင့် သူ့မျက်နှာဆီ မြိန် ဖျတ်ခနဲမော့ကြည့်မိ
အို။

တည်တင်းချောမွေ့နေသော သူ့မျက်နှာဆီက နုထွေး
အပြုံးယန်းတစ်ပွင့်ကြောင့် မြိန့်ရင်ကလေး စိမ့်ခနဲအေးတက်သွား
သည်။

"မြိန်ရော ရေချိုးမလို့မဟုတ်လား၊ သွားချိုးလေ
မင်းအကြာကြီးစောင့်နေရမှာစိုးလို့ ကိုယ် ကပျာကယာပဲ ချိုးခဲ့
မြိန်သွားချိုးတော့"

"ဟင့်အင်း မြိန် အမေတို့အိမ်မှာ ရေချိုးခဲ့ပြီးပြီ"
ဟာ။

မြိန့်စကားလေးကြောင့် မုန်းမာန်ရဲ့ ရင်တစ်ခုလုံး ထ
ဟာတက်သွားရသည်။





မြိန်ရေချိုးပြီးပြီတဲ့။

ဒါဆို

ဒီမျက်နှာသုတ်ပဝါပိုင်းတွေ တကူးတက သွားယူလာတဲ့
အကြောင်းအရင်းက ဘာများလဲ။

မုန်းမာန် မစဉ်းစားတတ်တော့။

မြိန်က သူ့အတွက်ကြောင့်နှင့်တော့ စေတနာမေတ္တာတွေ
တရဟောနှင့် တကူးတက သွားယူပေးတာဆိုတာတော့ မဖြစ်နိုင်
ပါ။ မြိန် သူ့ကို ဘယ်တုန်းကမှ မေတ္တာမထားနိုင်ခဲ့တာ သူအသိဆုံး
ပဲဟာ။

"ရေသုတ်ပြီးရင် အဝတ်အစားမြန်မြန်လဲတော့လေ၊
ခုတင်ခြေရင်းမှာ ဝတ်စုံထုတ်ပေးထားတယ်"

"ဩော် အင်း"

သူ

ခေါင်းကိုဆတ်ခနဲညိတ်လိုက်ပြီး နှစ်ယောက်အိပ်မင်္ဂလာ
ခုတင်ခြေရင်းဘက်ဆီ လှမ်းကြည့်တော့ မြိန်အသင့်ထုတ်ပေးထား
သည့် အိမ်နေရင်းဝတ်စုံလေးက ရှိနေ၏။

မြိန်ရယ်။

ဒါ အိပ်မက်တစ်ခုလားဟင်။

ဒါမှမဟုတ် အချိုသတ်မှုတစ်ခုလား။

ကိုယ်မစဉ်းစားတတ်တော့ဘူး မြိန်ရယ်။

သေချာတာကတော့ ကိုယ့်စိတ်တွေ မယုံမရဲစိတ်နဲ့ တအား
ကိုပဲ လှုပ်ရှားနေတော့တာပဲကွာ။

✡ ✡ ✡



## အခန်း (၁၈)

ညစာထမင်းစားဝိုင်းလေးတွင်လည်း မြိန်အသွင်လေးက သိမသာလေး ပြောင်းလဲနေ၏။ အရင်ကဆိုလျှင် သူရှိနေ ဘက်သို့ စောင်းငဲ့ကြည့်ဖို့နေနေသာသာ သူမအားသေးလျှင်ပင် ောင့်ဘဲ အရင်စားနေတတ်သော မြိန်ပါ။

သူမစားသောက်လို့ဝပြီဆိုလျှင်လည်း နေရာကနေ ချင်းထသွားတတ်၏။ အားနာပါးနာနှင့်ပင် ညစာချက်ပြုတ် မွေးသော မုန်းမာန်ကိုပင် မျက်လုံးထဲမထည့် တစ်ယောက် ည်း ချန်ရစ်ခဲ့တတ်၏။

ခုတော့

သူနှင့်လက်လှမ်းမမှီလောက်သော ဟင်းခွက်များကို နိုင်အောင် အနီးသို့ ပြောင်းရွှေ့ကာ ဘာစကားမှမပြောဘဲ

တိတ်ဆိတ်စွာ သူနှင့်အတူ ထမင်းလက်ဆုံစားနေခဲ့၏။

သူ

မြိန့်ဆီ မသိမသာလေး အကဲခတ်နေမိ၏။

ဒါကို

မြိန်ကတော့ သတိထားမိမည် မဟုတ်ချေ။

မျက်လွှာလေးအောက်ချကာ ထမင်းကိုသာ အေးဆေးငြိမ်သက်စွာပင်စားနေသည်။

"မြိန်"

"ရှင်"

"ပုဇွန်ထုပ်တွေထည့်စားလေ၊ မြိန်က ပုဇွန်ထုပ်ဟင်းဆိုရင် အရမ်းကြိုက်တာဆို"

"မြိန်စားပါတယ်"

ပြန်ဖြေသံလေးက နူးနူးညံ့ညံ့။

အရင်ကလို ဒေါသကြီးတဲ့အသွင်က အလျဉ်းပျောက်ကွယ်နေသည်။ ဒေါသသံစူးစူးက ဘယ်ဆီရောက်သွားမှန်းပင်မသိ။

မြိန်။

ဘာတွေဖြစ်နေတာလဲ။

မြိန်အသွင်လေးက ထူးခြားနေတာတော့အမှန်ပင်။

ဘာရယ်ကြောင့်ဆိုတာ မသိပေမယ့် မုန်းမာန်ရဲ့စိတ်ထဲမှာ





သော့ တထိတ်ထိတ်နှင့်ရှိနေရ၏။

ဟိုတစ်နေ့ကလည်း

ကော်ဖီဆိုင်လေးထဲမှာ မြိန့်နဲ့ သူကောင်လေး အတူတူထိုင်နေတာကို မုန်းမာန် မထင်မှတ်ဘဲ တွေ့ခဲ့ရသည်။ မြိန့်ကို တစ်ခုခုမေးချင်သော်လည်း အမှန်အတိုင်းဝန်ခံလာမည့် မြိန်အဖြေကို မကြားရဲ၍ပင် သူဘာတစ်ခုမှ မမေးရဲခဲ့ချေ။

မနေ့ကမနက်ကလည်း မြိန်တစ်ယောက် သူချစ်သူနှင့်ဖုန်းတွေဆက်နေ၏။ သူသိသွားတာကို မြိန် စိတ်မလုံမလဲဖြစ်ကာမျက်နှာလေးပျက်နေသည်။ ဇာမဏီဆီကို ဆက်နေတာမှန်းသိလျက်နှင့် သူမေးမိတော့ မြိန် ဒေါသတွေပေါက်ကွဲနေ၏။

သူမလေးရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လိုက်ပြီးထိန်းချုပ်နေသည်ဟု သံသယဝင်ကာ မျက်နှာချင်းပင်မဆိုင်ဘဲ ရှောင်နေသည်။ မုန်းမာန် သူ့အမှားကိုသိ၍ ချက်ချင်းတောင်းပန်လိုက်ပေမယ့် ဒေါသမယ်လေး မြိန်ကတော့ ခွင့်လွှတ်သည့် အရိပ်အယောင်ပင်မပြချေ။

ဒီနေ့

မြိန့်အမေအိမ်ကနေ ပြန်လာမှ အခြေအနေတွေအားလုံးကယုံကြည်နိုင်အောင်ဘဲ ပြောင်းလဲနေခဲ့သည်။

သူ့အတွက်

အောက်ထပ်သို့ အကူးတကဆင်းပြီး မျက်နှာသုတ်ပဝါ သွားယူပေးခဲ့သလို။ အိမ်နေရင်းဝတ်စုံတစ်စုံကို အဆင်သင့်ထုတ်ပေး ထား၏။ ထမင်းစားဝိုင်းတွင်ထိုင်တော့လည်း သူ့ပန်းကန်ပြားထဲ ထမင်းလေးတွေ ခူးခပ်ထည့်ပေးသေးသည်။

ဟင်းခွက်များ နေရာပြင်ရွှေ့ပေး၏။ သူ့ပန်းကန်ထဲ ခပ် မထည့်ပေးတာကလွဲပြီး သူမ ဂရုတစိုက်လေးလုပ်ပေးလာသည်။

ဘာကြောင့်များလဲ။

မြိန့် ထူးခြားနေတာတော့အမှန်ပင်။

ရုတ်တရက်ကြီး ပြောင်းလဲနေတဲ့ မြိန့်အသွင်လေးက ဂရု မစိုက်ဘဲ နေလို့မှမရတာ။

မြိန့်ရယ်။

မင်းကိုယ့်ကို ဟန်ဆောင်ကောင်းကောင်းနဲ့ ဆက်ဆံပြနေ တာ ဇာမဏီကြောင့်လားကွာ။ မင်းရဲ့အကြောင်းတွေကို အန်တီနဲ့ အန်ကယ့်ကို ကိုယ်သွားပြောမှာစိုးလို့ အခုလိုမျိုး စိတ်မပါဘဲနဲ့ သရုပ်ဆောင်ကောင်းပြနေတာလား မြိန့်လေးရယ်။

ဟုတ်မှာပါ။

အဲ့ဒါကြောင့်ပဲဖြစ်မှာပါ။

မင်းက ဇာမဏီကို အရမ်းချစ်တာလေ။

မင်းရဲ့ချစ်သူနဲ့ လမ်းခွဲခဲ့ရတဲ့အတွက် မင်း တစ်ချိန်လုံး





ဝမ်းနည်းကြေကွဲနေခဲ့ရတယ်ဆိုတာ ကိုယ်အသိဆုံးပဲဟာ။ အကြမ်း နည်းတွေ ဘယ်လောက်ပဲသုံးသုံး ကိုယ်ဘက်က အလျှော့မပေးခဲ့လို့ အနုနည်းနဲ့ ချော့မော့ပြီး အသနားခံမလို့ အခုလိုတွေ လုပ်နေတာ မဟုတ်လား မြိန့်ရယ်။

ကိုယ်သိပါတယ်။

မင်းကိုယ့်ကို ဘယ်လောက်မုန်းတယ်ဆိုတာ ကိုယ်သိပါ တယ်။

ဒါကို

အလိုက်တသိလေး ကြင်နာပြနေတာ မင်းကိုယ့်ဆီက တစ်ခုခုကို တောင်းဆိုတော့မလို့ မဟုတ်လားဟင်။

မြိန့်ရယ်။

ရက်စက်လိုက်တာကွာ။

ကိုယ့်အချစ်တွေကို မင်းရဲ့မျက်လုံးထဲ နည်းနည်းလေးမှ တောင် မထည့်နိုင်တော့ဘူးလား မြိန့်ရယ်။

တကယ်ဆိုရင်

ကိုယ်မင်းကို သိပ်ချစ်ခဲ့တာပါ။

ငွေကြေးတွေနဲ့ပုံပေးပြီး ရယူခဲ့တယ်ဆိုပေမယ့် ကိုယ် တကယ်ပဲ မြတ်နိုးတန်ဖိုးထားလို့ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခဲ့တာ ပါ မြိန့်ရယ်။ ကိုယ့်အနားမှာ မင်းလေးသာရှိနေရင် ကျေနပ်ပြီဆိုတဲ့

ဖြေသိမ့်မှုလေးတစ်ခုကလွဲရင် မင်းစိတ်တွေ ရှုပ်ထွေးနောက်ကျိ မယ့် ဘယ်လိုအပြုအမူမျိုးကိုမှ ကိုယ် မကျူးလွန်ခဲ့ဘူးဆိုတာ မြိန် အသိပါပဲလေ။

ဒါနဲ့များတောင်

မြိန့်ဘက်က လမ်းခွဲနိုင်မယ့် အခြေအနေလေးကိုပဲ နည်းမျိုး စုံသုံးပြီး ကြိုးစားတာဆိုရင်တော့ မြိန်မတရားဘူးကွာ။

သူ

အတွေးတွေနှင့်အတူ ရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်လာ ရ၏။ မြိန်မျက်နှာလေးဆီလည်း ဆက်ပြီးမကြည့်ရဲတော့ချေ။ ထမင်း လည်းဆက်ပြီး စားချင်စိတ်မရှိတော့။ ဖွန်းနှင့်ခက်ရင်းကို ညင်သာစွာ ချပြီး သောက်ရေခွက်လေးထဲ ရေကို ငုံ့ထည့်လိုက်မိသည်။

ပြီးနောက်

ရေဖန်ခွက်လေးကို တစ်ရှိန်ထိုးမော့သောက်လိုက်မိ၏

"တော်ပြီလားဟင် ဦးမုန်း"

မြိန်က သူ့ဘက်လှည့်စောင်းကြည့်ကာ တအံ့တဩမေး လာ၏။

"ကိုယ် ဗိုက်နည်းနည်းပြည့်နေတယ် မြိန်"

ပြောပြီးတာနှင့် ထမင်းစားဝိုင်းလေးကထကာ သူ အပြင် သို့ထွက်သွား၏။





သူ့အပြုအမူကို မြိန်နားမလည်နိုင်။

ဘယ်တုန်းကများ မြိန်ကို အခုလိုတစ်ယောက်တည်း ားခဲ့ပြီး ရှောင်ခွာထွက်သွားတတ်လို့လဲ။ မြိန်ကသာ သူ့နဲ့ မျက်နှာ င်းမဆိုင်ချင်၍ ထပြီးထွက်ထွက်သွားတတ်တာလေ။ ဦးမုန်းက ခြတမ်း ချန်ထားရစ်ခံရသူပဲ။

ဒီတစ်ခါတော့

ဦးမုန်းရဲ့အသွင်က ပြောင်းလဲနေ၏။

မြိန်လိုက်လျောတာများသွားလို့များ ဦးမုန်းတစ်ယောက် န်တက်သွားတာများလား။ အခုချိန်ထိ မြိန်ဘာအမှားအယွင်းကိုမျှ ုပ်မိသေးချေ။ အမေ့ဆန္ဒအတိုင်းရော မြိန်ကိုယ်တိုင်ကပါ စိတ်လို ာ်ရ သူနဲ့ ရင်းနှီးမှုလေး ရယူချင်တာကြောင့် မြိန် မာနတွေနဲ့ ဍ္ဍတွေကိုလျှော့ကာ အလိုက်သင့်လေး ဆက်ဆံမိသည်။

ဒါကို

မြိန်ကလိုက်မှန်းသိ၍ သူက တမင်ပြေးချင်တာလား။

မြိန် လှပသော နှုတ်ခမ်းလေးများကို စူထော်လိုက်မိသည်။

တစ်ယောက်တည်းရှိနေရသော ထမင်းစားဝိုင်းကနေထ ာ အပြင်သို့ထွက်ခဲ့လိုက်၏။

မြိန်မျက်နှာလေးပေါ်မှာ ဦးမုန်းအပေါ် မကျေနပ်ရိပ်လေး း ပြည့်လျှံနေရသည်။ မြိန်ရဲ့ပြောင်းလဲမှုကို အသိအမှတ်မပြုချင်

တဲ့ သဘောကြောင့် တမင်ရှောင်ထွက်သွားသလားဆိုတဲ့ အတွေးမျိုး စိတ်ကောက်ချင်လာရ၏။ သို့သော် မြိန် စိတ်မကောက်ဖြစ်ပါ။ ဦးမုန်းရဲ့ ပေးဆပ်ချစ်တွေအတွက် အခုချိန်မှာ မြိန်ဘက်က တလှည့် ပြန်နားလည်ပေးနိုင်ဖို့သာ ဆုံးဖြတ်ထားမိသည်။

မြိန်

အပေါ်ထပ်အခန်းလေးဆီသို့ တက်လာခဲ့မိသည်။ အခန်း တံခါးလေးကို တွန်းဖွင့်ကာဝင်လိုက်၏။

ဟင်။

မြိန် အံ့သြသွားရသည်။

အခန်းထဲမှာ ဦးမုန်းကိုမတွေ့ရချေ။

အောက်ထပ်က ဧည့်ခန်းထဲမှာလည်း သူမရှိပါဘူး။ အဲဒါ ကိုတော့ မြိန် သတိထားမိသည်။ မြိန်ထင်တာက အလုပ်များ စိတ်ဖိစီးမှုတွေ အရမ်းများပြီး ပင်ပန်း၍ အပေါ်ထပ်အခန်းထဲမှာ အနားယူနေမှာပဲလို့လေ။

ခုတော့

အခန်းထဲမှာလည်း ဦးမုန်းကမရှိပေ။

ဦးမုန်းဘာတွေဖြစ်နေပါလိမ့်။

မြိန်ကြောင့်နှင့်တော့ ဦးမုန်း အခုလိုဖြစ်စရာ အကြောင်း မရှိနိုင်ပါ။ မြိန် အခုချိန်ထိ ဘာအမှားအယွင်းမျိုးကိုမှ မလုပ်မိ





သေးချေ။ သူနဲ့ အရင်ကလိုတောင် ခပ်စိမ်းစိမ်းကြီးနေတာ မဟုတ် ဘူးလေ။ မြိန်ဘက်က အတတ်နိုင်ဆုံး လိုက်လိုက်လျောလျောနဲ့ ဆက်ဆံနေတာပဲဟာ။

နေပါဦး။

သူတစ်ခုခုဖြစ်နေတာတော့ အသေအချာပါပဲ။

မြိန်။

အခန်းလေးထဲကနေ ပြန်ထွက်ပြီး သူ့ကို ရှာကြည့်ဖို့ ဆုံးဖြတ်မိသည်။

ခြံထဲကိုများဆင်းသွားသလား။

တစ်ခါတစ်ရံ

သူ့စိတ်တွေ တအားညစ်နေလျှင် ခြံထဲဆင်းပြီး လမ်း လျှောက်နေတတ်သည်။ တစ်ခါတလေ ခြံထဲက ဒါန်းပုခက်လေး ထိုင်ကာ ဆေးလိပ်လေးဖွာလျက် တစ်ယောက်တည်းရှိနေတတ် ၏။

အခုလည်း ခြံထဲကိုပဲ ထွက်သွားတာဖြစ်နိုင်သည်။

မြိန်တစ်ယောက်

ခြံထဲတွင် သူရှိနေမလားဆိုတာကိုကြည့်ဖို့ အပေါ်ထပ်က ဝရန်တာလေးဆီသို့ လျှောက်လာခဲ့လိုက်၏။

ဟယ်။

မြိန် မျက်နက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။ လျှ
လက်စခြေလှမ်းလေးတွေ ရပ်တန့်သွားရ၏။

ဦးမှန်းမာန်ရယ်လေ။

ဝရန်တာလက်ရမ်းလေးကို လက်နှစ်ဘက်နှင့်ဆုပ်ကိုင်
ခြံကျယ်ကြီးဆီ မျက်နှာလေးမူကာ တစ်ယောက်တည်း ငြိမ်သက်
ငေးမောရပ်ကြည့်နေ၏။ မြိန်က သူခြံထဲဆင်းသွားသည်ဟုထင်
တာ အခုတော့ ဝရံတာလေးပေါ်မှာ သူရှိနေသည်။ မြိန်ရောက်နေ
ကိုပင် သူ သတိမထားမိချေ။

ခြံကြီးထဲကိုသာ စူးစူးနစ်နစ်လေး စိုက်ကြည့်နေခဲ့သည်

“ဦးမှန်း”

ဟင်။

ခေါ်သံသဲ့သဲ့ကြောင့် သူလှည့်ကြည့်မိ၏။

“မြိန်”

“ဦးမှန်းခြံထဲဆင်းသွားတယ်ထင်နေတာ၊ ဒီကိုရောက်
တာကို”

မှန်းမာန် ခေါင်းလေးပဲညိတ်ပြမိသည်။

မြိန်။

ကိုယ့်ကို မင်းလိုက်ရှာနေတာလား။

ကိုယ်ရှိနေတတ်တဲ့ နေရာလေးတွေတိုင်းကို မင်းရှော





တတ်တာ ထုံးစံပဲဟာ။ ဒါကို ကိုယ့်ရှေ့ရောက်လာခဲ့တယ်ဆိုတာ
ထူးခြားမနေဘူးလားဟင်။

ဘာကြောင့်လဲ မြိန်။

ကိုယ့်ဆီက ဘာတွေတောင်းဆိုစရာရှိနေလို့ ကိုယ့်ရှေ့ကို
ရောက်လာခဲ့ရတာလဲ။

ဘာလဲ။

ကိုယ့်ကိုလမ်းခွဲပေးခိုင်းမလို့လား။

ဇာမဏီဆီကို သွားခွင့်ပြုပါလို့ အသနားခံမလို့လား မြိန်။

“ဦးမှန်း”

“ဟင်”

“ဦးမှန်း တစ်ခုခုဖြစ်နေလားဟင်”

“ဘာရယ်”

“မြိန်နဲ့ပတ်သက်ပြီး ပြောစရာမရှိဘူးလားဟင်၊ ဦးမှန်း”

“ကိုယ် ကိုယ်က”

“ပြောပါ ဦးမှန်း၊ ပြောစရာရှိတယ်ဆိုရင် ပွင့်ပွင့်လင်း
လင်းပဲပြောပါ၊ မေးစရာရှိရင်လည်း ပြတ်ပြတ်သားသားပဲ မေးလိုက်
ပါ ဦးမှန်း”

“မြိန်”

သူအလန့်တကြား တားဆီးလိုက်မိသည်။

ဘာကိုလဲ။

ဘာကိုမေးစေချင်တာပဲ။

မမေးချင်ဘူး။

ကိုယ် ဘာမှမသိချင်ဘူး မြန်။

မင်းဆီကဖြေရှင်းပြလာမယ့် ဘယ်လိုအကြောင်းအရာ ကိုမှ ကိုယ်သိလည်း မသိချင်ဘူး။ ကြားလည်းမကြားချင်ဘူး မြန်။

အဲ့ဒါ ကိုယ့်ရဲ့ တစ်ခုတည်းသောအားနည်းချက်ပဲ။

မင်းနဲ့ဝေးရမယ်ဆိုတဲ့အချက်ကို ကိုယ်ဆီမှာ လက်ခံနိုင် အင်အား လုံးဝမရှိဘူးကွာ။

ခွင့်လွှတ်ပါ မြန်။

ကိုယ်ကို မင်းနားလည်ပေးပါကွာ။

"ဦးမှန်း မြန်ပြောနေတာကြားရဲ့လား"

"ကိုယ့်မှာ ဘာမေးစရာ မေးခွန်းမှမရှိဘူး မြန်"

"ရှင်"

"ဘာအကြောင်းအရာကိုမှလည်း မသိချင်ဘူး၊ အခု မှာ ကိုယ်တစ်ယောက်တည်းပဲ အေးအေးဆေးဆေးနေချင် မြန်၊ ကိုယ့်ကို ခွင့်ပြုပါ"

ဦးမှန်းရယ်။





ရှင်ဘာတွေကို ကြောက်ရွံ့နေရတာလဲ။

တကယ်ဆို

မြန်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ရှင်နည်းနည်း ဘာ့ မေးသင့်တာပေါ့။

အခုတော့။

✡ ✡ ✡

# အခန်း (၁၉)

"ကိုယ်မှားနေပြီလားဟင် လေးမြတ်၊ မြန့်ရင်ထဲက ခံ
ချက်တွေကို မသိချင်ဟန်ဆောင်ပြီး ကိုယ့်အတ္တအတိုင်း အ
ခေါ်တားမိတာ ကိုယ် အရမ်းမှားနေလားကွာ၊ သူ့ကို လက်ထပ်
ငါတရားရဲ့လား လေးမြတ်ရယ်"

မုန်းမာန်ရာ ငါမင်းကို ဘယ်လိုပြန်ဖြေရမလဲကွာ

တကယ်ဆို

မင်းမမှားပါဘူး မုန်းမာန် မင်းသိပ်ချစ်တဲ့ မိန်းက
ပိုင်ပိုင်ခွင့်ရအောင်ကြိုးစားတာ အမှန်တရားပါပဲ။ အ
နည်းလမ်းနဲ့ပဲဖြစ်ဖြစ် သူ့ရှိမှပြည့်စုံမယ်ထင်လို့ မင်းဆုံးဖြတ်
ခဲ့တာပဲ မဟုတ်လား။

ဒါပေမယ့်





မင်းမှားနေတာ အခုလို သောကရောက်ရမယ်မှန်း သိသိ
ကြီးနဲ့ ဖွတ်တိုးခဲ့ပြီးမှ နောင်တရသလိုလေသံနဲ့ ငြီးတွားလိုက်တာပဲ။

ရှေ့ဆက်လှမ်းမယ့် ခြေလှမ်းတွေကို မင်းရပ်တန့်ဖို့ စဉ်းစား
နေတာလား မုန်းမာန်။ မြန့်ကို မင်းတကယ်ရော စွန့်လွှတ်နိုင်လို့
လား။ သူချစ်သူကောင်လေးရဲ့ လက်ထဲကို မင်းပြန်ထည့်ဖို့ စဉ်းစား
နေတာလား မုန်းမာန်ရာ။ မင်း ဘာတွေလျှောက်တွေးနေတာလဲကွာ။

"လေးမြတ်"

"ပြောလေ မုန်းမာန်"

"ငါ မြန့်ကို တကယ်ပဲချစ်ခဲ့တာပါ"

မုန်းမာန်ရယ်။

"မြန့်ကိုဆုံးရှုံးလိုက်ရမှာကြောက်လို့ သူမှာချစ်ရမယ့်သူ
ရှိနေတာ သိသိကြီးနဲ့ ပိုင်ဆိုင်ခွင့်ရအောင် ငါကြိုးစားခဲ့တယ်
လေးမြတ်၊ အဲ့ဒီအတွက် မြန်က ငါ့ကို အရမ်းနာကြည်းမုန်းတီးနေ
မယ်လေ"

"ဘာလဲ မုန်းမာန်၊ သူမချစ်တာကို အခုတော့ မင်းမခံ
နိုင်တော့ဘူးလား၊ မင်း သူ့ကို စိတ်ဓာတ်တွေကျချင်နေတာ
ဟုတ်လား မုန်းမာန်"

"ဟင်"

"အစကတည်းက အမုန်းတွေနဲ့ တည်ဆောက်ခဲ့တဲ့ အိမ်

ဆောင်ရေးတစ်ခုကို မင်း အခုအချိန်မှ ဘာတွေအဆန်းထွင်ပြီး ပြင်ဆင်ချင်လို့လဲ မုန်းမာန်၊ မြိန့်ကို လက်ထပ်ဖို့ရွေးခဲ့တာ သူ့ဆီက ဘယ်လိုတုန့်ပြန်မှုပဲရရ ငါခံယူရဲတာယ်ဆိုကွာ၊ အခုမှ ဘာတွေတွေး ချင်နေရတာလဲ”

လေးမြတ်ရဲ့စကားတွေက မှန်နေသဖြင့် မုန်းမာန် ဘာမှ ပြန်မပြောနိုင်ခဲ့ချေ။ ငယ်ငယ်လေးကတည်းက အတူစား အတူကြီး ပြင်းလာခဲ့ကြတဲ့ အိမ်နီးနားချင်း သူငယ်ချင်းတွေပါ။ နှစ်တွေဘယ် လောက်ပဲပြောင်းပြောင်း အခြေအနေတွေ ဘယ်လောက်ပဲ ပြောင်းလဲ သွားပါစေ သူငယ်ချင်းနှစ်ယောက်ရဲ့ ချစ်ခင်လေးစားမှုကတော့ ယခုတိုင် တည်မြဲနေဆဲပင်။

မိဘတွေက ချမ်းသာသူများပီပီ သားတွေရဲ့အနာဂတ်ကို အကောင်းဆုံး အထောက်အပံ့ပေးနိုင်ကြသဖြင့် လွယ်ကူစွာပင် စီးပွားရေးလုပ်ငန်းတွေထဲ လေးမြတ်ရော သူပါ တိုးဝင်နိုင်ခဲ့၏။

အောင်မြင်မှုတွေလည်း အသီးသီးရယူနိုင်ခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းမှာ အပြိုင်အဆိုင်ကြိုးစားတာမှန်ပေမယ့် သူငယ် ချင်းနှစ်ယောက်ရဲ့ ခင်မင်မှုကတော့ ဘယ်လိုအတားအဆီးမျိုးကြောင့် မှ ပျက်စီးယိုင်နဲ့ခဲ့ခြင်းမရှိပေ။

တစ်ယောက်စိတ်ကို တစ်ယောက်က သိနားလည်နေကြ တာမို့လည်း အကြောင်းကိစ္စကြီးငယ်ရှိပါက ညီအစ်ကိုရင်းချာများ





သဖွယ် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ်တောင်း ခံတတ်ကြ၏။

လေးမြတ်မိန်းမယူတုန်းကလည်း သူ့ကို အပွင့်လင်းဆုံး တိုင်ပင်ခဲ့သလို မြိန့်ကို လက်ထပ်ရယူမည့်အကြောင်းကိုလည်း မုန်းမာန် အရိုးသားဆုံးဝန်ခံခဲ့သည်။

“မုန်းမာန်”

“လေးမြတ်”

“မင်း အရှမ်းခံစားနေရမယ်ဆိုတာကို ငါနားလည်ပါ တယ် မုန်းမာန်ရယ်၊ ဒါပေမယ့် ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရတဲ့ မင်းရဲ့အိမ်ထောင်ရေးကို အလွယ်တကူ ဖျက်ဆီးပစ်ဖို့တော့ ငါ အားမပေးနိုင်ဘူးကွာ၊ မင်းကို သေသေချာချာ လေးလေးနက်နက်နဲ့ ပြန်စဉ်းစားစေချင်တယ် မုန်းမာန်၊ မြိန့်ကို မင်း ဒီထက်ပိုပြီး နားလည် ပေးလိုက်ပါကွာ၊ အချိန်ဆိုတာ တန်ဖိုးအရှိဆုံးအရာပါ၊ တစ်နေ့ နေ့ တစ်ချိန်ချိန်ကြရင် မင်းရဲ့အချစ်တွေကို မြိန့် နားလည်လာပါလိမ့် မယ်၊ မြိန့် အသေအချာပြောင်းလဲလာမှာပါကွာ”

လေးမြတ်ရယ်။

မင်းစေတနာကို ငါနားလည်ပါတယ်ကွာ။

မင်းပြောသလိုပါပဲ။ ငါလည်း မြိန့်ကို တကယ်တမ်း ဒုန့်လွှတ်ပေးလိုက်ရမှာကို ဘယ်လိုမှ လက်မခံချင်တဲ့သူပါကွာ။

မြိန့်ကိုထင်တာထက်ပိုပြီး ချစ်နေမိလို့လည်း ကိုယ့်ကိုယ်တောင် အံ့ဩနေမိတယ် လေးမြတ်ရယ်။

ဒါပေမယ့်

ငါရဲ့လုပ်ရပ်တွေ သူ့အပေါ်မှာ တရားမျှတမှုမှရှိရဲ့လား ဟင်။

ငါကတော့ ကိုယ့်စိတ်တိုင်းကျ အရာအားလုံးကို ဖန်တီး ပိုင်ဆိုင်ခွင့်ရလို့ စိတ်ဖြေသိမ့်နိုင်ပေမယ့် မြိန့်ကတော့ ငါနဲ့ဆန့်ကျင် ဘက် ခံစားချက်တွေနဲ့ ရှင်သန်နေရတယ်ကွာ။ ငါ့ကြောင့် မြိန့် တစ်ချိန်လုံး ပျော်ရွှင်မှုတွေ ကင်းမဲ့နေခဲ့ရတယ် လေးမြတ်ရယ်။

အဲဒီ့အချက်ကိုတွေးမိတိုင်း ရင်နာလို့မဆုံးအောင်ပဲကွာ။

မင်းပြောသလိုပဲ ငါတွေဝေနေရတယ် လေးမြတ်။

မြိန့်က

အရင်ကလို ငါအပေါ် စိမ်းကားမုန်းတီးနေတယ်ဆိုရင် တောင် ငါ ခေါင်းမော့ရင်ကော့ပြီး ကြည့်နေနိုင်သေးတယ်။

ခုတော့

မြိန့် အရမ်းပြောင်းလဲသွားတယ် လေးမြတ်ရယ်။

ငါအပေါ် ရင့်ရင့်သီးသီး မဆက်ဆံတော့ဘူး။ စကား မပြောဘဲ တမင်ရှောင်ထွက်ပြီး ခပ်စိမ်းစိမ်း မဆက်ဆံတော့ဘူး။ အလိုက်အထိုက် ပြောဆိုလာတယ် လေးမြတ်။





အဲ့ဒါတွေအားလုံးက

ဓာမဏီနဲ့ သူတွေဆုံပြီးနောက်ပိုင်းမှ ပြောင်းလဲလာတာ။ ာမဏီနဲ့ ဖုန်းခိုးပြောနေတာကို ငါတွေ့သွားတဲ့နောက်မှာ သူ့အခုလို ှတ်တရက်ကြီး ပြောင်းလဲသွားတာလေ။ အန်ကယ်နဲ့ အန်တီဆီ ီသတင်းပေါက်ကြားသွားမှာကို စိုးရိမ်ပြီး သူ ငါ့အပေါ် ဟန်ဆောင် ကောင်းပြနေတယ်ဆိုတဲ့ အချက်ကို ငါသိနေတယ် လေးမြတ်ရယ်။

အဲ့ဒါကြောင့်

ငါတစ်ယောက်တည်း ကြိတ်ပြီးခံစားနာကျင်နေရတာပေါ့ ွာ။ မြိန့်ကို သနားတဲ့စိတ်နဲ့ ငါ ရင်တွေကွဲကြေမတတ် ခံစားနေရ ာယ် လေးမြတ်ရာ။

"မုန်းမာန်"

"ဟင်"

"မင်းဘာမဟုတ်တာတွေ လျှောက်စဉ်းစားနေတာလဲ ုန်းမာန်"

"....."

မုန်းမာန်မဖြေနိုင်။

ကြေကွဲနင့်သည်းသော မျက်ဝန်းတွေနှင့်သာ လေးမြတ် ျက်နှာဆီ စူးစူးလေးစိုက်ကြည့်နေမိသည်။

"ပြောလေ မုန်းမာန်၊ မင်း ဘာမဟုတ်တာတွေလုပ်ဖို့

စိတ်ကူးနေတာလဲ၊ မင်းအခုလောက် အတွေးလွန်ပြီး ငြိမ်သက်နေတာမျိုး ငါတစ်ခါမှ မတွေ့ရဘူးလို့ အရမ်းကို စိုးရိမ်တယ် မုန်းမာန်"

"လေးမြတ်"

"ပြော"

"ငါ မြိန့်ကို ကွာရှင်းပေးလိုက်တော့မယ်"

"ဘာ ဘာပြောတယ်"

"ငါနဲ့နေရင် သူဘယ်တော့မှ ပျော်ရွှင်မှာမဟုတ်ဘူး လေးမြတ်၊ ငါဆုံးဖြတ်လိုက်ပြီ"

"မင်း မင်း ဘာတွေလျှောက်ပြောနေတာလဲ မုန်းမာန် ဒါ အပျော်တမ်းစနောက်စရာမဟုတ်ဘူးကွ"

"ငါတကယ်ပြောနေတာ လေးမြတ်၊ မြိန့်ကို သူချစ်သူဇာမဏီဆီ ငါသွားခွင့်ပြုလိုက်တော့မယ်"

"ဟာကွာ မဟုတ်တာ"

"မြိန့်ကို ငါသိပ်ချစ်တယ် လေးမြတ်၊ ရင်ထဲကနေနင့်သည်းနေအောင်ကို ငါချစ်တယ်၊ ဒါပေမယ့် ငါ့ဘက်ကတစ်ဖက်သတ်ပေးဆပ်ချင်နေပေမယ့် သူကမှ လက်ခံရယူလိုခြင်းမရှိတာ၊ ငါ့ဘက်က ဘယ်လောက်ပဲ ပေးစွမ်းနေနေ သူလက်ခံရရှိတာတော့ နာကျင်မှုနဲ့ ဝမ်းနည်းကြေကွဲမှုတွေချည်းပဲ လေးမြတ်"

လေးမြတ်က သူ့စကားကိုနားထောင်ပြီး ခေါင်းလေး





အဆုတ်မပြတ် ခါယမ်းနေခဲ့သည်။

"မင်း သူ့ကို တကယ်စွန့်လွှတ်နိုင်လို့လား မုန်းမာန်၊ အချစ်ဆိုတာ သူများသတ်တာထက် ကိုယ့်စိတ်နဲ့ကိုယ် အဆုံးသတ်တာ ပိုပြီး အခံစားရဆုံးနဲ့ အနာကျင်ရဆုံးပဲ မုန်းမာန်၊ မြိန့်ကို မင်းဘယ်လောက်ချစ်သလဲဆိုတာ မင်းရဲ့စိတ်ကို အနီးကပ်ဆုံး နားလည်ပေးနိုင်တဲ့ ငါအသိဆုံးပါကွာ၊ အဓိပ္ပါယ်မရှိတဲ့ အတွေးတွေနဲ့ မင်းလျှောက်လုပ်ဖို့ မစဉ်းစားစမ်းပါနဲ့၊ ခံစားစရာရှိရင် ကိုယ်ပဲ ရင်နင့်အောင် ခံစားရတာကွ"

"ငါ မြိန့်ကိုသနားတယ်"

"မုန်းမာန်"

"ငါ့အနားမှာနေပြီး သူတစ်ချိန်လုံး စိတ်ညစ်နေရတာကို ငါမကြည့်ရက်ဘူး လေးမြတ်ရယ်"

မုန်းမာန်။

တကယ်ပဲ ဆုံးဖြတ်လိုက်တာပါ။

မြိန့်ကို ဒီထက်ပိုပြီး ခံစားမှုတွေ မပေးချင်တော့။

ဟန်ဆောင်မှုတွေနဲ့ ရှင်သန်နေရတဲ့ မြိန့်ကိုကြည့်ရင်း အတွေးကြီးတဲ့ ဆုံးဖြတ်ချက်ကို လွယ်လင့်တကူ ချခဲ့မိတဲ့ သူ့ရဲ့လုပ်ရပ်လေးကို နောင်တရလို့မဆုံးတော့ပါချေ။

"မင်း တကယ်ပဲ အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်ပြီလား

မုန်းမာန်"

"အင်း"

"မင်းကွာရှင်းပေးလိုက်ရင် မြိန် စိတ်ချမ်းသာမယ်လို့ မင်းထင်တယ်ပေါ့လေ"

"သူ့အရမ်းကို လွှတ်လပ်ပေါ့ပါးသွားမှာပါ"

"တကယ်လို့ မင်းထင်သလို မဖြစ်ရင်ရော မုန်းမာန်"

"ဟင်"

လေးမြတ်ရဲ့အမေးကြောင့် သူ့မျက်ခုံးတန်းထူထူကြီးများ ပင့်တက်သွားရ၏။

"မိန်းမတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့ပဲ အိမ်ထောင်ကျကျ အိမ်ထောင်ပြုပြီးပြီဆိုရင်၊ သူတို့ရဲ့အိမ်ထောင်ရေးကို ဘယ်သောအခါမှ မပြိုပျက်ချင်ကြဘူး မုန်းမာန်၊ ငါက မင်းထက် အိမ်ထောင်သက်ရင့်တော့ ပိုပြီး အဲ့ဒီအချက်ကိုသိနေတယ်၊ ယောကျ်ားဖြစ်သူရဲ့ အစွန့်ပယ်ခံဘဝနဲ့ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ တစ်ခုလပ်ဆိုတဲ့နာမည်ဆိုးကြီးနဲ့ မရှင်သန်ချင်ကြတာ မိန်းကလေးတိုင်းလိုလိုပဲ မုန်းမာန်"

လေးမြတ်စကားကြောင့် မုန်းမာန် ငိုင်တွေသွားရပြန်သည်။ မြိန့်ကို အဲ့ဒီလို နာမည်ဆိုးကြီးနဲ့လည်း သူ မရှင်သန်စေချင်ပါဘူး။

ဒါပေမယ့်





ကံတရားရဲ့ စေညွှန်ရာအတိုင်း အားလုံးဖြစ်ကြရတာပဲ ဟုတ်လား။ သူ့အထင်တော့ သူသာ မြိန့်ကို သွားခွင့်ပြုလိုက်ရင် မြိန် အရမ်းကို ဝမ်းသာပျော်ရွှင်သွားလိမ့်မည်လို့လေ။

"မုန်းမာန်"

"ပြောပါ လေးမြတ်"

"မင်း သေသေချာချာ ပြန်စဉ်းစားပါဦးကွာ၊ မင်းအသက်အရွယ်က အိမ်ထောင်တစ်ခုကို အတည်ငြိမ်ဆုံးထိန်းပြီး အခြေတကျ ရှိသင့်တဲ့အရွယ် ဖြစ်နေပြီ မုန်းမာန်"

"....."

ကျေးဇူးတင်ပါတယ် လေးမြတ်ရယ်။

ငါ့အတွက်ကို အကောင်းဆုံး ငဲ့ကြည့်ပေးခဲ့တဲ့ မင်းကို အရမ်းပဲ ကျေးဇူးတင်ပါတယ်ကွာ။

ဒါပေမယ့်။

ငါအတွက်ချည်းပဲငဲ့ကြည့်ပြီး မြိန့်ရဲ့ စိတ်ခံစားမှုတွေကို ဒီထက်နက်ရှိုင်းသွားအောင် ငါဆက်ပြီး မဖန်တီးချင်တော့ဘူး လေးမြတ်ရယ်။

မြိန့်ကို ငါသွားခွင့်ပြုလိုက်တော့မယ်။

မြိန် ပျော်ရွှင်ပါစေတော့ကွာ။

သူသိပ်ချစ်တဲ့ ချစ်သူရဲ့ ရင်ခွင်လေးထဲမှာ အေးချမ်းစွာ

နိုလွှဲရင်း လှပတဲ့ အနာဂတ်လေးတွေကို ဖန်တီးပါစေတော့။

ငါ အသေအချာ ဆုံးဖြတ်လိုက်ပြီလေးမြတ်။

မြိန့်ကို

ငါကွာရှင်းပေးလိုက်တော့မယ်။

"လေးမြတ်"

"ပြောလေ မုန်းမာန်"

"ငါပြန်တော့မယ်ကွာ"

"နေဦး မုန်းမာန်"

လေးမြတ်တားဆီးလိုက်မိ၏။

သို့သော်

မုန်းမာန်က ကျသင့်ငွေကိုရှင်းဖို့ ဝိတ်တာကောင်လေးကို မှာနေချေပြီ။

လေးမြတ်

ဘယ်လိုမှမတားဆီးနိုင်တော့။

သူငယ်ချင်းဖြစ်သူ မုန်းမာန်ရဲ့ ညှိုးရီဖျော့တော့နေသော မျက်ဝန်းလေးတွေကိုသာ စိတ်မကောင်းစွာ တစ်ချက်ကြည့်ပြီး သက်ပြင်းငွေ့ငွေ့လေးကို မှုတ်ထုတ်လိုက်မိတော့သည်။

✡ ✡ ✡



# အခန်း (၂၀)

ဟင်။

မြိန့်တစ်ယောက် ဦးမုန်းအိမ်ပြန်ရောက်လာပြီး ပျောက်နေပါတယ်မှတ်တာ။ သူက ဝရံတာတွင် စာပွဲဝိုင်းကျကျနနခင်းလျက် တစ်ယောက်တည်း အရက်တွေသောက်နေတာ တွေ့လိုက်ရသဖြင့် အံ့ဩမှင်သက်သွားရ၏။

အခုတလော

ဦးမုန်းတစ်ယောက် ဘာတွေဖြစ်နေသလဲဆိုတာ မြိန့် မစဉ်းစားတတ်ပါ။ အလုပ်မှာ အဆင်မပြေမှုတွေကြောင့်များ စိတ်တွေဖိစီးနေလို့များလားမသိ အိမ်ပြန်လာတိုင်း အပြင်ကနေ အရက်တွေသောက်သောက်လာတတ်သည်။

ဒီကနေ့တော့

ပိုပြီးထူးခြားစွာပင် အိမ်မှာပါ ဆက်သောက်နေခဲ့သည်။

မြိန့်

သူ့ကို အနှောင့်အယှက်မပေးလိုဘဲ ဝရန်တာလေးအနားမှ ခြေသံဖွဖွနင်းပြီး ပြန်လှည့်ထွက်ခဲ့မိ၏။

"မမလေး"

"ရှူး"

မြိန့်ကိုမြင်လိုက်တဲ့ အိမ်အလုပ်သမား ကောင်မလေးက သူမကို ခေါ်လိုက်သံကြောင့် ဦးမှန်းကြားသွားမည်စိုး၍ နှုတ်ခမ်းလေးပေါ် လက်ညှိုးလေးထောင်ပြကာ တိုးတိုးနေဖို့ တားဆီးလိုက်မိသည်။

ဒီတော့မှ

အထွေးက နားလည်သွားဟန်ရှိ၏။ သူမလက်ထဲမှ ကိုင်လာသော အမြည်းပန်းကန်ပြားလေးကိုထောင်ပြကာ ဦးမှန်းဆီ သွားပို့မလို ဟန်လုပ်ပြ၏။

မြိန့် ခေါင်းလေးပဲညိတ်ပြကာ ခြေလှမ်းကျဲလေးများဖြင့် သူမအခန်းဆီ သွက်သွက်လေး ပြန်လျှောက်သွားလိုက်သည်။ အထွေးက ဝရန်တာဘက်ဆီသို့ ဆက်လျှောက်သွား၏။

ခဏကြာတော့ အထွေးပြန်လာသည်။

"အထွေး"





"ရှင်"

"ဦးမှန်း ဘယ်အချိန်တုန်းက ပြန်ရောက်နေတာလဲ"

"သိပ်မကြာသေးဘူးမမလေး၊ မမလေးအိပ်နေတယ်လို့ အထွေးပြောလိုက်တော့ သွားမနှိုးနဲ့ အေးအေးဆေးဆေးအိပ်ပါစေဆိုပြီး အခန်းထဲမဝင်ဘဲ ဝရန်တာမှာ အခုလိုဆက်ပြီး ထိုင်နေတော့တာပဲ"

သြော်။

ဒါကြောင့် ကားစက်သံကြားပြီး လူက အခန်းထဲကို ရောက်မလာတာကိုး။ ဦးမှန်းကို ပထမတော့ မြိန့် စိတ်ရှည်လက်ရှည် စောင့်နေတာပါ။ ဒီတစ်ခါလည်း သူအိမ်အပြန်နောက်ကျနေပြီဆိုတာ သိ၍ မြိန့် စောင့်နေမိ၏။

တဖြည်းဖြည်း ညဥ့်ကနက်သထက်နက်လာ၏။

မြိန့် အိပ်ငိုက်လာသည်။

ဒီတော့မှ

အိမ်အကူကောင်မလေးအထွေးက သူမစောင့်ပေးပါ့မယ် မမလေး ခဏတော့သွားအိပ်လိုက်ပါဆိုတာနှင့် မြိန့်တစ်ယောက် အပေါ်ထပ်က သူမအခန်းလေးဆီဝင်ကာ လှဲအိပ်နေလိုက်မိသည်။

သူ့ကားစက်သံကြားမှ မြိန့် ဖျတ်ခနဲလန့်နိုးသွားရ၏။ အောက်ထပ်မှ တံခါးဖွင့်သံကိုလည်း ကြားလိုက်ရတာမို့ အိပ်ရာ

လေးထက်မှ အလူးအလဲထကာ အပြင်ထွက်ကြဖို့ အနည်းငယ်ကြည့်ကောင်းအောင် ပြင်လိုက်၏။

မြန်ထင်တာက အခန်းထဲ သူဝင်လာမှာပဲလို့လေ။

သို့သော်

မြန်ထင်သလို သူကရောက်မလာချေ။

အပေါ်ထပ်ကိုတက်လာတဲ့ ခြေသံတရုပ်ရုပ်ကို ကြားလိုက်ရပေမယ့် မြန့်အခန်းထဲ သူဝင်မလာသေးပေ။ မြန် မျက်ခုံးလေးတွေ တွန့်ကြုံသွားရသည်။

ဘာကြောင့်လဲ။

အခန်းထဲ သူဘာကြောင့် ဝင်မလာသေးရတာလဲ။

ခဏလောက်မြန် စိတ်ရှည်ရှည်ထားပြီး စောင့်နေသည့်တိုင်အောင်ပင် ဦးမုန်းက ရောက်မလာချေ။

မြန်။

အခန်းလေးထဲကနေ ခြေသံဖွဖွနှင့် ထွက်ခဲ့မိ၏။

အောက်ထပ်က ဧည့်ခန်းတွေဆီ သူရှိနေမလားဆိုပြီး သွားကြည့်မိသေးသည်။ သို့သော် ဦးမုန်းကိုမတွေ့ရချေ။

နောက်ဖေးဘက်ရှိ ထမင်းစားခန်းထဲမှာများ ညစာ စား မလား သွားကြည့်တော့လည်းမတွေ့ရ။

နောက်ဆုံး





မြန် အပေါ်ထပ်သို့တက်ခဲ့မိသည်။ စာကြည့်ခန်းထဲသွားပြီး သူများ ကုမ္ပဏီက မပြီးပြတ်သေးတဲ့ အလုပ်ကိစ္စများ ဆက်လုပ်နေမလားဟု ကြည့်မိသေးသည်။

စာကြည့်ခန်းထဲမှာလည်း ဦးမုန်းမရှိချေ။

သူမ

ဝရန်တာဘက်ထွက်ကြည့်မိတော့မှ ဦးမုန်းရယ်လေ။ ရောင်ဖြာဖြာအောက်တွင် တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာထိုင်ပြီး အရက်တွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေတာတွေ့လိုက်ရသည်။

"မမလေး"

"ဟင်"

"အစ်ကိုကြီး ဘာဖြစ်လာတာလဲဟင်၊ ဝင်လာကတည်းက ခြေအနေက ကောင်းတာမဟုတ်ဘူး၊ အပြင်မှာလည်း တော်တော်း သောက်လာသလိုပဲ၊ အခုလည်း သူသောက်ချင်သေးတယ် ပြီး အထွေးကို အမြည်းတွေပြင်ဆင်ခိုင်းနေတယ်"

"အင်း"

မြန် မျက်နှာညိုးညိုးလေးနှင့် အထွေးကို ခေါင်းညိတ်ပြသည်။

"မမလေး"

"ဟေ"

"အစ်ကိုကြီးကိုကြည့်ရတာ စိတ်အရမ်းညစ်နေသလို အလုပ်မှာ အဆင်မပြေလို့များလားမသိဘူးနော်"

"ဩော် အေး ဟုတ်မှာပေါ့"

"မမလေးနဲ့ရော ရန်ဖြစ်ထားသေးလို့လား"

"ဟင့်အင်း"

"ဒါနဲ့များတောင် ဘာကြောင့် ခေါင်းမထူနိုင်တဲ့အထိ သောက်နေရတာလဲမသိဘူး၊ အစ်ကိုကြီး အရမ်းများနေပြီ မမလေး မမလေးသွားတားလိုက်ပါလား"

မြိန့်ကိုသွားတားလိုက်ပါလားတဲ့။

မြိန့် မသွားချင်ပါဘူး။

မြိန့်နဲ့သူ့ကြားမှာ အထွေးထင်ထားသလောက် ရင်းနှီးမှု ဝင်မှုမှ မရှိသေးတာ။ အခုမှ မေးထူးခေါ်ပြောရုံ အဆင့်လေးပဲ ရှိနေသေးသည်။

"မမလေးက အစ်ကိုကြီးရဲ့ဇနီးပဲဟာ၊ မမလေးပြောမှ ရမှာပါ"

ဦးမုန်းရဲ့ဇနီးတဲ့။

ဟင့်အင်း

မဟုတ်ဘူး။





ဦးမုန်းနဲ့ တရားဝင်လက်ထပ်ထားတယ်ဆိုတာကလွဲပြီး မြိန့်တို့နှစ်ယောက်ကြားတွင် ဘယ်သူမသိနိုင်သေးသော စိမ်းသက်မှုကလေးတွေ ရှိနေတုန်းပင်။

"မမလေး"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ၊ ဝရန်တာမှာ လေစိမ်းတွေ က ဒီလောက်တိုက်နေတာ တော်ကြာနေ ကျန်းမာရေးကို ထိခိုက်နေဦးမယ်၊ မမလေးသွားခေါ်လိုက်ပါလား"

အထွေးက မြိန့်ကို ဇွတ်အတင်းပင် စေလွှတ်နေတော့သည်။

မြိန့်။

ခြေလှမ်းတွေကို ရွှေ့လို့မရ။

ရင်ထဲမှာတော့ စိုးရိမ်ပူပန်မှုတွေက အတိုင်းအဆမဲ့စွာ သည့်လှုံ့နေရသည်။

"အထွေး"

"ရှင်"

"အထွေးလည်း တစ်နေ့လုံး အလုပ်တွေလုပ်ရတာ ပင်ပန်းနေရောပေါ့ကွယ်၊ သွားအိပ်တော့ အထွေး၊ ကျန်တာတွေ ကလေးပဲ စောင့်ပြီး သိမ်းလိုက်တော့မယ်"

"ပန်းကန်ခွက်တွေတော့ မသိမ်းပါနဲ့၊ ဒီအတိုင်းပဲထား လိုက်ပါ မမလေး၊ အထွေး မနက်ကျမှဘဲ သိမ်းပါ့မယ်"

အထွေးကိုကြည့်ရတာ အနားယူချင်နေတဲ့ပုံပေါက်နေ သဖြင့် မြိန် သွားနိုင်းလိုက်မိသည်။

ဒီတော့မှ

ကောင်မလေးခမျာ တာဝန်ကြီးလေးမိနေရာမှ ပြီးမြောက် သွားသူတစ်ယောက်လို ရှင်လန်းကာ ခေါင်းလေးညိတ်ပြပြီး နေရာ ကနေ ထွက်သွားတော့သည်။

မြိန်

သိပ်ကြာကြာစဉ်းစားမနေတော့။

ဦးမုန်းရှိနေသော ဝရန်တာလေးဆီ လျှောက်ခဲ့လိုက်သည်။

"ဦးမုန်း"

"ဟင် အင်း ခာယ် ဘယ်သူလဲ၊ မြိန်လား"

အာလေးလျှာလေးကြီးနှင့် မေးလိုက်သံကြောင့် မြိန် ရင် ခမ်းဖူးဖူးလေးတွင် အလိုမကျရိပ်လေးများနှင့် တွန့်မဲ့သွားရသည်။

"ဘာဖြစ်လို့ အဲ့ဒီလောက်တောင် သောက်နေရတာ ကြည့်ပါဦး ခေါင်းတောင်မထူနိုင်တော့ဘူး၊ အပြင်မှာလဲ ထော တိုက်ပါဘိနဲ့၊ ဒုက္ခတွေတော့ရောက်ကုန်တော့မှာပဲ"

သူမြိန့်စကားသံကိုကြားသော်လည်း မဖြေနိုင်။





မြိန်ရယ် ကိုယ့်ကို စိတ်ပူနေတာလားဟင်။

ကိုယ်တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်လို့ အခုလိုရောက်လာ ာလား မြိန်ရယ်။

ဟင့်အင်း မဖြစ်နိုင်ပါဘူး။

မြိန်က သူ့ကို ဘယ်တုန်းကမှ မေတ္တာရှိတာမှမဟုတ်တာ။ ရဲ့ အသိစိတ်မှာရော မသိစိတ်မှာပါ မုန်းမာန်ဆိုတာ နေရာယူနိုင် တဲ့ သူတစ်ယောက်မှမဟုတ်တာ။

မြိန်နှလုံးသားတွေကို ပိုင်စိုးထားတာ မြိန့်ချစ်သူ ဇာမဏီ တစ်ယောက်တည်းပဲရှိတာလေ။

"ဦးမုန်း"

"ဟင်"

"ထတော့လေ အထဲဝင်ရအောင်၊ အပြင်မှာ အရမ်းအေး ပြီရှင့်"

"ကိုယ့်ရင်ထဲမှာ ပူနေတယ်မြိန်"

"ရှင်"

"အပြင်ကလေက ကိုယ့်ရင်ကို မတိုးဝင်နိုင်ဘူးကွ"

"ဦးမုန်း"

"ကိုယ်သောက်ချင်သေးတယ် မြိန်၊ ကိုယ်မူးအောင် က်ချင်သေးတယ်၊ အားလုံးကို မေ့သွားတဲ့အထိ သောက်ချင်

သေးတယ် မြိန်ခွင့်ပြုပါ''

''ခွင့်မပြုနိုင်ဘူး ဦးမုန်း၊ ရှင်အရမ်းမူးနေပြီ''

မြိန် သူ့လက်ထဲက ဖန်ခွက်ကို ဖွတ်အတင်းဆွဲလုယူထား တားဆီးလိုက်မိသည်။

ပြီးနောက် စားပွဲရဲ့ ခပ်လှမ်းလှမ်းတွင်သွားထားလိုက်မိ၏။

''ထတော့ ဦးမုန်း အိမ်ထဲဝင်ကြစို့''

သူ့လက်မောင်းတစ်ဘက်ကို အတင်းဆွဲထူကာ အိမ်ထဲသို့ ဝင်စေသည်။ ဒီတော့မှ အားမတန်၍ မာန်လျှော့လိုက်ရသူ တစ်ယောက်နှယ် သူက မြိန်ခေါ်ရာနောက်သို့ လိုက်ပါလာသည်။

မြိန့်ခန္ဓာကိုယ်လေးက သေးလှပ်လှပ်မို့ အမူးလွန်နေသော ဦးမုန်းရဲ့ ခန္ဓာကိုယ်ကြီးကို အားစိုက်ကာ မနည်းတွဲကူနေရသည်။

ခြေလှမ်းတွေကမမှန်ချင်။

တစ်ချက်တစ်ချက် ယိုင်နဲ့သွားတတ်ချိန်တွင် မြိန် သူ့ခါးလေးဆီ လက်တစ်ဘက်နှင့် ဖက်တွယ်ကာ ထိန်းပေးနေရသည်။

''မြိန်''

''.....''

အခန်းထဲရောက်တော့ သူ့အား ကုတင်လေးဆီရောက်အောင် ပို့ဖို့ကြိုးစားရပြန်၏။

''ချစ်တယ်''





''သိပ်ချစ်တယ် မြိန်ရယ်''

''အို''

''အမေ့''

''ဦးမုန်း''

ရုတ်တရက်

သူမကိုယ်လေးအား ပွေ့ဖက်လိုက်စဉ် ဟန်ချက်မထိန်းနိုင်တော့ဘဲ နှစ်ယောက်သား လုံးထွေးကာ ခုတင်လေးထက် ပြိုလဲကျသွားရတော့သည်။

''ချစ်တယ် မြိန်ရယ်''

ဦးမုန်းရဲ့ ငြီးငြူသံတိုးတိုးက မြိန့်နားစည်ထဲ တိုးအက်ကာ စီးဝင်လာသည်။

မြိန် မျက်ဝန်းလေးအစုံကို မှိတ်ပစ်လိုက်မိ၏။

ကြီးမားနက်ရှိုင်းလွန်းသော အမှောင်ထုကြီးထဲ မြိန် မိန်းမော စွာ ကျရောက်သွားရသည်။ တားဆီးသံလေးက အချစ်ရိုင်းတွေတက်နေသော ဦးမုန်းနားထဲ တိုးမပေါက်တော့ချေ။

✡ ✡ ✡

## အခန်း (၂၁)

"စိတ်ညစ်တယ် မဏီရယ်"

"မြိန် စိတ်အရမ်းညစ်တာပဲသိလား၊ မြိန်တကယ်ပြော နေတာ၊ ရှင်ရယ်မနေနဲ့ မဏီ"

ဟာ။

မြိန့်အသံစူးစူးကြောင့် မုန်းမာန်ရဲ့ရင်တစ်ခုလုံး လှိုက်ခနဲ ဟာတက်သွားရ၏။

မြိန်။

သူ့ချစ်သူကောင်လေးနှင့် ဖုန်းတွေပြောနေတာပါလား။

စိတ်ညစ်တယ်တဲ့။

မြိန်ရဲ့ ငြီးငြူသံလေးထဲမှာ ဒေါသသံလေးရော ဝမ်းနည်း နာကျင်နေသံလေးတွေပါ ရောနှောနေသည်။





သူ

ညှော်ခန်းဆီသွားမည့် ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်၏။

ဆက်ပြီးနားထောင်နိုင်စွမ်း မရှိတွာပင်။ ခြေလှမ်းတွေကို ပြန်လှည့်ကာ အပေါ်ထပ်ဆီ ကမ္ဘာကယာတက်ခဲ့မိသည်။

မုန်းမာန်ရဲ့စိတ်တွေ တထိတ်ထိတ်လှုပ်ရှားနေရ၏။ ရင် တစ်ခုလုံး ဗလောင်ဆူကာ ခန္ဓာကိုယ်အတွင်းရှိ လည်ပတ်နေသော သွေးတို့ ပွက်ပွက်ဆူနေရတော့သည်။

မြိန်။

မြိန်ရယ်။

အဲ့ဒီလောက်တောင်ပဲလားကွာ။

ကိုယ့်အနားမှာနေရတာ အဲ့ဒီလောက်တောင်ပဲ ခံစားနေရ သတဲ့လား မြိန်လေးရယ်။

တစ်ယောက်တည်းအတွေးတွေနှင့် ဂဏှာမငြိမ်ဖြစ်ကာ အခန်းလေးထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိသည်။

ဘာလုပ်ရမလဲ။

သူ

ဘာဆက်လုပ်ရမလဲ။

မြိန်နဲ့သူ

ဟာကွာ။

မနေ့ညက အဖြစ်အပျက်လေးကို ပြန်တွေးပြီး မြိန့်အပေါ် အနိုင်ယူခဲ့သည့်အဖြစ်ကို သတိရကာ တစ်ယောက်တည်း ရှက်ဖြုံမရ ဖြစ်နေရသည်။

မြိန့်ဘယ်လောက် ဝမ်းနည်းသွားလိမ့်မလဲ။

မြိန့်ဘယ်လောက် နာကျည်းမုန်းတီးသွားလိမ့်မလဲ။

သူ့ကို

မြိန့် လုံးဝအလိုမရှိခဲ့တာ သူအသိဆုံးပဲလေ။

ဒါကို

သိသိကြီးနှင့် ဇွတ်တိုးခဲ့တာပါ။ ရင်ထဲမှာတစ်ချိန်လုံး မျို သိပ်ထိန်းချုပ်ထားတဲ့ အချစ်တွေကို အချစ်မူးမူးပြီး မြိန့်အပေါ် ပေါက်ကွဲပစ်လိုက်မိသည်။

သူ

ဘာဆက်လုပ်ရမလဲ။

တကယ်တော့

မြိန့်ကို သူချစ်သူ ဇာမဏီဆီသွားခိုင်းဖို့ သူဆုံးဖြတ်ထားပြီး သားပါ။ မြိန့်ပျော်ရွှင်နိုင်မယ့် နေရာလေးဆီမှာပဲ ထာဝရနေစေတော့ ဆိုပြီး သူစွန့်လွှတ်ဖို့ ရည်ရွယ်ပြီးသားပါ။

အခုတော့။

မုန်းမာန်ရဲ့ အမှားတစ်ခုကြောင့် ဆုံးဖြတ်ရအခက်ကြီး





ခက်ကုန်ရချေပြီ။

ကျွိ။

"ဟင် ဦးမုန်းနိုးနေပြီလား"

အခန်းတံခါးဆွဲဖွင့်သံနှင့်အတူ အခန်းထဲဝင်လာသော မြိန့်က သူမဆီ မှင်သက်စွာ ကြောင်ငေးငေးလေးနှင့် စိုက်ကြည့်နေသော သူ့အား လှမ်းမေးလာ၏။ မြိန့်အသံလေးကြားမှပဲ အတွေးလွန်နေမိ သော သူ့အဖြစ်ကို သတိထားမိသွားရသည်။

"ဩော် အင်း နိုးပြီမြိန့်"

"မနက်စာစားတော့မလားဟင်၊ မြိန့်က ဦးမုန်းမနိုးလောက် သေးဘူးထင်လို့ မပြင်ဆင်ခိုင်းဘဲထားထားတာ၊ နိုးရင်တော့ မြိန့် သွားပြင်ဆင်လိုက်ဦးမယ်၊ ဦးမုန်း"

မြိန့်က

ရှက်ရဲရဲမျက်နှာလေးနှင့် သူ့မျက်နှာဆီမကြည့်ဘဲပြောကာ အခန်းလေးထဲကနေ ပြန်ထွက်သွားဖို့ ဟန်ပြင်နေသည်။

"မြိန့်"

မြိန့်နာမည်လေးအား လွှတ်ခနဲခေါ်မိ၏။

"ရှင် ဦးမုန်း၊ မြိန့်ကို ဘာပြောမလို့လဲ"

"ဩော် ဟို ဘာမှမဟုတ်ပါဘူး၊ မြိန့်ရော မနက်စာစား ပြီးပြီလားလို့ မေးမလို့ပါ"

"ဟင်အင်း မြိန့်လည်း မစားရသေးပါဘူး၊ ဦးမုန်းမှမနိုး သေတာ မြိန့်စောင့်နေတာပေါ့"

မြိန့်ရယ်။

ကိုယ်နဲ့အတူ မနက်စာစားဖို့ စောင့်နေတာတဲ့လားကွာ။

ယုံရမလား မြိန့်။

မင်း

ဇာမဏီနဲ့ ဖုန်းပြောနေလို့ မစားဖြစ်သေးတာမဟုတ်လား မြိန့်ရယ်။ ကိုယ် စောစောကလေးတင်ပဲ မင်းတို့နှစ်ယောက် ဖုန်းပြောတာနေတာကို ကြားပြီးပါပြီကွာ။

ကိုယ့်ကို အားနာစိတ်နဲ့ ဟန်ဆောင်ကောင်းပြမနေပါနဲ့ လားမြိန့်ရယ်။ မင်းအရမ်းကို ပင်ပန်းလွန်းပါတယ် ချစ်ရယ်။ မင်း သရုပ်ဆောင်ကောင်းမပြနေပါနဲ့ကွာ။

"မြိန့်"

"ရှင်"

"ကိုယ်လေ ကိုယ်"

သူ့စကားရှေ့ဆက်မရ။

ကိုယ်မင်းကို စိတ်ချမ်းသာစေချင်တယ် မြိန့်၊ မြိန့်လွတ်လွတ်လပ်လပ် စကားတွေပြောနိုင်အောင် လမ်းဖွင့်ပေးဖို့ အင်အားတွေကင်းမဲ့နေရသည်။





"ပြောလေ ဦးမုန်း၊ ဘာဖြစ်လို့လဲ"

"ဟို ဟို ဘာမှမဖြစ်ပါဘူး မြိန့်၊ ကိုယ် ဗိုက်အရမ်းဆာနေပြီလို့ ပြောမလို့ပါ"

"အို ဦးမုန်းကလည်း ကလေးလေးကျနေတာပဲ၊ ခဏလေးပဲစောင့်ပါ၊ မြိန့်ကိုယ်တိုင် ဒီမနက်စာအတွက် ရှမ်းခေါက်ဆွဲလုပ်ထားတာ၊ ခုပဲ သွားပြင်ဆင်လိုက်ပါ့မယ်"

မြိန့်က ပြောပြီး အခန်းထဲကနေ အပြုံးနုနုလေးတွေနှင့် ပြန်ထွက်သွား၏။

မြိန့်ကိုယ်တိုင် မနက်စာအတွက် လုပ်ထားတာဆိုပါလား။

သူ့အတွက် မနက်စောစော တစ်ခါမှ အိပ်ယာက မထတတ်တဲ့ မြိန့်က ပြင်ဆင်ချက်ပြုတ်ထားတာတဲ့လား။

ဘာတွေလဲ။

ဘယ်လိုနားလည်ရမလဲ မြိန့်ရယ်။

ကိုယ်ဆုံးဖြတ်ချက်တွေ တွေဝေကုန်ပြီ ကောင်မလေးရယ်။

မင်းရဲ့လုပ်ရပ်တွေကြောင့် ကိုယ်ဆုံးဖြတ်ချက်တွေ ခိုင်မာမှုမရှိတော့ဘူးကွာ။

ဘာကြောင့် အခုလိုတွေ လျှောက်လုပ်နေရတာလဲ မြိန့်။

မင်းစိတ်ထဲမှာမရှိဘဲ ဘာဖြစ်လို့ ကိုယ့်အတွေးတွေလွဲချော်အောင် ဖန်တီးရတာလဲကွာ။ ကိုယ့်သုံးသပ်မှုတွေ မှားယွင်းသွား

အောင် ဖန်တီးချင်ရတာလဲ မြိန့်ရယ်။

ဘာလဲ မြိန့်။

အမုန်းတရားတွေနဲ့ ကိုယ်ရင်တစ်ခုလုံး နာကျင်အောင် လုပ်လို့အားမရသေးလို့ ကိုယ့်ကို ဘဝတစ်သက်တာလုံး အမှတ်တရတွေနဲ့ တမြည့်မြည့်လောင်ကျွမ်းနေရအောင် အခုလို ကြင်နာချင် ဟန်ဆောင်ပြနေရတာလားဟင်။ ဖြေစမ်းပါဦး မြိန့်ရယ်။

မုန်းမာန်တစ်ယောက်တည်း အခန်းထဲတွင် တိတ်ဆိတ်ငြိမ် သက်စွာ အတွေးများနှင့်အတူ ရှိနေရတော့သည်။

မြိန့်မှာတော့

ဦးမုန်းအတွက် နံနက်စာ စာရှမ်းခေါက်ဆွဲလေးကို စိတ်လို လက်ရ ပြင်ဆင်ပေးနေမိသည်။ အခုလိုလုပ်ပေးနေရသည့်အတွက် လည်း မြိန့် ကျေနပ်ဂုဏ်ယူနေမိ၏။ ဦးမုန်းဆီက မြိန့်တော်လိုက်တာ ဟု ချီးကျူးဂုဏ်ပြုမှုကလေးကို မြိန့်လိုလားစွာပင် အရသာရှိရှိ သေသေသပ်သပ်လေးဖြစ်အောင်ပင် လုပ်နေမိသည်။

မြိန့် နံနက်အစောကြီးကတည်းကထပြီး ကိုယ်တိုင် ချက်ပြုတ်နေတာပါ။ မြိန့် ကြားထားတာက ဦးမုန်းက ရှမ်းခေါက်ဆွဲ ဆို သိပ်ပြီးကြိုက်တာတဲ့လေ။

ဒါကြောင့်

အချက်အပြုတ် အသုပ်အလုပ်မှာ သူမတူအောင်





ကျွမ်းကျင်ပိုင်နိုင်သော အမေ့ဆီ သင်ယူထားသောပညာနှင့် ကိုယ်ပိုင် အစွမ်းကို အကုန်ထုတ်သုံးကာ စိတ်လိုလက်ရ သူ့ကို ချက်ကျွေးမိ ခြင်းဖြစ်သည်။

အခုမှပဲ

မြိန့်အမြင်မှန်တွေ တစ်စထက်တစ်စ ရရှိလာရ၏။

အိမ်တစ်ခုပျော်ရွှင်စရာကောင်းဖို့ဆိုတာ အဲ့ဒီအိမ်မှာနေကြတဲ့ မိသားစုဝင်တွေရဲ့ စိတ်ဓာတ်နဲ့ အများကြီးသက်ဆိုင်နေတယ်ဆိုတာ လေ။

အရင်ကဆို

မြိန့်တို့နှစ်ယောက်ရဲ့ မသင့်မြတ်မှု။

မြိန့်ရဲ့ စိတ်တွေပြားမှုတို့ကြောင့် ဒီလောက်ကြီးကျယ်ခမ်း နားတဲ့ အိမ်ကြီးက ပျော်စရာများ ဆိတ်သုန်းကာ ခြောက်သွေ့သွေ့ ကြီးဖြစ်နေရသည်။ နေတာမှ လူလေးနှစ်ယောက်။ အဲ့ဒီနှစ်ယောက် ကလည်း သီးသီးသန့်သန့်ကြီး စိမ်းသက်နေတာမို့ ပြင်းရိုငြီးငွေ့စရာ အင်မတန်ကောင်းနေခဲ့၏။

မနက်ဆိုလျှင်။

ဦးမုန်းက မြိန့်ကို သွားချင်တဲ့နေရာတစ်ခုခုကို အသေအချာ ဝင်ပို့ပေးပြီး အလုပ်ကိုသွားသည်။ အိမ်ကိုသော့ပဲခတ်ခဲ့၏။ ညနေ ပြန်ရောက်တော့ သူက ဟင်းထမင်းချက်ပြုတ်က မြိန့်ကိုကျွေး၏။

ညစာစားပြီးတာနှင့် မြနှ်လဲ သူမဖာသာ နေတက်သလို နေကာ သူစိမ်းဆန်ဆန်ပင် ဆက်ဆံနေတက်ခဲ့သည်။

အခုတော့

အဲ့ဒီလိုမဟုတ်ချေ။

ဦးမုန်းကိုလည်း မြနှ် ဖော်ဖော်ရွေရွေပင် ဆက်ဆံပြောဆို ခဲ့သလို တစ်ယောက်နဲ့တစ်ယောက်လည်း အရင်ကထက်ပင် တရင်းတနှီးရှိနေခဲ့တာကြောင့် မြနှ်တို့ရဲ့တိုက်ကြီးက အခုဆို ပြန်လည် သက်ဝင်လှုပ်ရှားကာ နေပျော်စရာကောင်းလာခဲ့သည်။

မြနှ်ကိုယ်တိုင်လည်း

အရင်ကလိုတောင် အပြင်ကို လျှောက်မလည်ဖြစ်တော့။

မြနှ် အိမ်မှာပဲကပ်နေတက်သည်။

မြနှ်။

ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချထားမိသည်။ မြနှ်ရဲ့အိမ်ထောင်ရေးကို သာယာအေးချမ်းအောင် ထိန်းတော့မည်လို့လေ။

ဦးမုန်းရဲ့ ချစ်ခြင်းမေတ္တာတွေ မြနှ်ကိုပေးဆပ်ထားတာထက် အဆပေါင်းများစွာသာအောင် မြနှ် ပြန်လည်ပေးဆပ်ဖို့ ဆုံးဖြတ်ထား မိသည်။

ဦးမုန်းရယ်

မြနှ်အခုတော့ တည်ငြိမ်ရင့်ကျက်လာပါပြီရှင်။





အရင်က

မြနှ် မိုက်ရူးရဲဆန်ခဲ့မှုလေးတွေကို နားလည်ပေးပါလို့ တောင်းဆိုပါတယ် ဦးမုန်းရယ်။

မြနှ်တစ်ယောက် နံနက်စာလေးကို ပြင်ဆင်နေရင်းမှ တိတ်တဆိတ်လေး တောင်းဆိုနေမိတော့သည်။

✡ ✡ ✡

## အခန်း (၂၂)

“ဘာရယ် ဦးမုန်း၊ ရှင် ရှင် စောစောက ဘာပြောလိုက်

တယ်”

မြန်မယုံရဲစွာပင် တအံ့တသြပြန်မေးလိုက်မိသည်။

“မြန့်ကို ကိုယ်ကွာရှင်းပေးတော့မယ် မြန်၊ ကိုယ်

ချာချာ ဆုံးဖြတ်ချက်ချလိုက်ပြီ”

မြတ်စွာဘုရား။

မြန့်ခန္ဓာကိုယ်လေး ဆတ်ခနဲယိုင်နဲ့သွားရ၏။ မတ်

ရပ်နေသော ခြေထောက်တွေက ညွတ်ကာ တဆတ်ဆတ်တုန်

နေကြသည်။ အနီးရှိ ခုံလေးရဲ့နောက်မှီကိုသာ မြန် ထိန်းမကိုင်

နေရာမှာတင် ပုံလျက်သားလေး ညွတ်ခွေကျသွားမှာအမှန်

ဟုတ်ပါရဲ့လား။





မြန့်ကို အခုလိုစကားအဆန်းတွေပြောနေတဲ့ လူဟာ မြန့်ကို သိပ်ချစ်ပါတယ်ဆိုပြီး လက်ထပ်ခဲ့တဲ့ ဦးမုန်းမှဟုတ်ပါရဲ့လား။

ကွာရှင်းပေးမယ်တဲ့။

ကျေကျေနပ်နပ်ကြီး ကွာရှင်းပေးမယ်တဲ့လေ။

ဘာစကားကြီးလဲ။

ဘယ်သူကကွာရှင်းခွင့်ကို တောင်းဆိုခဲ့လို့ သူက အခုလို ဆုံးဖြတ်ချက်မျိုးကြီး ချမှတ်လိုက်ရတာလဲ။ မြန်စဉ်းစားမရပါ။ မြန် ဘယ်လိုပဲ အဖြေရှာရှာ မရခဲ့ချေ။

“တောင်းပန်ပါတယ် မြန်ရယ်”

“မြန့်ကို နာကျင်မှုတွေ အများကြီးပေးခဲ့မိတဲ့အတွက် ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူးကွာ၊ ကိုယ်အနားမှာနေရရင် မြန် ပျော်ရွှင်မှုတွေ ဆိတ်သုန်းမယ်ဆိုတာ သိသိကြီးနဲ့ အတ္တကြီးစွာ ခေါ်ထားခဲ့မိတဲ့အတွက် ကိုယ်တောင်းပန်ပါတယ်ဗျာ”

မြန် မကြားရဲစွာ ခေါင်းလေးကို တအားခါယမ်းပစ်လိုက် မိသည်။

“ကိုယ် မြန့်ကို အရမ်းသနားတယ် မြန်၊ ငယ်ရွယ်နုနယ်တဲ့ မြန့်ရင်ထဲကိုမှ ဒဏ်ရာနက်နက်ကြီးတွေကို ကိုယ်ကပေးခဲ့မိတယ် လေ၊ မြန်ဘယ်လောက်ခံစားနေရမလည်းဆိုတာကို တစ်ကိုယ် ကောင်းဆန်ဆန် ကိုယ်ထည့်မတွေးခဲ့မိဘူး မြန်”

ရှင်ဘာတွေပြောနေတာလည်းရှင်။

အခုလို နောင်တတွေတသိကြီးရနေတဲ့ လေသံမျိုးကြီးနဲ့ အတိတ်ကအရိပ်တွေကို ပြန်ပုံဖော်နေရတာလည်း ဦးမှန်းရယ်။ ဒါတွေက ဘာသဘောတွေများလဲ။ မြိန်ကပဲ ဦးနှောက်ဉာဏ်ထိုင်း များလားမသိဘူး။ ဦးမှန်းရဲ့လုပ်ရပ်တွေကို မြိန် ဘာတစ်ခုမှ နားမလည်နိုင်ခဲ့ဘူးရှင်။

တကယ်ဆို။

ရှင်မြိန့်ရင်ထဲက ဆန္ဒအမှန်ကို မေးကြည့်သင့်တာပေါ့။

မြိန် အခုအချိန်မှာ အရမ်းကိုပြောင်းလဲနေပြီဆိုတာကို ရှင် သတိထားကြည့်သင့်တယ်လေ ဦးမှန်း။ မြိန် အရင်က ချိုချိုမြိန် မဟုတ်တော့ဘူးဆိုတာ ရှင်သိသင့်တယ်။ အဲ့ဒါတွေကို မျက်စိမှိတ် ထားပြီး အခုလို တစ်ဘက်သတ်အတွေးတွေနဲ့ ဆုံးဖြတ်လိုက်တာကြီး ကတော့ ရှင်မတရားဘူး ဦးမှန်းရယ်။

မြိန်က မိန်းကလေးပါ။

ကိုယ့်အိမ်ထောင်ဘက်ဆီက အယုံအကြည်ကင်းမဲ့စွာ စွန့် လွှတ်ခြင်းကိုသာ ခံရမယ်ဆိုရင် မြိန်လောက်ညံ့ဖျင်းတဲ့သူ ဒီကမ္ဘာ ကြီးထဲမှာ ရှိပါဦးမလား ဦးမှန်းရယ်။ ဒါကို ရှင်နည်းနည်းလေး တောင် မစဉ်းစားမိဘူးလားဟင်။ -

မြိန်





ထိုစကားလေးတွေကို ရင်ထဲကနေ ဝမ်းနည်းကြေကွဲစွာ ပြောမိပေမယ့် အပြင်မှာတော့ တိတ်ဆိတ်ငြိမ်သက်စွာ ဦးမှန်းရဲ့ မျက်နှာဆီ အံ့သြမှင်သက်စွာ စိုက်ကြည့်နေမိသည်။

"ဇာမဏီကို မင်းဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်သိ ပါတယ် မြိန့်၊ အဲ့ဒီအချစ်တွေဟာ မင်းရင်ထဲမှာ အခုချိန်ထိ စွဲထင် နေတုန်းပဲဆိုတာ ကိုယ်နားလည်လိုက်ပါပြီကွာ၊ ဒါကြောင့် ကိုယ်နောက်ဆုတ်ပေးဖို့ ရင်နာနာနဲ့ပဲ ဆုံးဖြတ်လိုက်တာပါ"

ဟင့်အင်း။

ဦးမှန်း။

ရှင်အထင်တွေမှားနေပြီ။

မောင့်ကို မြိန့်ချစ်ခဲ့မိတယ်ဆိုတာတော့ အမှန်ပါပဲ။ မြိန့်ဘဝ လေးထဲကနေ မောင်သာပျောက်ကွယ်သွားရင် ရှင်သန်မှုတွေ ဆိတ်သုန်းသွားမှာပဲလို့ မြိန့်လည်း တစ်ချိန်ကထင်ထားခဲ့မိတာပါ။

ဒါပေမယ့်

ဒါဟာ ချစ်သူဘဝမှာ ဖြစ်တည်ခဲ့တဲ့ နုညံ့တဲ့ စိတ်ခံစား မှုပဲလေ။

အခုလက်ရှိဘဝမှာ မြိန့်ဟာ ဦးမှန်းမာန်ဆိုတဲ့ ယောကျ်ား တစ်ယောက်ရဲ့ ဇနီးမယားပါ။ မြိန် ဦးမှန်းမာန်ကို ဘယ်လောက်ပဲ မုန်းတီးနာကျည်းခဲ့ပါစေ မြိန့်စွန့်ခွာထွက်သွားဖို့ တစ်ခါမှကို စိတ်မကူး

ခဲ့မိဘူး ဦးမုန်းမာန်။

မောင့်ကိုသတိတရရှိနေခဲ့တယ်ဆိုတာ အခုအချိန်မှာတော့ အမြဲတမ်း မမေ့နိုင်တဲ့ အမှတ်တရလေးတစ်ခုအဖြစ်ပဲ ရှိနေခဲ့တော့တာပါ။ ဒါကို ရှင်နားလည်သင့်ပါတယ် ဦးမုန်းမာန်ရယ်။

မြိန်ဆိုးခဲ့ပါတယ်။

ရှင်စိတ်တွေ ရှုပ်ထွေးနောက်ကျိနေအောင် မြိန် အရွဲ့တိုက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ရှင်နဲ့ကွာရှင်းပြတ်စဲဖို့ကိုတော့ မြိန် ဘယ်တုန်းကမှကို မတွေးခဲ့မိဘူး ဦးမုန်းမာန်။

"မြိန်"

"ပြောပါ ဦးမုန်း"

"မင်းကျေနပ်တယ်မဟုတ်လားမြိန်"

ကြည့်စမ်း။

မြိန့်ကိုကွာရှင်းပေးမှာကို မြိန် ကျေနပ်တယ်မဟုတ်လားတဲ့။

ဒီမေးခွန်းကို သူမို့မေးရက်သည်။

အိမ်ထောင်ပြုထားတဲ့ မိန်းမတစ်ယောက် တစ်ခုလပ်ဆိုတဲ့ ဆိုးဝါးတဲ့ ဂုဏ်ပုဒ်ကို ရယူပိုင်ဆိုင်ခွင့်ရမှာကို ဘယ်သူက ဝမ်းသာလှိုက်လှဲမှုတွေနဲ့ လက်ခံရယူချင်မှာလဲ။

ဒါကို။

ရှင်လုံးဝမစဉ်းစားမိဘူးလားဟင် ဦးမုန်း။





ရှင်။

စိတ်မှမှန်ပါသေးရဲ့လားရှင်။

"ကိုယ်သိပါတယ် မင်းအရမ်းကို ကျေနပ်ဝမ်းသာနေမှာပါ"

"ဦးမုန်း"

မြိန့်တာဆီးသံလေးက စူးစနဲ့တက်သွား၏။

ညှိုးငယ်ဖျော့တော့သော မျက်ဝန်းအစုံနှင့် မြိန့်ဆီ သူလှမ်းကြည့်သည်။

မြိန် အံလေးကို တင်းနေအောင်စေ့ကြိတ်ထားမိ၏။ ဦးမုန်းမှာ မျက်ရည်လေးတွေစီးကျမသွားအောင် ဝေ့သီလာသော မျက်ရည်များကို မျက်တောင်ကော့ရှည်ရှည်ကြီးများနှင့် တဖျပ်ဖျပ်ပုတ်ခတ်ကာ ထိန်းသိမ်းထားလိုက်သည်။

"မြိန့်ကိုပျော်ရွှင်စေချင်တယ် မြိန်"

ဦးမုန်းရယ်။

"မြိန် ဓာမဏီဆီကို ဘယ်လောက်သွားချင်နေသလဲဆို ကိုယ်သိနေပါတယ်၊ အဲ့ဒါကြောင့်လဲ ကိုယ်ဘက်က ကြည်ဖြူ သွားခွင့်ပြုလိုက်ပါမယ် မြိန်"

မြိန်။

သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲတော့စွာပင် အကြည့်လေး

ကို လွှဲပစ်လိုက်မိသည်။

ဦးမုန်းရယ်။

မြိန့်သိလိုက်ပါပြီ။

မြိန့်မပျော်ရွှင်မှာစိုးလို့ ရင်ထဲကဆန္ဒတွေမပါဘဲ လမ်းခွဲဖို့ ဦးမုန်း ဆုံးဖြတ်လိုက်တာ မဟုတ်လားဟင်။ မြိန့် စိတ်တွေညစ် ထွေးနေရမှာစိုးလို့ ဦးမုန်း အရှုံးတွေကို ရင်မှာပိုက်ပြီး နောက်ချန်ရစ် နေဖို့ ဆုံးဖြတ်လိုကတာမဟုတ်လား။

အဲ့ဒီလောက်တောင်ပဲ ဦးမုန်းရယ်။

ကိုယ့်ရင်ကို အကွဲခံပြီး မြိန့်အတွက်ချည်းပဲ စဉ်းစားနိုင် တော့လောက်အောင် ရှင့်အချစ်တွေက ကြီးမားနေခဲ့သတဲ့လားရှင် ရယ်။

"ရော့ မြိန့်၊ ဒါက ပိုင်ဆိုင်မှုစာချုပ်တွေပဲ၊ ဒီခြံနဲ့ ဒီတိုက် ကြီးအပါအဝင် အတွင်းပစ္စည်းတွေအားလုံး မြိန့်နာမည်နဲ့ ကိုယ်လွှဲ ပြောင်းပေးထားတာ"

ဟင်။

မြိန့်ရှေ့သို့ ထိုးပေးလာတဲ့ စာချုပ်စာတမ်းအချို့ကိုကြည့်ပြီး မြိန့်မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

သူ။

ဘယ်အချိန်ကတည်းကများ တစယောက်တည်း ကြိတ်ပြီး





စီစဉ်နေခဲ့ပါလိမ့်။ ပိုင်ဆိုင်မှုတွေအားလုံး မြိန့်နာမည်နဲ့ လွှဲပြောင်း ပေးထားသည်။

"ဒါက ကွာရှင်းစာချုပ်ပဲ မြိန့်၊ တစ်ခြမ်းမှာ ကိုယ့်လက် မှတ်ထိုးပေးထားတယ်"

ဦးမုန်းရယ်။

မြိန့်ထိန်းချုပ်နေသည့်ကြားမှပင် မျက်ရည်ဥကြီးများ ပါးပြင် လေးနှစ်ဘက်ပေါ်သို့ ပေါက်ခနဲ ပြိုဆင်းကျသွားရသည်။

"ကိုယ်က မြိန့်ပျော်ရွှင်နေတာလေးကိုပဲ ထာဝရမြင်နေချင် တဲ့သူပါ မြိန့်၊ အဲ့ဒီအတွက် မြိန့် စိတ်ရှင်းရှင်းနဲ့ပဲ ဓာမဏီဆီကိုသွား ပါ၊ ကိုယ် အပြုံးလေးတွေနဲ့ ကြည်ဖြူလိုက်ပါ့မယ် မြိန့်ရယ်"

"အဟင့် ဟင့်"

"ဟင့် ဟင့်"

မြိန့် ဝမ်းနည်းကြေကွဲစွာပင် အသံလေးထွက်ကာ ရှိုက်ငို ပစ်လိုက်မိသည်။

ဦးမုန်းရယ်။

ရှင်ထင်သလားဟင်။

ရှင်နဲ့အခုလို လမ်းခွဲလိုက်ရင် မြိန့် အရမ်းပျော်ရွှင်နေလိမ့် မယ်လို့ ရှင်ထင်နေသလားရှင်။

မြိန့်ရင်ထဲကို ဝင်ကြည့်ပါဦး ဦးမုန်းရယ်။

မြိန့်နှလုံးသားထဲကို ရှင်ဝင်ကြည့်ပါဦး။

မြိန့်ဘယလောက် ဝမ်းနည်းနာကျဉ်နေရသလဲဆိုတာ ရှင် မသိဘဲနဲ့ အခုလိုစကားလုံးတွေနဲ့ အသေသတ်ဖို့ ကြိုးစားရက်တယ် ဦးမုန်းရယ်။

မြိန် အရင်ကလို စိတ်ကစားနေတဲ့အရွယ် မဟုတ်တော့ပါဘူး။

မြိန့် ရင့်ကျက်နေပါပြီ။

မှားယွင်းတဲ့အသိတရားတွေနဲ့အတူ ပြန်လာတဲ့ မြိန်ကို ရှင် ဘာကြောင့် အခုလိုမောင်းထုတ်ဖို့ ကြိုးစားရတာလဲဟင်။

မြိန်ပြောင်းလဲနေပါပြီ။

ရှင်ရဲ့နက်ရှိုင်းတဲ့ အချစ်တွေကြောင့် မြိန် အမြင်မှန်တွေရနေပါပြီ။

ဒါကို။

ရှင်ဘာကြောင့် မသိနိုင်ရတာလဲရှင်။

"ကိုယ် သွားတော့မယ်မြိန်၊ အန်တီနဲ့ အန်ကယ့်ကိုတော့ ကိုယ် ဖုန်းဆက်ပြီး အသိပေးလိုက်ပါ့မယ်၊ မြိန့်ကို အပြစ်မတင်စေရပါဘူး မြိန်"

ဟင်။

ပြောပြီးတာနှင့် နေရာလေးကနေ ဆတ်ခနဲထကာ





ထွက်သွားသော ဦးမုန်းကို မျက်ရည်တွေနှင့် မြိန် မော့ကြည့်လိုက်မိသည်။

ဦးမုန်း။

ဦးမုန်းရယ်။

မြိန်ခေါင်းလေးက ရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးနေ၏။ မြိန့်နှုတ်ခမ်းလှလှလေးထက်မှာတော့ ကြေကွဲဆို့နင့်သော ငိုရှိုက်သံလေးသဲ့သဲ့သာ ထွက်ပေါ်နေတော့သည်။

✡ ✡ ✡

# အခန်း (၂၃)

မုန်းမာန်တစ်ယောက်တည်း စိတ်ညစ်ညစ်နှင့် အရက်တွေ ဖိသောက်နေမိသည်။

မြိန်။

မြိန်ရယ်။

ကိုယ်မမှားပါဘူးနော်။

မြိန်ကိုပျော်ရွှင်အောင် ထားလိုက်မိတာ ကိုယ်မမှားပါဘူး နော်။

ဒါပေမယ့်

ကိုယ်အရမ်းနောင်တတွေရသလို ခံစားနေရတယ်ကွာ။

သိပ်ချစ်နေပါလျက်နဲ့ စွန့်လွှတ်ခဲ့မိတဲ့အတွက် ကိုယ့်ကို ကိုယ် အပြစ်တွေတင်နေမိတယ် မြိန်။





ကိုယ်အပြစ်က ရယ်စရာကောင်းမနေဘူးလား မြိန်။

တကယ်ဆို။

ကိုယ်အခုလို ခံစားပြမနေသင့်ဘူးလေ။ မြိန် တွေဝေ စေမယ့် အပြုအမူမျိုးတွေ လုပ်မပြသင့်ဘူးမဟုတ်လား မြိန်။

လှပတဲ့အနာဂတ်လေးဆီကို တစ်လှမ်းချင်းတိုးသွားတော့ မယ့် မြိန့်ကို ဝမ်းပန်းတသာနဲ့ ငေးမောကြည့်နေပေးရမှာပေါ့နော်။ ဒါပေမယ့် တကယ်တမ်းလက်တွေ့မှာတော့ ကိုယ်အဲ့ဒီလို မလုပ်နိုင် ခဲ့ဘူးကွာ။

ကိုယ်။

အရမ်းကို ဝမ်းနည်းနာကျင်နေရတယ် မြိန်ရယ်။

ကိုယ်ကို မင်းမချစ်ဘူးဆိုတာသိပါတယ်။

မုန်းတီးနာကျဉ်နေတယ်ဆိုတာလဲ ကိုသိပါတယ် မြိန်။

ဒါပေမယ့်

ကိုယ့်အပေါ်မှာ တူးတူးခါးခါးမုန်းနေတဲ့ ကောင်မလေးကို ဘဲ ကိုယ်ရင်ထဲက နှလုံးသားတွေက စူးစူးနင့်နင့် ချစ်နေကြတယ် လေ။

ကိုယ်

သိပ်ပြီးရူးနှမ်းတာပဲနော်။

သူတစ်ခါမှ မကြားဖူးသော စိမ်းသက်သက်လေသံ

ကြောင့် ခေါင်းလေးကို မနည်းထောင်မတ်ကာ ကြည့်လိုက်တော့ မြိန်နှင့် မတိမ်းမယိမ်းအရွယ် ကောင်လေးတစ်ယောက်ဖြစ်နေ၏

"ကျွန်တော်ကို ကိုမုန်းမာန်မမြင်ဖူးပေမယ့် ကျွန်တော်က တော့ ချိုချိုမြိန်ရဲ့ ခင်ပွန်းအဖြစ် မြင်ဖူးထားပါတယ်"

"မင်း မင်းက"

"စာမဏီပါ ကိုမုန်းမာန်"

ဟာ။

မုန်းမာန် ပါးစပ်အဟောင်းသားကလေး ဖြစ်သွားရသည်။

"ကျွန်တော် ထိုင်မယ်နော်"

ခွင့်တောင်းပြီးတာနှင့် သူ့နဲ့မျက်နှာချင်းဆိုင်ခုံအား ဆွဲကာ စာမဏီက ဖွေခနဲဝင်ထိုင်၏။

မြိန်ချစ်သူ စာမဏီပဲဆိုတဲ့အသိနှင့် မုန်းမာန်ရဲ့ မျက်ဝန်းတွေ ထဲမှာ စိမ်းသက်သွားရသည်။

"ကျွန်တော် ဒီကို ဘာကြောင့်လာသလဲဆိုတာ မမေး တော့ဘူးလား ကိုမုန်းမာန်"

"ကိုယ်နဲ့အတူတူ အဖော်လုပ်ပြီး သောက်ဖို့တော့ မဖြစ်နိုင် ဘူးလေ"

"အဟွန်း"

သူ့အပြောကြောင့် စာမဏီ သဘောကျစွာပြုံး၏။





"ကိုမုန်းမာန်"

"ပြော"

"ချိုချိုမြိန်နဲ့ကွာရှင်းလိုက်တယ်ဆို"

"အင်း"

"အကြောင်းပြချက်ကဘာလဲ ကိုမုန်းမာန်"

"ဘာရယ်"

"ချိုချိုမြိန်ကို စွန့်လွှတ်ချင်ရတဲ့ အကြောင်းအရင်းကို သိချင် လို့ ဒီအထိရောက်အောင် လာပြီးမေးတာပါ ကိုမုန်းမာန်"

စာမဏီအမေးကြောင့် မုန်းမာန်ရဲ့မျက်ဝန်းအကြည့်တွေက ဆတ်ခနဲရောက်သွားသည်။

"ဘာကြောင့် ဒီမေးခွန်းကို တကူးတကလိုက်လာပြီး မေးနေရတာလဲ စာမဏီ"

"သိချင်လို့ပါ ကိုမုန်းမာန်၊ မြိန့်ကို စိတ်ကုန်လို့ စွန့်ပစ် လိုက်တာလား၊ မချစ်နိုင်လို့ ထားခဲ့လိုက်တာလား၊ ဒါမှမဟုတ် သံသယစိတ်နဲ့ ကျော့ခိုင်းဖို့ ဆုံးဖြတ်ခဲ့တာလားဆိုတာ သိချင်လို့ပါ၊ ကိုမုန်းမာန်"

"ဘာရယ်"

"ကျွန်တော်မေးတာ နားရှုတ်သွားသလား ကိုမုန်းမာန်၊ မြိန့်ကိုမချစ်နိုင်တော့လို့ဆိုရင်တော့ ကျွန်တော်နဲ့ ကိုမုန်းမာန် ဆက်ပြီး

ပြောစရာ စကားမရှိတော့ပါဘူး၊ ဒါပေမယ့် အထင်အမြင်လွဲမှားမှု တစ်ခုကြောင့် အခုလို ဆုံးဖြတ်လိုက်တာဆိုရင်တော့ ဦးမုန်းမာန် စိတ်ထဲမှာရှိနေတဲ့ သံသယစိတ်ကို ကျွန်တော် ဖြေဖျောက်ပေးရလိမ့်မယ် ကိုမုန်းမာန်''

''မင်း မင်း ဘာကိုဆိုလိုချင်တာလဲ ဇာမဏီ၊ မင်း ဘာပြောချင်နေတာလဲ၊ မင်းပြောတာကို ကိုနားမလည်ဘူး''

မုန်းမာန်။

တကယ်ပဲ နားမလည်တာပါ။

ဇာမဏီ ဘာတွေလာပြောနေတာလဲ။ အထင်လွဲမှားမှု တစ်ခုခုကြောင့်ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်က ဘာတွေများလဲ။

''ကိုမုန်းမာန် ချိုချိုမြိန့်ကို ချစ်နေတယ်မဟုတ်လားဟင်''

''အပွန်း ချစ်တာပေါ့ ဇာမဏီ၊ မြိန့်ကို သိပ်ချစ်တာပေါ့ သိပ်ချစ်လွန်းလို့ ကိုယ်သိပ်ချစ်ရတဲ့ မိန်းခလေးကို နာကျင်တဲ့ ခံစားချက်တွေ ထပ်မပေးချင်တော့တာပေါ့ ဇာမဏီ၊ ကိုယ့်ကြောင့် သူထပ်ပြီး ဝမ်းမနည်းစေချင်တော့လို့ ရင်နာနာနဲ့ စွန့်လွှတ်ပေးခဲ့တာ ပေါ့ကွာ''

''ဒါဆို ကိုမုန်းမာန်ရဲ့ လုပ်ရပ်က သိပ်ပြီးမှားသွားပြီပေါ့ ဗျာ''

''ဘယ်လို''





ဇာမဏီစကားကြောင့် မုန်းမာန် အမူးပင်ပြေချင်သွားရ၏။ ရူးရှုသော မျက်ဝန်းတွေထဲမှာ အံ့ဩမှုတို့ စီးဝင်လာရသည်။

''ဟုတ်တယ် ကိုမုန်းမာန် ခင်ဗျားရဲ့ဆုံးဖြတ်ချက် အရမ်း မှားနေပြီ''

''ဒါ ဒါက''

''မြိန့်က ကိုမုန်းမာန်အနားမှာနေရတာ သူ့အရမ်းကို ဝမ်းနည်းနာကျင်နေရပါတယ်လို့ပြောလို့လား ကိုမုန်းမာန်''

ဟာ။

မုန်းမာန်ရင်တစ်ခုလုံး လှိုက်ခနဲ ဟာတက်သွားရသည်။

''တကယ်တမ်း မြိန့်ရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတဲ့ အမှန်တရားကို သေသေချာချာ ဆန်းစစ်ဖူးလို့လား''

''ကိုယ်''

''မြိန့်ပြောင်းလဲနေတာကို ကိုမုန်းမာန် သတိမထားမိတာ မယုံကြည်နိုင်စရာပဲဗျာ''

''ဇာမဏီ မြိန့် မြိန့်က''

''ကိုမုန်းမာန်ကိုချစ်နေတာ''

''ဟာကွာ''

''အရင်အချိန်တုန်းကတော့ မြိန့် ကျွန်တော့်ကို ချစ်ကောင်း ချစ်ပါလိမ့်မယ်၊ ဒါကလည်း ကိုမုန်းမာန်က ငွေကြေးတွေနဲ့ သူ့ကို

အပိုင်ဝယ်ယူသိမ်းပိုက်ခဲ့တာဆိုတဲ့ သံသယစိတ်နဲ့ သူပိုပြီး ဝမ်းနည်းနာကျည်းနေခဲ့လို့လေ၊ ဒါပေမယ့် မြနှံက ကိုမုန်းမာန်ထင်ထားသလို စိတ်ခံစားမှုနောက်ကို အလွယ်တကူနဲ့ လိုက်ပါတတ်တဲ့ ခပ်ညံ့ညံ့မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါဘူး ကိုမုန်းမာန်၊ မြနှံဟာ ကိုမုန်းမာန် မထင်ထားလောက်အောင် သိက္ခာတရားနဲ့ မာနထိုးခေါင်းမှာရွက်ထားတဲ့ မိန်းကလေးပါ၊ ကျွန်တော်နဲ့သူကြားမှာ အရင်က ဘာတွေပဲပတ်သတ်ခဲ့ပါစေ အခုချိန်မှာ အရင်းနှီးဆုံးသူငယ်ချင်း မိတ်ဆွေတွေအဖြစ်ပဲ ထားကြရအောင်လို့ ကမ်းလှမ်းခဲ့ပြီး၊ သူနဲ့ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးမယ့်လမ်းကိုပဲ သစ္စာရှိရှိနဲ့ ရွေးချယ်လျှောက်လှမ်းခဲ့တဲ့ ဇနီးကောင်းတစ်ယောက်ပါ"

"ဒါ ဒါဆို Love ကော်ဖီဆိုင်မှာ မင်းတို့နှစ်ယောက် အတူတူရှိ နေတာက"

"အဲ့ဒါက မထင်မှတ်ဘဲ တိုက်ဆိုင်သွားတာပါ ကိုမုန်းမာန်၊ ဒါပေမယ့် သိပ်မကြာခင်မှာပဲ ကိုမုန်းမာန်ရဲ့ သဘောထားကြီးမှုနဲ့ နက်နဲတဲ့ ချစ်ခြင်းမေတ္တာတွေကြောင့် သူ့စိတ်တွေ ပြောင်းလဲသွားပြီ ဆိုတဲ့အကြောင်း ကျွန်တော့်ကို ဝန်ခံပြီး ဖုန်းဆက်ပေါင်းပန်သွားတယ် ကိုမုန်းမာန်"

ဟာ။

မြနှံ။





မြနှံရယ်။

ဒါဆို။

မြနှံအပေါ်ကို ကိုယ်အထင်အမြင်တွေ လွဲမှားသွားပြီပေါ့နော်။

ကိုယ်အရမ်းမှားပြီပေါ့ မြနှံရယ်။

"တကယ်ပါ ကိုမုန်းမာန်၊ အခုအချိန်မှာ မြနှံနဲ့ကျွန်တော်ဟာ သူငယ်ချင်းတွေပါပဲ"

"ကိုယ် ကိုယ် မှားသွားပြီ ဇာမဏီ၊ ကိုယ် အရမ်းမှားသွားပြီ၊ မြနှံကို ကွာရှင်းမိသွားပြီ၊ ဟာကွာ ကိုယ် ကိုယ် မြနှံအချစ်တွေကို အလေးအနက်မထားဘဲ စော်ကားခဲ့မိပြီကွာ"

မုန်းမာန်

ဆောက်တည်ရာမရစွာပင် ရေရွတ်နေမိသည်။

မြနှံကို ထင်ထားတာက သူ့ကို ဘယ်သောအခါမှ ချစ်လာတော့မှာမဟုတ်ဘူးလို့လေ။ မြနှံ သူ့ကို လိုက်လိုက်လျောလျောနဲ့ ဆက်ဆံနေတာတွေအားလုံးက ဇာမဏီဆီကို သွားချင်လို့ဟု ထင်ခဲ့မိသည်။

"ပြန်သွားလိုက်ပါ ကိုမုန်းမာန်၊ မြနှံဆီကို ပြန်သွားလိုက်ပါ၊ အခုချိန်မှာ မြနှံ အမျှော်လင့်ဆုံးဆန္ဒဟာ ကိုမုန်းမာန် သံသယ ကင်းကင်းနဲ့ ပြန်လာဖို့ပဲဖြစ်ပါလိမ့်မယ်"

"စာမဏိ"

"ကျေးဇူးတင်ပါတယ်လို့ ပြောမလို့လား ကိုမုန်းမာန်၊ ရပါ တယ်ဗျာ၊ အဲ့ဒီစကားမပြောလဲ ရပါတယ်၊ အရေးကြီးတာက ကျွန် တော်သူငယ်ချင်းမလေး ချိုချိုမြိန်တစ်ယောက် တစ်ခုလစ် တစ်လင်ကွာမလေးဆိုတဲ့ နာမည်ဆိုးကြီးနဲ့ လူပုံအလယ်မှာ ထင်မကျန်ရဘူး ဆိုရင်ပဲ အခုလို တကူတကလိုက်လာပြီး ရှင်းပြရတာကိုပဲ ဝမ်းသာ နေမိပါပြီ ကိုမုန်းမာန်ရယ်"

စာမဏိရယ်။

ကိုယ်နားလည်လိုက်ပါပြီကွာ။

အဲ့ဒီအတွက်လည်း။

ကိုယ် အနိုင်မာဆုံး ကတိကိုပေးပါ့မယ်။

မြိန်ကို။

နောက်တစ်ခါ

ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ စွန့်လွှတ်ထားခဲ့ဖို့ မကြံ စားတော့ပါဘူးလို့ ကတိပေးခဲ့ပါတယ်ကွာ။

✡ ✡ ✡



# အခန်း (၂၄)

"မြိန်"

"ဟင် ရှင် ရှင် ဒီကို ဘာကိစ္စနဲ့ လိုက်လာရတာလဲ ကိုမုန်းမာန်၊ အောက်ထပ်မှာ အမေနဲ့အဖေတို့ရှိနေတယ်၊ ရှင်ဘာ ကြောင့် ကျွန်မအခန်းထဲအထိ ဝင်လာရတာလဲ"

ရုတ်တရက်

ဝမ်းနည်းကြေကွဲစိတ်နှင့် အိပ်ယာလေးထဲ ဘုန်းဘုန်းလဲနေ ရသော မြိန်တစ်ယောက် သူမရဲ့ အခန်းလေးထဲဝင်လာတဲ့ ဦးမုန်း မာန်ကြောင့် အလန့်တကြားလေးဖြစ်ကာ လှဲလျောင်းနေရာမှ ဆတ် ခနဲ ထထိုင်မိသွားရသည်။

"မြိန်"

သူက မြိန်မျက်လုံးလေးတွေပြူးကာ စိုးရိမ်ထိတ်လန့်နေ

သလောက် အပြုံးနုနုလေးတွေနှင့် ခပ်အေးအေးပင်ရှိနေရသည်။

"ဦးမုန်းမာန်"

"ပြောလေ မြိန့်"

"ရှင်ကျွန်မအတွက် လွှဲပေးထားတဲ့ ပိုင်ဆိုင်မှုတွေအားလုံး ရှင့်နာမည်နဲ့ ပြန်လွှဲဖို့ ရှေ့နေဆီကိုအပ်လိုက်ပြီ"

"မဟုတ်လား"

"ဟုတ်တယ် ဦးမုန်းမာန်၊ ကိုယ့်ကို မချစ်လို့စွန့်ပစ်လိုက်တဲ့ ယောကျ်ားတစ်ယောက်ဆီက လျော်ကြေးအဖြစ် ပေးအပ်လာမယ့် ဘယ်လိုအရာမျိုးကိုမှ ကျွန်မမလိုချင်လို့ပါ၊ ရှင် နစ်နာကြေးပေးစရာ မလိုပါဘူး ဦးမုန်းမာန်"

"ကိုယ့်အဲ့ဒါတွေလွှဲပြောင်းပေးခဲ့တာ နစ်နာကြေးတွေ လျော်ကြေးတွေမှမဟုတ်တာဘဲ မြိန့်"

"ဘာရှင့်"

"ချစ်သက်လက်ဆောင်ပေးချင်လို့ မြိန့်နာမည်နဲ့ လွှဲထားတာ"

ဟင်။

ချစ်သက်လက်ဆောင်တဲ့။

သူ

ဘာတွေလာပြောနေတာလဲ။





မြိန့်နဲ့သူ့ကြားမှာ အခုလိုစကားမျိုးတွေပြောရအောင် ရင်းနှီးနွေးထွေးနေကြသေးလို့လား။

တစ်ဘက်သက်ဆုံးဖြတ်ချက်တွေနှင့် ကွာရှင်းစာချုပ်တွင် တိတိကျကျ လက်မှတ်ထိုးသွားခဲ့သော သူက အခုတော့ သူမဟုတ် သလိုပင်။

"ဘာချစ်သက်လက်ဆောင်လဲ ဦးမုန်းမာန် ရှင်နဲ့ကျွန်မ ကြားမှာ ဘာပတ်သက်မှုမှမရှိတော့တာ၊ ကျွန်မတို့ ကွာရှင်းပြီးပြီ လေ ဦးမုန်းမာန်၊ ဒါကို ရှင် အတိတ်မမေ့လောက်သေးပါဘူးနော်"

"မမေ့ပါဘူး ကိုယ်တို့ကွာရှင်းထားပြီးသားဆိုတာ ကိုယ် သိသားပဲ"

သိသားပဲတဲ့။

ဒါနဲ့များတောင် အဖေနဲ့အမေတို့ရှေ့မှာ ဘယ်လိုမျက်နှာ မျိုးနှင့် မြိန့်အခန်းလေးဆီ သူဝင်လာခဲ့ပါလိမ့်။ မြိန့်နဲ့သူ ဘာမှ မသတ်ဆိုင်တော့တဲ့ သူစိမ်းသက်သက်ဖြစ်နေကြပြီလေ။

"မြိန့်"

"ပြော"

"ကွာရှင်းစာချုပ်မှာ မြိန့်ရော လက်မှတ်ထိုးပြီးပြီလား"

"ရှင်"

"နှစ်စောင်စလုံးမှာ လက်မှတ်ထိုးပြီးပြီဆိုရင် ကိုယ့်ကို

တစ်စောင်တော့ပြန်ပေးဦးမှပေါ့ မြိန်"

အို။

မြိန် လက်မှတ်ထိုးပြီးပြီလားတဲ့။

ဟင့်အင်း။

မြိန်လက်မှတ်မထုးရသေးဘူး။

ဦးမုန်းဘက်က ပြတ်သားနေခဲ့ပေမယ့် မြိန်ဘက်ကမှ မပြတ် သားနိုင်သေးတာ။ အဓိက မြိန်အပေါ် သံသယစိတ်တွေနဲ့ အခုလို ဆုံးဖြတ်ချက်ချသွားတဲ့အတွက်လည်း မြိန် ပို၍ပင် ခံစားနေရသည်။

"မြိန် မထိုးရသေးဘူးမဟုတ်လား"

သူမေးနေချေပြီ။

မြိန်မဖြေနိုင်တဲ့ မေးခွန်းကို သူကမေးနေချေပြီ။

"မြိန်"

"ဟုတ်တယ် ဦးမုန်း၊ မြိန် လက်မှတ်မထိုးရသေးဘူး ဒါပေမယ့် ဦးမုန်းလိုချင်နေပြီဆိုရင်တော့ အခုတစ်ခါတည်း မြိန် လက်မှတ်ထိုးပေးလိုက်ပါ့မယ်၊ ခဏလေးစောင့်ပါ ဦးမုန်း"

မြိန်တစ်ယောက် အိပ်ယာလေးထက်မှထလိုက်မိ၏။ သူမရဲ့ မှန်တင်ခုံလေးဆီ လျှောက်သွားလိုက်ကာ အံဆွဲလေးကို ဆွဲဖွင့်လိုက် သည်။





နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲသော စာချုပ်လေး နှစ်စောင်က ပွင့်ကျလာသော အံဆွဲလေးအတွင်းမှာ တွေ့လိုက်ရ သည်။

မြိန်ရင်လေး တဆစ်ဆစ်နာကျင်လာရ၏။

စာချုပ်ကလေးကို စိုက်ကြည့်နေမိသော မြိန့်မျက်ဝန်းလေး တွေထဲမှာ မျက်ရည်ကြည်လေးများ ဝေ့ဝဲကာ အမြင်အာရုဏ်ပင် ဝေဝါးသွားရသည်။

မြိန်

လက်မှတ်ထိုးပေးရတော့မည်။

ဦးမုန်းရဲ့တောင်းဆိုချက်ကို မြိန် ဖြည့်ဆွမ်းပေးရတော့မည်။ မြိန်သာ လက်မှတ်ထိုးပြီးပါက အရာအားလုံး ပြီးဆုံးသွားပြီလေ။ ဆန်းကြယ်သော အိပ်မက်တစ်ခုကို မက်လိုက်ရသလို လက်ထပ်ခဲ့ ရသော သူမ အခုလည်း အိပ်မက်တစ်ခုလိုပင် ပြန်ပြီးပျောက်ကွယ် သွားအောင် ကွာရှင်းပေးရတော့မည်။

ဒါ

ကံတရားရဲ့စေစားရာပဲလား။

"မြိန် ဘာလဲ စာချုပ်ရှာမတွေ့လို့လား"

ဦးမုန်းရဲ့မေးသံက မြိန့်နားထဲ ခါးသီးစိမ်းသက်စွာ တိုးဝင် လာခဲ့သည်။

ဦးမုန်းရယ်။

ရှင်တကယ်ပဲ မြိန့်ကို မချစ်နိုင်တော့ဘူးတဲ့လားရှင်။

တစ်ချိန်က

ရှင့်အပေါ်ဆိုးခဲ့မိတဲ့ မြိန့်လုပ်ရပ်တွေကို တကယ်ပဲ ခွင့်မလွှတ်နိုင်တော့ဘူးလား ဦးမုန်းမာန်ရယ်။

"ဘောပဲန်ရှာမတွေ့ဖို့လား မြိန်"

ကြည့်စမ်း။

သူအဲ့ဒီလောက်တောင်ပဲ အလောကြီးနေရသတဲ့လား။

မြိန်တစ်ယောက်

ဦးမုန်းမာန်ရဲ့ စိမ်းကားအေးစက်နေမှုကြောင့် ရင်တစ်ခုလုံးလှိုက်ခါအောင်ပင် ဝမ်းနည်းကြေကွဲနေရသည်။

သို့သော်

မြိန်စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားမိသည်။ မျက်နက်ဝန်းလေးတစ်စုံမှ မျက်ရည်လေးများ စီးမကျလာအောင် စိတ်တင်းထားမိ၏။ နှုတ်ခမ်းလွှာထက်မှ ငိုရှိုက်သံလေးထွက်မလာအောင် အံလေးကိုတင်းနေအောင် စေ့ကြိတ်ထားလိုက်သည်။

မြိန်

ဆုံးဖြတ်လိုက်ပါပြီ။

သူ့ကိုကွာရှင်းပေးဖို့ မြိန် ဆုံးဖြတ်လိုက်ပါပြီ။





ဒါမှ

သူကျေနပ်သွားမှာမဟုတ်လား။ သူပျော်ရွှင်မည်ဆိုလျှင် မြိန်ရင်တွေ ဘယ်လောက်နာကျင်နေနေ ကျေနပ်ကြည်ဖြူစွာ လုပ်ပေးရမည်။

"တွေ့ပါတယ် ဦးမုန်း၊ အားလုံးအဆင်သင့်ရှိပါတယ်"

မြိန်စာချုပ်လေးနှစ်ခုကို ထုတ်ယူကာ သူ့ဆီလှမ်းကာသွားလိုက်သည်။

"မြန်မြန်လုပ်ကွာ ကြာလိုက်တာ"

အို။

အလောတကြီးတိုက်တွန်းနေတဲ့ ဦးမုန်းဆီ အံ့သြမယုံကြည်နိုင်စွာ မော့ကြည့်လိုက်မိသည်။

ပြီးနောက်

တုန်ယင်ချင်နေသောလက်ကို မနည်းကြီးထိန်းလျက် ကွာရှင်းစာချုပ်လေးနှစ်စောင်တွင် မြိန် လက်မှတ်လေးထိုးပေးလိုက်မိ၏။

"ပြစမ်း မြိန်၊ မှန်ရောမှန်ရဲ့လားလို့ ကိုယ်ကြည့်ဦးမယ်"

သူက မြိန်လက်ထဲမှ ကွာရှင်းစာချုပ်နှစ်ခုစလုံးကိုယူကာ သေသေချာချာကြည့်နေ၏။

"အင်း မှန်တယ်၊ မှန်တယ် အားလုံးပြည့်စုံတယ်"

"ဗျို ဗျို"

“အို ဦးမုန်း၊ ဒါ ဒါ ဘာလုပ်တာလဲ၊ စာချုပ်တွေကို ဘာဖြစ်လို့ ဆွဲဖြဲပစ်လိုက်တာလဲ”

“အသုံးမကျတဲ့ အတိတ်ကအရိပ်တွေအားလုံး အဆုံးသတ် ပစ်လိုက်တာလေ၊ သွားစမ်းကွာ သံသယစုတ်တွေ အထင်အမြင် လွဲမှားမိတဲ့ အစုတ်ပလုပ်တွေ သွားစမ်း”

အို။

ကွာရှင်းစာချုပ် စာရွက်လေးတွေက ဒေါသတကြီး ဆွဲဆုတ်နေသော ဦးမုန်းက လက်ထဲတွင် အပိုင်းပိုင်းအစစဖြစ်ကာ လုံးထွေးပြီး အခန်းနံရံဒေါင့် အောက်ခြေလေးဆီ လွှင့်ပစ်လိုက်၏။

မြိန့်

ဦးမုန်းရဲ့လုပ်ရပ်တွေကို အခုချိန်ထိ နားမလည်နိုင်သေးဘဲ မျက်ဝန်းလေးအဝိုင်းသားနှင့် ငေးကြောင့်ကာကြည့်နေမိ၏။ ဦးမုန်းကလည်း မြိန့်မျက်နှာလေးဆီ ငုံ့မိုးကာ ပြန်လည်နေသည်။

“မြိန့်”

“ရှင် ဦးမုန်း”

နူးညံ့ညင်သာသော ခေါ်သံလေးနှင့်အတူ ဦးမုန်းရဲ့မျက်ဝန်းလေးတွေက အချစ်ရည်များနှင့် ရွှင်းလက်တောက်ပနေခဲ့သည်။

“မြိန့်ကို ကိုယ်ချစ်တယ်”

“ရှင်”

“မြိန့်ကို လက်ထပ်ပါရစေမြိန့်၊ ငွေကြေးတွေနဲ့ အပိုင်သိမ်း





ပိုက်ခြင်းမရှိတဲ့ ချစ်ခြင်းမေတ္တာသက်သက်နဲ့ မြိန့်ကို လက်ထပ်ပါရစေ၊ ကိုယ်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကို အတိတ်က အရိပ်တွေ အားလုံးဖယ်ရှားပြီး၊ အသစ်စက်စက် ပြန်စရအောင် မြိန့်”

“ရှင်”

“ကိုယ့်ကို ဓာမဏီရှင်းပြလို့ အားလုံးသိပြီးပြီးပါပြီ”

“ဓာမဏီက ဟုတ်လားဦးမုန်း”

“ဟုတ်တယ် မြိန့်၊ ဓာမဏီက မြိန့်ချစ်တာ သူမဟုတ်ဘူး သူ့ခင်ပွန်း ကိုမုန်းမာန်ကိုပါတဲ့ မြိန့်”

“အို”

မြိန့်မျက်နှာလေး ရှက်သွေးဖြာကာ ရဲတက်သွားရသည်။ မြိန့်မျက်ဝန်းအကြည့်လေးတွေကို လွှဲထားလိုက်မိ၏။

“မြိန့်”

“ရှင်”

“ဓာမဏီစကားကို ကိုယ်ယုံကြည်ရမှာလားဟင်၊ အထင်မှားမှုတွေနဲ့ ကိုယ်လျှောက်လုပ်ခဲ့မိအတွက်လည်း အဖေနဲ့အမေကို ရှင်းပြပြီး ကိုယ်တောင်းပန်ခဲ့ပါတယ်မြိန့်၊ အဖေနဲ့အမေ မြိန့်ကိုယ့်ကို စောင့်မျှော်နေတယ်တဲ့၊ အဲဒါ တကယ့်အမှန်တရားပဲမဟုတ်လား မြိန့်”

“အို မသိဘူး၊ သွား သွား မြိန့်ကို ဘာတွေလျှောက်မေးနေတာလဲ”

မြိန်

ကိုယ့်အားနည်းချက်ကို အထုတ်ဖော်ခံလိုက်ရသဖြင့် စိတ်တွေ တအားလှုပ်ရှားကာ ရင်ခုန်သံလေးတွေ တထိတ်ထိတ် မြည်နေရသည်။ ခေါင်းလေးကို ဖွတ်အတင်း ငုံ့လျှိုးထားသော်လည်း ကျေနပ်သောအပြုံးရိပ်လေးကတော့ မြိန့်နှုတ်ခမ်းဖူးဖူးလေးထက်မှာ ပွင့်ဖူးလျက်ရှိ၏။

“မြိန်”

“ရှင်”

“ကိုယ် မြိန့်ကိုသိပချစ်တယ်၊ ကိုယ့်အသက်ထက်တောင် ပိုပြီးတော့ချစ်တယ် မြိန့်၊ မြိန့်ကိုစတွေ့လိုက်ရတဲ့ အချိန်ကတည်းက ကိုယ့်ရဲ့ရင်ခုန်သံတွေ ထိန်းချုပ်မရအောင် ဖြစ်ခဲ့ရတာပါ၊ ချစ်သူရည်းစားရှိနေတဲ့ ကောင်မလေးကိုမှ ကိုယ်က တဘက်သတ်ချစ်ခဲ့မိတာလေ၊ အဲ့ဒီအတွက် ကိုယ်တစ်ယောက်တည်း တိတ်တဆိတ်နဲ့ ကြေကွဲဝမ်းနည်းနေခဲ့ရတဲ့နေ့ရက်တွေ နာရီတွေဆိုတာ ရေတွက်လို့မရအောင် အများကြီးရှိနေခဲ့ရတယ် မြိန့်ရယ်”

“ဦးမုန်းရယ်”

“နောက်ဆုံးတော့ ကိုယ်ဆုံးဖြတ်လိုက်တယ်၊ ကိုယ်ကို ဘယ်တော့များမှ မြိန့် ပြန်ချစ်လာမလဲဆိုတာ မသိနိုင်မှန်းသိသိကြီးနဲ့ ရေပေါ်မှာ အရုပ်ရေးခြယ်သူတစ်ယောက်လို ကိုယ်ဘယ်လောက် ရေးဆွဲနေနေ အရာမထင်နိုင်ဘူးဆိုတာ သိသိကြီးနဲ့ ဖွဲ့ကောင်းကောင်း





နဲ့ ဆက်ဆွဲဖို့ ကိုယ်ကြိုးစားလိုက်တယ်မြိန့်၊ အဲ့ဒါ ကိုယ်ကပဲသိပ်ပြီး အစွဲအလမ်းကြီးတာလား၊ ရူးသွပ်နေတာလားဆိုတာတော့ ကိုယ်တကယ်မသိတော့ပါဘူးကွာ”

“ဦးမုန်းရယ်”

မြိန့်တစ်ယောက် ရင်ထဲက ခံစားချက်လေးများကို ရိုးသားစွာ ဖွင့်ပြနေသော ဦးမုန်းကိုကြည့်ကာ သနားကရုဏာပင် သက်နေမိသည်။

မြိန်နားလည်လိုက်ပါပြီ ဦးမုန်းရယ်။

ဦးမုန်းဆီက အပြည့်အဝပေးဆပ်လာတဲ့ ချစ်ခြင်းမေတ္တာတွေရဲ့ တန်ဖိုးကို အခုတော့ မြိန်သိလိုက်ပါပြီရှင်။

“မြိန်”

“ရှင်”

“မြိန်ကို အဲဒီလိုချစ်မိတာ ကိုယ်မမှားပါဘူးနော်၊ ကိုယ်တရားပါတယ်နော် မြိန်”

“ဦးမုန်းရယ်”

မြိန်ဘာစကားမှ ပြန်မဖြေဘဲ ဦးမုန်းရင်ခွင်ကျယ်ကြီးထဲတိုးဝင်ကာ ဦးမုန်းရဲ့ ခါးလေးကို သိုင်းဖက်ထားလိုက်မိသည်။

ဦးမုန်းရယ်။

ဦးမုန်းက ရေရုပ်ရေးခြယ်သူတစ်ယောက်လို ချစ်ခဲ့တာလို့ ပြောတယ်နော်။ ဒါပေမယ့် ဦးမုန်းရေးခြယ်ခဲ့တာ မြိန့်ရဲ့ နှလုံးသား

ရေပြင်ထက်မှာ ရေးခြယ်ခဲ့တာပါ။ အရာထင်နိုင်မယ် မထင်နိုင်မယ် ဆိုတာ မြို့မသိပေမယ့် ငြိမ်သက်တိတ်ဆိတ်နေတဲ့ ရေပြင်ထက်မှာတော့ ရေးဆွဲသူရဲ့ ဖွဲ့လုံ့လကြောင့် ပကတိသက်ငြိမ်ခြင်းမရှိတာ အမှန်ပါပဲ ဦးမှန်းရယ်။

မြို့ရင်ထဲကနေ ရှင့်ကို အသိအမှတ်မပြုဘဲ နေလို့မရအောင်ဘဲ ရှင့်အချစ်တွေက အနိုင်အမာတိုးဝင်နေပါပြီ ဦးမှန်းရယ်။ အဲ့ဒါကို မြို့ ဝန်ခံပါတယ်ရှင်။

မြို့

ရှင့်ကိုချစ်နေမိပါပြီ။

ရင်ခုန်သံမရပ်သရွေ့၊ ဆက်မြဲချစ်တတ်နေမယ့်၊

ရှင်မြတ်နိုး